# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## နှစ်ပတ်လည်အစီရင်ခံစာ
## ၂၀၂၅ ခုနှစ်

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ

# နှစ်ပတ်လည်အစီရင်ခံစာ

## ၂၀၂၅ ခုနှစ်

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**၂၀၂၅ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာ**

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| | ▪ ကော်မရှင် ဖွဲ့စည်းမှု | ၁ |
| | ▪ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တာဝန်ခွဲဝေဆောင်ရွက်မှု | ၁ |
| | ▪ ကော်မရှင်ရုံး ဖွဲ့စည်းမှု | ၃ |
| | ▪ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများ | ၃ |
| ၂။ | **လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ လုပ်ငန်းတာဝန်များ | ၄ |
| | ▪ လူ့အခွင့်အရေးအသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောပွဲများ | ၄ |
| | ➢ ဇယား (၁) လူ့အခွင့်အရေးအသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောမှု | ၇ |
| | ▪ လူ့အခွင့်အရေး ဘာသာရပ်ဆိုင်ရာ သင်ခန်းစာပို့ချခြင်း | ၈ |
| | ➢ ဇယား (၂) ကာကွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများ၌ သင်ခန်းစာ ပို့ချမှုများ | ၁၁ |
| | ➢ ဇယား (၃) ပြည်ထဲရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများ၌ သင်ခန်းစာ ပို့ချမှုများ | ၁၇ |
| | ➢ ဇယား (၄) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာ ပို့ချမှုများ | ၂၀ |
| | ➢ ဇယား (၅) အခြားဝန်ကြီးဌာနများမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာ ပို့ချမှု | ၂၂ |
| | ➢ ဇယား (၆) ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွင့်လှစ်သော သင်တန်းများ၌ သင်ခန်းစာ ပို့ချမှုများ | ၂၄ |
| | ▪ ကော်မရှင်ရုံး ဌာနတွင်း လူ့အခွင့်အရေး အသိပညာပေးသင်တန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း | ၂၅ |
| | ➢ ဇယား (၇) ကော်မရှင်ရုံး ဌာနတွင်း လူ့အခွင့်အရေး အသိပညာပေး သင်တန်းဖွင့်လှစ်ဆောင်ရွက်မှု | ၂၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


- ပြည်ထောင်စုအဆင့် အစည်းအဝေး ဆွေးနွေးပွဲများနှင့် အခမ်းအနားများ တက်ရောက်ခြင်း ၂၆
- အဖွဲ့အစည်း/ အသင်းအဖွဲ့များနှင့် တွေ့ဆုံခြင်း ၂၇
- ကော်မရှင်၏ ထုတ်ပြန်ချက်များ ၂၉
- ကော်မရှင် ဆောင်ရွက်ချက်သတင်းများ ၃၁
- ပုံနှိပ်ထုတ်ဝေဖြန့်ချီခြင်း ၃၂
- ဘာသာရပ် ဆန်းစစ်ခြင်းနှင့် အသစ်ရေးဆွဲဆောင်ရွက်ခြင်း ၃၂
- ကော်မရှင်စာကြည့်တိုက် ၃၃
- လူ့အခွင့်အရေးဆိုင်ရာ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပခြင်း ၃၄
  - ဇယား (၈) ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နေ့ အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲ ဆုရရှိသူများစာရင်း ၃၄
  - ဇယား (၉) (၇၇) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများစာရင်း ၃၄
- မှတ်တမ်းဓာတ်ပုံများ ၃၆

၃။ **လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ**

- လုပ်ငန်းတာဝန်များ ၅၀
- တိုင်တန်းချက်များအပေါ် စိစစ်မှု အခြေအနေ ၅၀
- ရုံးခွဲများတွင် တိုင်တန်းချက်လက်ခံရရှိမှု ၅၁
- တိုင်းဒေသကြီး/ ပြည်နယ်နှင့် ပြည်ပမှ တိုင်တန်းချက်များ လက်ခံရရှိမှု ၅၁
- အမှုအမျိုးအစားအလိုက် လက်ခံရရှိမှု ၅၂
- သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပြန်ကြားစာ ရရှိမှု ၅၃
- သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးမှုများ ၅၅
- ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း ၆၂
- တိုင်ကြားသူတို့၏ တုံ့ပြန်မှုများ ၆၂

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများ ကြည့်ရှုစစ်ဆေးခြင်း ၆၃
  - ➢ အကျဉ်းထောင်၊ အချုပ်ထောင်နှင့် အကျဉ်းစခန်းများ ကြည့်ရှုစစ်ဆေးခြင်း ၆၃
  - ➢ အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းနှင့် စပ်လျဉ်းသည့် အကြံပြုချက်များ ၆၅
  - ➢ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းများနှင့် စပ်လျဉ်း၍ အကြံပြုချက်များ ၆၈
- ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများအား ကြည့်ရှုစစ်ဆေးခြင်း ၆၉
- လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အစည်းအဝေးများ တက်ရောက်ခြင်း ၇၄
- ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း ၇၅
- လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အချက်အလက်များ ပြုစုပေးပို့ခြင်း ၇၈
- မှတ်တမ်းဓာတ်ပုံများ ၇၉

၄။ **ဥပဒေရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ**

- လုပ်ငန်းတာဝန်များ ၈၇
- အကြံပြုချက်နှင့် သဘောထားမှတ်ချက်များ ပေးပို့ခြင်း ၈၇
- လူ့အခွင့်အရေးနှင့် ဥပဒေရေးရာ အစည်းအဝေးများ၊ အခမ်းအနားများ တက်ရောက်ခြင်း ၈၈
- စာတမ်းများ ပြုစုဆောင်ရွက်ခြင်း ၈၉
- လူ့အခွင့်အရေး သဘောတူစာချုပ်များကို ဘာသာပြန်ဆိုခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်း ၈၉
- အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက် ၉၀
- ဥပဒေဆိုင်ရာ ဟောပြောဆွေးနွေးပွဲ ၉၁
- ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက် ၉၁
- မှတ်တမ်းဓာတ်ပုံများ ၉၂

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | **နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ လုပ်ငန်းတာဝန်များ | ၉၅ |
| | ▪ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် - Southeast Asia National Human Rights Institutions Forum (SEANF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၉၅ |
| | ▪ သဘောထားမှတ်ချက်နှင့် အကြံပြုချက်များ ပေးပို့ခြင်း | ၉၈ |
| | ▪ SEANF ၏ Rule of Procedures (RoP) ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသည့် High Level Meeting တက်ရောက်ခြင်း | ၉၉ |
| | ▪ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် - Asia Pacific Forum of National Human Rights Institutions (APF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၉၉ |
| | ▪ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးတွဲသုတေသနစာတမ်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း | ၉၉ |
| | ▪ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၁၀၀ |
| | ▪ သဘောထားမှတ်ချက်ပေးပို့ခြင်း | ၁၀၁ |
| | ▪ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ပေးပို့လာသော မေးခွန်းများဖြေကြားခြင်း | ၁၀၂ |
| | ▪ အချက်အလက်များ ပေးပို့ခြင်း | ၁၀၂ |
| | ▪ Internatioanl Non-Government Organization Pepole's Economics Alignment For Common Equily-ingo PEACE. မှ လာရောက်တွေ့ဆုံခြင်း | ၁၀၂ |
| | ▪ ကော်မရှင်ရုံးဝန်ထမ်းများ၏ ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့မှုများ | ၁၀၂ |
| | ▪ မှတ်တမ်းဓာတ်ပုံများ | ၁၀၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၆။ | **စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ လုပ်ငန်းတာဝန်များ | ၁၁၂ |
| | ▪ အစည်းအဝေးများ ကျင်းပခြင်း | ၁၁၂ |
| | ▪ ဝန်ထမ်းရေးရာကိစ္စရပ်များ | ၁၁၃ |
| | ▪ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်အပ်ပြီးအင်အား | ၁၁၃ |
| | ▪ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက် | ၁၁၄ |
| | ▪ နိုင်ငံတော်မှဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့များတွင် ပါဝင်ဆောင်ရွက်မှုများ | ၁၁၅ |
| | ▪ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အခမ်းအနား တက်ရောက်ခြင်း | ၁၁၇ |
| | ▪ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ | ၁၁၈ |
| | ▪ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် အငြိမ်းစားပင်စင် စုဆောင်းငွေ | ၁၁၈ |
| | ▪ ကော်မရှင်ရုံးဝန်ထမ်းများ လူမှုဖူလုံရေးစနစ်သို့ ဝင်ရောက်ခြင်း | ၁၁၈ |
| | ▪ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် အသိပညာမျှဝေသည့် အစီအစဉ်များ ဆောင်ရွက်ခြင်း | ၁၁၉ |
| | ▪ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် အခြေခံရုံးလုပ်ငန်း ဖွင့်လှစ်ပို့ချခြင်း | ၁၂၀ |
| | ▪ ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ဆောင်ရွက်ခြင်း | ၁၂၀ |
| | ▪ ကော်မရှင်ရုံး မော်တော်ယာဉ်များ ကြံ့ခိုင်မှုစစ်ဆေးခြင်း | ၁၂၀ |
| | ▪ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များ | ၁၂၀ |
| | ▪ Desk Officer များ တာဝန်ပေးအပ်ခြင်း | ၁၂၁ |
| | ▪ ပြန်တမ်းစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း | ၁၂၁ |
| | ▪ အခမ်းအနားများ ဆောင်ရွက်မှု | ၁၂၁ |
| | ▪ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနား ကျင်းပခြင်း | ၁၂၂ |
| | ▪ မန္တလေးလျောင်ကြီးကြောင့် နေပြည်တော် (ရုံးခွဲ) အဆောက်အဦ ပျက်စီးဆုံးရှုံးမှုများအပေါ် စီမံဆောင်ရွက်ခဲ့မှု | ၁၂၃ |
| | ▪ မန္တလေးလျောင်ဒဏ်သင့် ကော်မရှင်ရုံး ဝန်ထမ်းများနှင့် ပြည်သူများအား ကူညီထောက်ပံ့ခြင်း | ၁၂၄ |
| | ▪ မှတ်တမ်းဓာတ်ပုံများ | ၁၂၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | **e-Government ဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ လုပ်ငန်းတာဝန်များ | ၁၃၀ |
| | ▪ e-Newsletter ထုတ်ဝေခြင်း | ၁၃၀ |
| | ▪ Web Administration ကိစ္စရပ်များ ဆောင်ရွက်ခြင်း | ၁၃၀ |
| | ▪ Myanmar National Webportal တွင် သတင်းများ ဖော်ပြခြင်း | ၁၃၁ |
| | ▪ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများ တက်ရောက်ခြင်း | ၁၃၁ |
| | ▪ Electronic Document Management System အသုံးပြုခြင်း | ၁၃၂ |
| | ▪ Learning Management System-LMS ရေးဆွဲဆောင်ရွက်ခြင်း | ၁၃၃ |
| | ▪ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးဆောင်ရွက်ပေးခြင်း | ၁၃၃ |
| | ▪ မှတ်တမ်းဓာတ်ပုံများ | ၁၃၄ |
| ၈။ | **နိဂုံး** | ၁၃၆ |

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## ၂၀၂၅ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာ

### နိဒါန်း

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ (ဌ) အရ ကော်မရှင်၏ လုပ်ငန်းတာဝန် အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တစ်နှစ်တာ ကာလအတွက် နှစ်ပတ်လည်အစီရင်ခံစာအဖြစ် ပြုစုမှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။

### ကော်မရှင်ဖွဲ့စည်းမှု

၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် ၂၁ ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ကော်မရှင်ဥပဒေအရ ကော်မရှင်အဆက်ဆက်ကို ဖွဲ့စည်းခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၁၆/၂၀၂၅) ဖြင့် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ဦးပေါ်လွင်စိန် | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်စိုး | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာသန်းမြင့် | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာမြင့်သူမြိုင် | အဖွဲ့ဝင် |
| (င) | ဦးတင်အောင် | အဖွဲ့ဝင် |
| (စ) | ဦးကျော်မြင့် | အဖွဲ့ဝင် |
| (ဆ) | ဦးဝင်းလှိုင်ဦး (ခ) ကုန်းဇမ္ဗူန်း | အဖွဲ့ဝင် |
| (ဇ) | ဦးသန်းဝင်း | အဖွဲ့ဝင် |
| (ဈ) | ဦးတင်ကိုကို | အဖွဲ့ဝင် |

၃။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ အမိန့်အမှတ် (၁၁/၂၀၂၅) ဖြင့် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဆက်လက် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။

### ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တာဝန်ခွဲဝေဆောင်ရွက်မှု

၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၆-၂-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၅) အရ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်ဖော်ပြပါအတိုင်း ဘာသာရပ်အလိုက် တာဝန်ခွဲဝေဆောင်ရွက်လျက်ရှိပါသည်-

| | | |
|---|---|---|
| (က) | ဦးပေါ်လွင်စိန်၊ ဥက္ကဋ္ဌ | ဘာသာရပ်အားလုံး ကြီးကြပ်၍ နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်ကို အဓိကကြီးကြပ် ဆောင်ရွက်ရန်၊ |
| (ခ) | ဦးကျော်စိုး၊ အဖွဲ့ဝင် | လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဘာသာရပ်ကို ကြီးကြပ်ဆောင်ရွက်ရန်၊ |
| (ဂ) | ဒေါက်တာသန်းမြင့်၊ အဖွဲ့ဝင် | လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေး ဘာသာရပ်နှင့် e-Government ဘာသာရပ်တို့ ကို အဓိကကြီးကြပ်ဆောင်ရွက်ပြီး နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်ကို တွဲဖက်ဆောင်ရွက်ရန်၊ |
| (ဃ) | ဒေါက်တာမြင့်သူမြိုင်၊ အဖွဲ့ဝင် | ဥပဒေရေးရာဘာသာရပ်ကို အဓိက ကြီးကြပ် ဆောင်ရွက်ပြီး လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေး ဘာသာရပ်ကို တွဲဖက်ဆောင်ရွက် ရန်၊ |
| (င) | ဦးတင်အောင်၊ အဖွဲ့ဝင် | လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဘာသာရပ်ကို ကြီးကြပ်ဆောင်ရွက်ရန်၊ |
| (စ) | ဦးကျော်မြင့်၊ အဖွဲ့ဝင် | လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဘာသာရပ်ကို ကြီးကြပ်ဆောင်ရွက်ရန်၊ |
| (ဆ) | ဦးဝင်းလှိုင်ဦး၊ အဖွဲ့ဝင် | နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်ကို ကြီးကြပ် ဆောင်ရွက်ရန်၊ |
| (ဇ) | ဦးသန်းဝင်း၊ အဖွဲ့ဝင် | လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဘာသာရပ်ကို ကြီးကြပ်ဆောင်ရွက်ရန်၊ |
| (ဈ) | ဦးတင်ကိုကို၊ အဖွဲ့ဝင် | လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေး ဘာသာရပ်ကို အဓိကကြီးကြပ်ဆောင်ရွက်ပြီး e-Government ဘာသာရပ်တွဲဖက်ဆောင်ရွက်ရန်၊ |

၅။ ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၂) ဆုံးဖြတ်ချက်အရ ခြောက်လ တစ်ကြိမ် အလှည့်ကျတာဝန်ထမ်းဆောင်သည့် ကော်မရှင် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အဖွဲ့ဝင် နှစ်ဦးအနက် တစ်ဦးသည် ကော်မရှင်ရုံး၏ စီမံခန့်ခွဲ ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ကော်မရှင် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ ကိုယ်စား တာဝန်ယူဆောင်ရွက်ပါသည်။

၆။ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်သည် ကော်မရှင်ဥပဒေပုဒ်မ ၅၃၊ ပုဒ်မခွဲ (က) အရ ကော်မရှင်အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ပါသည်။

**ကော်မရှင်ရုံးဖွဲ့စည်းမှု**

၇။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၆/၂၀၂၅) မှ သဘောတူခွင့်ပြုချက်ဖြင့် အရာထမ်း (၈၇) ဦး၊ အမှုထမ်း (၂၃၅) ဦး စုစုပေါင်း (၃၂၂) ဦးဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးကို ဌာန (၆) ခုဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားရှိပါသည်-

(က) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၊

(ခ) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၊

(ဂ) ဥပဒေရေးရာဌာန၊

(ဃ) နိုင်ငံတကာဆက်ဆံရေးဌာန၊

(င) စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန၊

(စ) e- Government ဌာန။

**ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများ**

၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အပေါ် ပြည်သူလူထုက ပိုမို၍ ယုံကြည်အားထားလာစေရန်နှင့် ပြည်သူလူထုနှင့် လွယ်ကူစွာ ထိတွေ့ဆက်ဆံနိုင်စေရန် ရည်ရွယ်လျက် ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲ (၄) ရုံးကို အောက်ပါအတိုင်း ဖွင့်လှစ်ထားပါသည်-

(က) ကော်မရှင်ရုံးချုပ် - အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ခ) နေပြည်တော် (ရုံးခွဲ) - အမှတ် A 34- B 35၊ သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

(ဂ) မန္တလေး (ရုံးခွဲ) - အမှတ် ၃၅ (က၊ ဃ) ကမ်းနားလမ်း၊ ၃၄ x ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

(ဃ) စစ်တွေ (ရုံးခွဲ) - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

(င) ပုသိမ် (ရုံးခွဲ) - မြို့နယ်စုပေါင်းရုံး၊ မဟာစေတီလမ်းမကြီး၊ အမှတ် (၁၃) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။

## လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### လုပ်ငန်းတာဝန်များ

၉။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့်ပညာပေးရေးဌာနသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) အရ သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းဖြင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ အများပြည်သူ၏ အသိပညာ အဆင့်အတန်း မြှင့်တင်ခြင်းနှင့် ခွဲခြားမှု ပုံသဏ္ဍာန်အားလုံးကို တိုက်ဖျက်သည့် ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ခြင်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

၁၀။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့်ပညာပေးရေးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ အနက်မှ လူ့အခွင့်အရေး အသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောပွဲများ၊ လူ့အခွင့်အရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချမှုများ ဟူ၍ အဓိကအားဖြင့် ကဏ္ဍ ၃ ခု ခွဲခြားဆောင်ရွက်လျက်ရှိပြီး သင်ခန်းစာပို့ချချက်များကို လူကိုယ်တိုင် သွားရောက်ပို့ချခြင်းနှင့် Online Platform မှတစ်ဆင့် ပို့ချခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် လူ့အခွင့်အရေး အသိပညာပေး စာအုပ်၊ စာစောင်/ ပိုစတာများ ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့ပါသည်။

### လူ့အခွင့်အရေး အသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောပွဲများ

၁၁။ ကော်မရှင်သည် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) နှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (နေပြည်တော်) တို့၏ အလုပ်အမှုဆောင် အဖွဲ့ဝင်များအား လူ့အခွင့်အရေး အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် ဘာသာပေါင်းစုံ၏ စုပေါင်းအား ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ချစ်ကြည်ညီညွတ်စွာ အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဟူသော အဖွဲ့၏ ရည်ရွယ်ချက်ကို အထောက်အကူပြုနိုင်ရန် တို့ကို ရည်ရွယ်ပြီး လူ့အခွင့်အရေး အသိပညာပေး ရှင်းလင်းဆွေးနွေး ဟောပြောပွဲများကို ကျင်းပပြုလုပ်ခဲ့ရာ ၇-၁-၂၀၂၅ ရက်နေ့တွင် ရန်ကုန်မြို့ Esperado Lake View Hotel ၌ တက်ရောက်သူ ၂၅၀ ဦးဖြင့်လည်းကောင်း၊ ၁၁-၂-၂၀၂၅ ရက်နေ့၌ နေပြည်တော်၊ တိုင်းရင်း ဆေးပညာဦးစီးဌာန၊ အမျိုးသားပရဆေးဥယျာဉ်၊ ပင်မရှင်းလင်းဆောင်၌ တက်ရောက်သူဦးရေ ၁၀၀ ဦး ဖြင့်လည်းကောင်း ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၂။ အဆိုပါ ဟောပြောပွဲများ၏ ဖွင့်ပွဲအခမ်းအနားများ၌ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ဘာသာရေးဆိုသည့် ကိုးကွယ်ယုံကြည်မှုကို လူသားများ ၏ ဘဝတွင်အရေးကြီးဆုံးဟု အများစုက လက်ခံမှတ်ယူထားပါကြောင်း၊ လူ့အခွင့်အရေး အခြေခံစံများတွင် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ရှိပါကြောင်း၊ လူ့အခွင့်အရေး၏ အရေး ကြီးသော စံတစ်ခုမှာ မိမိ၏အခွင့်အရေးကို ကျင့်သုံးရာတွင် အခြားသူ၏အခွင့်အရေးကို

မထိပါးရန်လိုအပ်ပါကြောင်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ "ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးမှသည် ငြိမ်းချမ်းရေးဆီသို့" ဟူသော ဆောင်ပုဒ်ကို ကျင့်သုံးဖော်ဆောင် ခြင်းသည်လည်း လူ့အခွင့်အရေးစံများနှင့် ကိုက်ညီပါကြောင်း စသည်ဖြင့် ထည့်သွင်းပြော ကြားခဲ့ပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့က အောက်ပါ အကြောင်းအရာများအား ရှင်းလင်း ဆွေးနွေးဟောပြောခဲ့ပါသည်-

(က) လူ့အခွင့်အရေးအခြေခံအယူအဆအကြောင်းနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေး၏ ကျယ်ပြန့်နက်ရှိုင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊

(ခ) လူ့အခွင့်အရေး၏ ဝိသေသလက္ခဏာများ၊

(ဂ) လူ့အခွင့်အရေးအမျိုးအစားများနှင့် လူ့အခွင့်အရေးဆိုင်ရာ သိသင့်သိထိုက် သည့် အကြောင်းအရာများ၊

(ဃ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ပေါ်ပေါက်လာပုံနှင့် ကြေညာစာတမ်းပါ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများ၊

(င) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်များ။

၁၃။ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုမှ သင်တန်းသားများ အား လူ့အခွင့်အရေး သဘောသဘာဝကို နားလည်လာစေရန် ရည်ရွယ်၍ လူ့အခွင့်အရေး အသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောပွဲကို ၁၁-၃-၂၀၂၅ ရက်နေ့တွင် မူးယစ်ဆေးစွဲသူ များ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုအသင်းရုံး (တာမွေမြို့နယ်) ရန်ကုန်မြို့၌ တက်ရောက်သူ ဦးရေ ၁၅၀ ဦးအား ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်တို့က အောက်ပါ အကြောင်းအရာများအား ရှင်းလင်းဟောပြောခဲ့ပါသည်-

(က) လူ့အခွင့်အရေး သဘောတရားများနှင့် လူသားများ၏ တာဝန်ရှိမှု၊

(ခ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများအကြောင်း၊

(ဂ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်များအကြောင်း။

၁၄။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဝန်ထမ်းများနှင့် ကြက်ခြေနီ စေတနာ့လုပ်အားရှင် များအား လူ့အခွင့်အရေး အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ လူ့အခွင့် အရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကို ၁၈-၃-၂၀၂၅ ရက်နေ့တွင် လူထုအခြေပြု ဗဟို ဌာန ခန်းမ၊ (ဗဟန်းမြို့နယ်) ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ တက်ရောက်သူ ဦးရေ ၁၅၀ ဦးဖြင့်

ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၅။ အဆိုပါ ဟောပြောပွဲ၏ ဖွင့်ပွဲအခမ်းအနားၚ္ဍ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ကြက်ခြေနီလုပ်ငန်းများသည် မြင့်မြတ်ဂုဏ်ယူဖွယ် လုပ်ငန်းများဟု အများက အသိအမှတ်ပြုကြပါကြောင်း၊ ကြက်ခြေနီအခြေခံမူများသည် လူ့အခွင့်အရေးနှင့် တိုက်ရိုက်နီးပါး နီးနွယ်ဆက်စပ်နေကြောင်းနှင့် “လူမှုကရုဏာ အကူအညီများ ပေးနိုင်သည့် စွမ်းဆောင်ရည်ပြည့်ဝသော အမျိုးသားကြက်ခြေနီအသင်း ဖြစ်လာစေရန်” ဆိုသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မျှော်မှန်းချက်ကို အထောက်အကူဖြစ်စေရန် ယုံကြည်ပါကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့ပြီး ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့က အောက်ပါအကြောင်းအရာများအား ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ပါသည်-

(က) လူ့အခွင့်အရေးအခြေခံအယူအဆအကြောင်း၊

(ခ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများအကြောင်း၊

(ဂ) ကြက်ခြေနီလုပ်ငန်းနှင့် လူ့အခွင့်အရေးဆက်နွယ်မှု။

၁၆။ ရန်ကုန်တိုင်းဒေသကြီး၊ လူငယ်ရေးရာကော်မတီ လက်အောက်ရှိ အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ကျား၊ မ တန်းတူညီမျှရေးနှင့် လူ့အခွင့်အရေးကော်မတီက ကြီးမှူး၍ လူငယ်အသိပညာပေး ဟောပြောပွဲကို ၂၂-၆-၂၀၂၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ တက်ရောက်သူဦးရေ ၂၀၀ ဦးအား ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့က အောက်ပါအကြောင်းအရာများ ရှင်းလင်းဟောပြောခဲ့ပါသည်-

(က) လူ့အခွင့်အရေးနိဒါန်း၊

(ခ) လူငယ်များအတွက် လူ့အခွင့်အရေး အရေးပါပုံ။

၁၇။ ရန်ကုန်တိုင်းဒေသကြီး၊ လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီက ကြီးမှူး၍ “တရားမျှတသော အခွင့်အလမ်းများဖြင့် တည်တံ့သော ငြိမ်းချမ်းရေး တည်ဆောက်မည့် တို့လူငယ်” ခေါင်းစဉ်နှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောပွဲကို ၈-၈-၂၀၂၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ တက်ရောက်သူ ဦးရေ ၄၅ ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်တို့က “တရားမျှတသော အခွင့်အလမ်းများဖြင့် တည်တံ့သော ငြိမ်းချမ်းရေး တည်ဆောက်မည့် တို့လူငယ်” ခေါင်းစဉ်နှင့် ပတ်သက်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုး

တိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များမှ ပန်းတိုင် ၁၀၊ ၁၆ တို့နှင့်စပ်လျဉ်းသည့် အကြောင်းအရာများ ရှင်းလင်းဟောပြောခဲ့ပါသည်။

**ဇယား (၁) လူ့အခွင့်အရေးအသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောမှု**

| စဉ် | အကြောင်းအရာ | နေရာ | တက်ရောက်သူ အရေအတွက် |
|---|---|---|---|
| ၁ | လူ့အခွင့်အရေးဆိုင်ရာအသိပညာပေး ဟောပြောဆွေးနွေးပွဲ - ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) | Esperado Lake View Hotel (ရန်ကုန်မြို့) | ၂၅၀ ဦး |
| ၂ | လူ့အခွင့်အရေးဆိုင်ရာအသိပညာပေး ဟောပြောဆွေးနွေးပွဲ - ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (နေပြည်တော်) | အမျိုးသားပရဆေးဥယျာဉ် ပင်မရှင်းလင်းဆောင် တိုင်းရင်းဆေးပညာဦးစီးဌာန (နေပြည်တော်) | ၁၀၀ ဦး |
| ၃ | လူ့အခွင့်အရေးဆိုင်ရာအသိပညာပေး ဟောပြောဆွေးနွေးပွဲ - မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟို | မူးယစ်ဆေးစွဲသူများ ပြန်လည် ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုအသင်းရုံး တာမွေမြို့နယ် (ရန်ကုန်မြို့) | ၁၅၀ ဦး |
| ၄ | လူ့အခွင့်အရေးဆိုင်ရာအသိပညာပေး ဟောပြောဆွေးနွေးပွဲ - မြန်မာနိုင်ငံကြက်ခြေနီအသင်း | လူထုအခြေပြုဗဟိုဌာနခန်းမ ဗဟန်းမြို့နယ် (ရန်ကုန်မြို့) | ၁၅၀ ဦး |
| ၅ | လူငယ်အသိပညာပေး ဟောပြောပွဲ- ရန်ကုန်တိုင်းဒေသကြီး၊ လူငယ်ရေးရာ ကော်မတီ | လူငယ်စင်တာ သာကေတမြို့နယ် (ရန်ကုန်မြို့) | ၂၀၀ ဦး |
| ၆ | “တရားမျှတသော အခွင့်အလမ်းများဖြင့် တည်တံ့သော ငြိမ်းချမ်းရေး တည်ဆောက်မည့် တို့လူငယ်” ခေါင်းစဉ်နှင့် စပ်လျဉ်း၍ အသိပညာပေး ဟောပြောပွဲ- ရန်ကုန်တိုင်းဒေသကြီး၊ လူငယ်ရေးရာ ကော်မတီ | | ၄၅ ဦး |
| **စုစုပေါင်း** | | | **၈၉၅ ဦး** |

## လူ့အခွင့်အရေး ဘာသာရပ်ဆိုင်ရာ သင်ခန်းစာပို့ချခြင်း

၁၈။ လူ့အခွင့်အရေးဘာသာရပ်ဆိုင်ရာ သင်ခန်းစာပို့ချမှုများကို အောက်ပါ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများတွင် ဆောင်ရွက်ခဲ့ပါသည်-

(က) **ကာကွယ်ရေးဝန်ကြီးဌာန**။ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် သင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးယန္တရား၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ထူထောင်မှု (Establishment of NHRIs) နှင့် ကော်မရှင်၏ လုပ်ငန်းတာဝန်များအားလည်းကောင်း၊ စစ်ဦးစီးတက္ကသိုလ် သင်တန်းတွင် လူ့အခွင့်အရေးအခြေခံအယူအဆ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရား၊ ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်အကြောင်း၊ ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအားလည်းကောင်း၊ ခြေလျင်တပ်ရင်းမှူး သင်တန်းများတွင် လူ့အခွင့်အရေး အခြေခံအယူအဆ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်ကြီး (၉) ခု၊ ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အားလည်းကောင်း၊ ခြေလျင်တပ်ခွဲမှူးသင်တန်းများတွင် လူ့အခွင့်အရေး အခြေခံအယူအဆ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် ဘာသာရပ် သင်ခန်းစာများအား လည်းကောင်း အောက်ပါသင်တန်းများတွင် သင်ကြားပို့ချခဲ့ပါသည်-

(၁) **နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် (နေပြည်တော်)**။ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၂၄) မှ သင်တန်းသား အရာရှိကြီး ၁၂၇ ဦးအား ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ၇-၇-၂၀၂၅ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၂) **စစ်ဦးစီးတက္ကသိုလ်(ကလော)**။ စစ်ဦးစီးတက္ကသိုလ်သင်တန်း အမှတ်စဉ် (၇၂) မှ သင်တန်းသားအရာရှိကြီး ၁၇၅ ဦးအား ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က ၃၁-၁-၂၀၂၅ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၃) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင် တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၆၀) နှင့် (၆၁) တို့မှ သင်တန်းသား အရာရှိ ၁၂၃ ဦးအား ၉-၁-၂၀၂၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform အသုံးပြု၍ သင်ခန်းစာပို့ချခြင်း၊

(၄) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)**။ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၁၂၄) နှင့် (၁၂၅) တို့မှ သင်တန်းသားအရာရှိ ၁၁၂ ဦးနှင့် ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၂၇) မှ သင်တန်းသားအရာရှိ ၈၉ ဦး၊ စုစုပေါင်း သင်တန်းသားအရာရှိ ၂၀၁ ဦးအား ၅-၂-၂၀၂၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform အသုံးပြု၍ သင်ခန်းစာပို့ချခြင်း၊

(၅) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၁၀၇) နှင့် (၁၀၈) တို့မှ သင်တန်းသားအရာရှိ ၁၆၅ ဦးအား ၆-၂-၂၀၂၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့က Online Platform အသုံးပြု၍ သင်ခန်းစာပို့ချခြင်း၊

(၆) **တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)**။ ခြေလျင်တပ်ခွဲမှူး (အမျိုးသမီး) သင်တန်းအမှတ်စဉ် (၁) မှ သင်တန်းသူအရာရှိ ၄၈ ဦးအား ၁၈-၃-၂၀၂၅ ရက်နေ့တွင် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၇) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)**။ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၁၂၆) နှင့် (၁၂၇) တို့မှ သင်တန်းသားအရာရှိ ၁၂၃ ဦးနှင့် ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၂၈) မှ သင်တန်းသားအရာရှိ ၇၈ ဦး၊ စုစုပေါင်း သင်တန်းသား အရာရှိ ၂၀၁ ဦးအား ၁၉-၃-၂၀၂၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform အသုံးပြု၍ သင်ခန်းစာပို့ချခြင်း၊

(၈) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၁၀၉) နှင့် (၁၁၀) တို့မှ သင်တန်းသားအရာရှိ ၁၅၇ ဦးအား ၁၉-၃-၂၀၂၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့က Online Platform အသုံးပြု၍ သင်ခန်းစာပို့ချခြင်း၊

(၉) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၆၂) မှ သင်တန်းသားအရာရှိ ၉၈ ဦးအား ၁၀-၇-၂၀၂၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်

နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform အသုံးပြု၍ သင်ခန်းစာပို့ချခြင်း၊

(၁၀) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)**။ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၁၂၈) နှင့် (၁၂၉) တို့မှ သင်တန်းသားအရာရှိ ၁၈၁ ဦးအား ၆-၈-၂၀၂၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform အသုံးပြု၍ သင်ခန်းစာပို့ချခြင်း၊

(၁၁) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)**။ ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၂၉) မှ သင်တန်းသားအရာရှိ ၉၂ ဦးအား ၆-၈-၂၀၂၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့က Online Platform အသုံးပြု၍ သင်ခန်းစာပို့ချခြင်း၊

(၁၂) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၁၁၁) နှင့် (၁၁၂) တို့မှ သင်တန်းသားအရာရှိ ၁၆၉ ဦးအား ၆-၈-၂၀၂၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့က Online Platform အသုံးပြု၍ သင်ခန်းစာပို့ချခြင်း၊

(၁၃) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၆၃) မှ သင်တန်းသားအရာရှိ ၁၀၀ ဦးအား ၂၉-၁၀-၂၀၂၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform အသုံးပြု၍ သင်ခန်းစာပို့ချခြင်း၊

(၁၄) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၁၁၃) နှင့် (၁၁၄) တို့မှ သင်တန်းသားအရာရှိ ၂၀၀ ဦးအား ၂၅-၁၁-၂၀၂၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့က Online Platform အသုံးပြု၍ သင်ခန်းစာပို့ချခြင်း၊

(၁၅) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)**။ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၁၃၀) နှင့် (၁၃၁) တို့မှ သင်တန်းသားအရာရှိ ၁၉၁ ဦးအား ၂၆-၁၁-၂၀၂၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ

သန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform အသုံးပြု၍ သင်ခန်းစာပို့ချခြင်း၊

(၁၆) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)**။ ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၃၀) မှ သင်တန်းသားအရာရှိ ၉၃ ဦးအား ၂၆-၁၁-၂၀၂၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့က Online Platform အသုံးပြု၍ သင်ခန်းစာပို့ချခြင်း။

**ဇယား (၂) ကာကွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများ၌ သင်ခန်းစာ ပို့ချမှုများ**

| စဉ် | အကြောင်းအရာ | နေရာ | တက်ရောက်သူ အရေအတွက် |
|---|---|---|---|
| ၁ | နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သင်တန်း အမှတ်စဉ် (၂၄) | နေပြည်တော် | ၁၂၇ ဦး |
| ၂ | စစ်ဦးစီးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၇၂) | ကလော | ၁၇၅ ဦး |
| **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး/ ဘုရင့်နောင်)** | | | |
| ၃ | ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၆၀၊ ၆၁) | ဘုရင့်နောင် | ၁၂၃ ဦး |
| ၄ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၂၄၊ ၁၂၅) | ဗထူး | ၁၁၂ ဦး |
| ၅ | ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၂၇) | ဗထူး | ၈၉ ဦး |
| ၆ | ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၁၀၇၊ ၁၀၈) | ဘုရင့်နောင် | ၁၆၅ ဦး |
| ၇ | ခြေလျင်တပ်ခွဲမှူး (အမျိုးသမီး) သင်တန်းအမှတ်စဉ် (၁) | မှော်ဘီ | ၄၈ ဦး |
| ၈ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ်(၁၂၆၊ ၁၂၇) | ဗထူး | ၁၂၃ ဦး |
| ၉ | ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၂၈) | ဗထူး | ၇၈ ဦး |
| ၁၀ | ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၁၀၉၊ ၁၁၀) | ဘုရင့်နောင် | ၁၅၇ ဦး |
| ၁၁ | ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၆၂) | ဘုရင့်နောင် | ၉၈ ဦး |
| ၁၂ | ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ်(၁၂၈၊ ၁၂၉) | ဗထူး | ၁၈၁ ဦး |
| ၁၃ | ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၂၉) | ဗထူး | ၉၂ ဦး |
| ၁၄ | ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၁၁၁၊ ၁၁၂) | ဘုရင့်နောင် | ၁၆၉ ဦး |
| ၁၅ | ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၆၃) | ဘုရင့်နောင် | ၁၀၀ ဦး |
| ၁၆ | ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၁၁၃၊ ၁၁၄) | ဘုရင့်နောင် | ၂၀၀ ဦး |
| ၁၇ | ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၁၃၀၊ ၁၃၁) | ဗထူး | ၁၉၁ ဦး |
| ၁၈ | ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၃၀) | ဗထူး | ၉၃ ဦး |
| **စုစုပေါင်း** | | | **၂၃၂၁ ဦး** |

(ခ) **ပြည်ထဲရေးဝန်ကြီးဌာန**။ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာန သင်တန်းများတွင် လူ့အခွင့်အရေး အခြေခံအယူအဆ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်း နှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း၊ လူ့အခွင့်အရေး စံတန်ဖိုးများ စသည့် ဘာသာရပ်များနှင့်အတူ သက်ဆိုင်ရာ သင်တန်းနယ်ပယ်အလိုက် လူ့အခွင့်အရေးဆိုင်ရာ အချက်အလက်များအား ထည့်သွင်းပို့ချခဲ့ပါသည်-

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

(၁) **စုံထောက် (အရာရှိ) သင်တန်း**။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) တွင် ဖွင့်လှစ်သည့် စုံထောက် (အရာရှိ) သင်တန်းအမှတ်စဉ် (၁၉၆/၂၀၂၄) မှ သင်တန်းသားအရာရှိ ၁၁၈ ဦး အား ၁၃-၁-၂၀၂၅ ရက်နေ့တွင် ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၂) **အမှုစစ် (အရာရှိ) သင်တန်း**။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင် ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်သည့် အမှုစစ် (အရာရှိ) သင်တန်း အမှတ်စဉ် (၈၂/၂၀၂၄) မှ သင်တန်းသားအရာရှိ ၁၇၈ ဦးအား ၂၃-၁-၂၀၂၅ ရက်နေ့တွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက သင်ခန်းစာ သွား ရောက်ပို့ချခြင်း၊

(၃) **ခရိုင်ရဲတပ်ဖွဲ့မှူးသင်တန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးသင်တန်း**။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်သည့် ခရိုင်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၉/၂၀၂၄) မှ သင်တန်းသား ၄၈ ဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၆၅/၂၀၂၄) မှ သင်တန်း သား ၄၅ ဦး စုစုပေါင်း သင်တန်းသားအရာရှိ ၉၃ ဦးအား ၆-၃-၂၀၂၅ ရက်နေ့တွင် ညွှန်ကြားရေးမှူး ဦးသူရကျော်က သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၄) **နယ်ထိန်း (အရာရှိ) သင်တန်း**။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိ အတတ် သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်သည့် နယ်ထိန်း (အရာရှိ) သင်တန်းအမှတ်စဉ် (၃၆/၂၀၂၅) မှ သင်တန်းသား အရာရှိ ၅၀ ဦးအား ၃-၄-၂၀၂၅ ရက်နေ့တွင် ညွှန်ကြားရေးမှူး ဦးသူရကျော်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၅) **အမှုစစ် (အရာရှိ) သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်သည့် အမှုစစ် (အရာရှိ) သင်တန်း အမှတ်စဉ် (၈၃/၂၀၂၅) မှ သင်တန်းသားအရာရှိ ၂၀၆ ဦးအား ၃၀-၄-၂၀၂၅ ရက်နေ့တွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၆) **စုံထောက် (အရာရှိ) သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) တွင် ဖွင့်လှစ်သည့် စုံထောက် (အရာရှိ) သင်တန်းအမှတ်စဉ် (၁၉၇/၂၀၂၅) မှ သင်တန်းသားအရာရှိ ၁၁၈ ဦးအား ၁၆-၆-၂၀၂၅ ရက်နေ့တွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၇) **တိုက်ပွဲဝင်စည်းရုံးရေး (အရာရှိ) သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်သည့် တိုက်ပွဲဝင် စည်းရုံးရေး (အရာရှိ) သင်တန်းအမှတ်စဉ် (၅/၂၀၂၅) မှ သင်တန်းသား အရာရှိ ၄၉ ဦးအား ၁-၇-၂၀၂၅ ရက်နေ့တွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက သင်ခန်းစာ သွား ရောက်ပို့ချခြင်း၊

(၈) **စခန်းမှူးသင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်သည့် စခန်းမှူးသင်တန်းအမှတ်စဉ် (၇၀/၂၀၂၅) မှ သင်တန်းသားအရာရှိ ၁၀၀ ဦးအား ၂-၇-၂၀၂၅ ရက်နေ့တွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက သင်ခန်းစာသွား ရောက်ပို့ချခြင်း၊

(၉) **အမှုစစ်အရာရှိ (အထူး) သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်သည့် အမှုစစ်အရာရှိ (အထူး) သင်တန်းအမှတ်စဉ် (၅/၂၀၂၅) မှ သင်တန်းသူရဲအရာရှိ ၁၀၀ ဦးအား ၁၀-၇-၂၀၂၅ ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင် က သင်ခန်းစာ သွားရောက်ပို့ချ ခြင်း၊

(၁၀) **မှုခင်းမှတ်တမ်း (အရာရှိ) သင်တန်း၊ အမှုစစ် (အရာရှိ) သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်သည့် မှုခင်းမှတ်တမ်း (အရာရှိ) သင်တန်းအမှတ်စဉ် (၂၀/၂၀၂၅) မှ သင်တန်းသား ၁၀၀ ဦးနှင့် အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၈၄/၂၀၂၅) မှ သင်တန်းသားအရာရှိ ၁၈၄ ဦး စုစုပေါင်း သင်တန်းသား အရာရှိ ၂၈၄ ဦးအား ၁၁-၉-၂၀၂၅ ရက်နေ့တွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၁၁) **မြို့နယ်ရဲတပ်ဖွဲ့မှူးသင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်သည့် မြို့နယ်ရဲတပ်ဖွဲ့မှူးသင်တန်းအမှတ်စဉ် (၆၆/၂၀၂၅) မှ သင်တန်းသားအရာရှိ ၅၀ ဦးအား ၂၅-၉-၂၀၂၅ ရက်နေ့တွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၁၂) **စုံထောက် (အရာရှိ) သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) တွင် ဖွင့်လှစ်သည့် စုံထောက် (အရာရှိ) သင်တန်းအမှတ်စဉ် (၁၉၈/၂၀၂၅) မှ သင်တန်းသားအရာရှိ ၁၂၀ ဦးအား ၁၀-၁၁-၂၀၂၅ ရက်နေ့တွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၁၃) **အမှုစစ် (အရာရှိ) သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်သည့် အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၈၅/၂၀၂၅) မှ သင်တန်းသားအရာရှိ ၁၉၁ ဦးအား ၄-၁၂-၂၀၂၅ ရက်နေ့တွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၁၄) **နယ်ထိန်း (အရာရှိ) သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်သည့် နယ်ထိန်း (အရာရှိ) သင်တန်းအမှတ်စဉ် (၃၇/၂၀၂၅) မှ သင်တန်းသားအရာရှိ ၁၀၀ ဦးအား ၂၃-၁၂-၂၀၂၅ ရက်နေ့တွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက သင်ခန်းစာ သွားရောက်ပို့ချခြင်း။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

(၁) **စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၄)/ လက်ထောက်ညွှန်ကြားရေးမှူး လုပ်ငန်းအကြိုသင်တန်း။** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေး ပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း (မင်္ဂလာဒုံ) တွင် ဖွင့်လှစ်သည့် စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့် (၄)/ လက်ထောက်ညွှန်ကြားရေးမှူး လုပ်ငန်းအကြိုသင်တန်းအမှတ်စဉ် (၁/၂၀၂၅) မှ သင်တန်းသား/ သူ ၁၃၉ ဦးအား ၃-၂-၂၀၂၅ ရက်နေ့တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၂) **စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) လုပ်ငန်းခွင်ဝင်သင်တန်း။** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း

(မင်္ဂလာဒုံ) တွင် ဖွင့်လှစ်သည့် စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) မှ သင်တန်းသား/ သူ ၉၉ ဦးအား ၇-၈-၂၀၂၅ ရက်နေ့တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၃) **စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) လုပ်ငန်းခွင်ဝင်သင်တန်း။** အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း (မင်္ဂလာဒုံ) တွင် ဖွင့်လှစ်သည့် စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၂/၂၀၂၅) မှ သင်တန်းသား/ သူ ၁၀၀ ဦးအား ၂၂-၁၀-၂၀၂၅ ရက်နေ့တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

(၁) **စုံစမ်းရေးမှူး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း။** အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်သည့် စုံစမ်းရေးမှူးလုပ်ငန်း စွမ်းဆောင်ရည် မြင့်မားရေး သင်တန်းအမှတ်စဉ် (၇) မှ သင်တန်းသား/ သူ ၂၀ ဦးအား ၂၀-၁-၂၀၂၅ ရက်နေ့တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၂) **ဥပဒေဘာသာရပ် (အထူး) သင်တန်း။** အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်သည့် ဥပဒေဘာသာရပ် (အထူး) သင်တန်းအမှတ်စဉ် (၃) မှ သင်တန်းသား/ သူ ၁၈ ဦးအား ၃၁-၃-၂၀၂၅ ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၃) **လက်ထောက်ညွှန်ကြားရေးမှူး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်း။** အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်သည့် လက်ထောက်ညွှန်ကြားရေးမှူး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၁) မှ သင်တန်းသား/ သူ ၁၀ ဦးအား ၃၀-၅-၂၀၂၅ ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၄) **ဦးစီးအရာရှိ (စုံစမ်းရေး) နှင့် စုံစမ်းရေးမှူးများ အမှုစစ်သင်တန်း။** အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း

(တောင်ငူ) တွင် ဖွင့်လှစ်သည့် ဦးစီးအရာရှိ (စုံစမ်းရေး) နှင့် စုံစမ်းရေးမှူးများအမှုစစ် သင်တန်းအမှတ်စဉ် (၅) မှ သင်တန်းသား/ သူ ၂၁ ဦးအား ၁၀-၆-၂၀၂၅ ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၅) **ရုံးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း။** အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်သည့် ရုံးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းအမှတ်စဉ် (၂) မှ သင်တန်းသား/ သူ ၂၁ ဦးအား ၃၀-၇-၂၀၂၅ ရက်နေ့တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၆) **ဥပဒေဘာသာရပ် (အထူး) သင်တန်း။** အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်သည့် ဥပဒေဘာသာရပ် (အထူး) သင်တန်းအမှတ်စဉ် (၄) မှ သင်တန်းသား/ သူ ၁၉ ဦးအား ၂၂-၈-၂၀၂၅ ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၇) **စုံစမ်းရေးမှူး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း။** အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်သည့် စုံစမ်းရေးမှူး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းအမှတ်စဉ် (၈) မှ သင်တန်းသား/ သူ ၁၉ ဦးအား ၁၆-၉-၂၀၂၅ ရက်နေ့တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၈) **ဦးစီးအရာရှိ (စုံစမ်းရေး) လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း။** အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်သည့် ဦးစီးအရာရှိ (စုံစမ်းရေး) လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၁၀) မှ သင်တန်းသား/ သူ ၁၅ ဦးအား ၂၃-၁၀-၂၀၂၅ ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၉) **အမှုစစ်သင်တန်း။** အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်သည့် အမှုစစ် သင်တန်းအမှတ်စဉ် (၆) မှ သင်တန်းသား/ သူ ၂၂ ဦးအား ၁-၁၂-၂၀၂၅

ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က သင်ခန်းစာသွားရောက်ပို့ချခြင်း။

**အကျဉ်းဦးစီးဌာန**

(၁) **ထောင်တာဝန်ခံအရာရှိသင်တန်း။** အကျဉ်းဦးစီးဌာန (နေပြည်တော်) တွင် ဖွင့်လှစ်သည့် ထောင်တာဝန်ခံအရာရှိ သင်တန်းအမှတ်စဉ် (၂၀) မှ သင်တန်းသား/ သူ ၁၇ ဦးအား ၂၂-၁၀-၂၀၂၅ ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း။

**ဇယား (၃) ပြည်ထဲရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများ၌ သင်ခန်းစာပို့ချမှုများ**

| စဉ် | အကြောင်းအရာ | နေရာ | တက်ရောက်သူ အရေအတွက် |
|---|---|---|---|
| **မြန်မာနိုင်ငံရဲတပ်ဖွဲ့** | | | |
| ၁ | စုံထောက် (အရာရှိ) သင်တန်းအမှတ်စဉ် (၁၉၆ / ၂၀၂၄) | မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) | ၁၁၈ ဦး |
| ၂ | အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၈၂/ ၂၀၂၄) | ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) | ၁၇၈ ဦး |
| ၃ | ခရိုင်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၉/၂၀၂၄) | ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) | ၉၃ ဦး |
| ၄ | မြို့နယ်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၆၅/ ၂၀၂၄) | | |
| ၅ | နယ်ထိန်း (အရာရှိ) သင်တန်းအမှတ်စဉ် (၃၆/ ၂၀၂၅) | | ၅၀ ဦး |
| ၆ | အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၈၃/ ၂၀၂၅) | | ၂၀၆ ဦး |
| ၇ | စုံထောက် (အရာရှိ) သင်တန်းအမှတ်စဉ် (၁၉၇ / ၂၀၂၅) | မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) | ၁၁၈ ဦး |
| ၈ | တိုက်ပွဲဝင်စည်းရုံးရေး (အရာရှိ) သင်တန်းအမှတ်စဉ် (၅/ ၂၀၂၅) | ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) | ၄၉ ဦး |
| ၉ | စခန်းမှူး သင်တန်းအမှတ်စဉ် (၇၀/ ၂၀၂၅) | | ၁၀၀ ဦး |

| | | | |
|---|---|---|---|
| ၁၀ | အမှုစစ်အရာရှိ (အထူး) သင်တန်း အမှတ်စဉ် (၅/ ၂၀၂၅) | ရဲအရာရှိအတတ်သင် ကျောင်း (မန္တလေး) | ၁၀၀ ဦး |
| ၁၁ | မှုခင်းမှတ်တမ်း (အရာရှိ) သင်တန်း အမှတ်စဉ် (၂၀/ ၂၀၂၅) | | ၁၀၀ ဦး |
| ၁၂ | အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၈၄/ ၂၀၂၅) | | ၁၈၄ ဦး |
| ၁၃ | မြို့နယ်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၆၆/ ၂၀၂၅) | | ၅၀ ဦး |
| ၁၄ | စုံထောက် (အရာရှိ) သင်တန်းအမှတ်စဉ် (၁၉၈/ ၂၀၂၅) | မှုခင်းရဲတပ်ဖွဲ့ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) | ၁၂၀ ဦး |
| ၁၅ | အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၈၅/ ၂၀၂၅) | ရဲအရာရှိ အတတ်သင် ကျောင်း (မန္တလေး) | ၁၉၁ ဦး |
| ၁၆ | နယ်ထိန်း (အရာရှိ) သင်တန်းအမှတ်စဉ် (၃၇/ ၂၀၂၅) | | ၁၀၀ ဦး |
| **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန** | | | |
| ၁ | စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၄)/ လက်ထောက်ညွှန်ကြားရေးမှူး လုပ်ငန်း အကြိုသင်တန်းအမှတ်စဉ် (၁/၂၀၂၅) | အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှု သင်တန်း ကျောင်း (မင်္ဂလာဒုံ) | ၁၃၉ ဦး |
| ၂ | စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) | | ၉၉ ဦး |
| ၃ | စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် (၂/၂၀၂၅) | | ၁၀၀ ဦး |
| **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန** | | | |
| ၁ | စုံစမ်းရေးမှူး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းအမှတ်စဉ် (၇) | စုံစမ်းစစ်ဆေးမှု အတတ်ပညာသင် ကျောင်း (တောင်ငူ) | ၂၀ ဦး |
| ၂ | ဥပဒေဘာသာရပ် (အထူး) သင်တန်း အမှတ်စဉ် (၃) | | ၁၈ ဦး |

| | | | |
|---|---|---|---|
| ၃ | လက်ထောက်ညွှန်ကြားရေးမှူး လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း အမှတ်စဉ် (၁) | စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) | ၁၀ ဦး |
| ၄ | ဦးစီးအရာရှိ (စုံစမ်းရေး) နှင့် စုံစမ်းရေးမှူးများ အမှုစစ်သင်တန်းအမှတ်စဉ် (၅) | | ၂၀ ဦး |
| ၅ | ရုံးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း အမှတ်စဉ် (၂) | | ၂၀ ဦး |
| ၆ | ဥပဒေဘာသာရပ် (အထူး) သင်တန်း အမှတ်စဉ် (၄) | | ၁၉ ဦး |
| ၇ | စုံစမ်းရေးမှူး လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းအမှတ်စဉ် (၈) | | ၁၉ ဦး |
| ၈ | ဦးစီးအရာရှိ (စုံစမ်းရေး) လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းအမှတ်စဉ် (၁၀) | | ၁၅ ဦး |
| ၉ | အမှုစစ်သင်တန်းအမှတ်စဉ် (၆) | | ၂၂ ဦး |
| **အကျဉ်းဦးစီးဌာန** | | | |
| ၁ | ထောင်တာဝန်ခံအရာရှိ သင်တန်း အမှတ်စဉ် (၂၀) | အကျဉ်းဦးစီးဌာန (နေပြည်တော်) | ၁၇ ဦး |
| **စုစုပေါင်း** | | | **၂၂၇၇ ဦး** |

(ဂ) **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**။ အောက်ဖော်ပြပါ သင်တန်းများတွင် လူ့အခွင့်အရေး အခြေခံအယူအဆ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ချက်များအကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာအခွင့်အရေး၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကိစ္စရပ်များကို လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်ခြင်း စသည့် ဘာသာရပ်များအား သင်ကြားပို့ချခဲ့ပါသည်-

(၁) **ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး**

**သင်တန်း**။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် ဖွင့်လှစ်သည့် "ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း" တွင် တက်ရောက်နေသော သင်တန်းသူ/သား ၃၀ ဦးအား ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ၂၇-၂-၂၀၂၅ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၂) **သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Caregiver) သင်တန်း**။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) တွင် ဖွင့်လှစ်သည့် သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Caregiver) သင်တန်းအမှတ်စဉ် (၁၇) မှ သင်တန်းသူ/သား ၁၂ ဦးအား လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်က ၃-၃-၂၀၂၅ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၃) **သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Caregiver) သင်တန်း**။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) တွင် ဖွင့်လှစ်သည့် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်သူ (Caregiver) သင်တန်းအမှတ်စဉ် (၁၈) မှ သင်တန်းသူ/သား ၁၁ ဦးအား လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်က ၃-၉-၂၀၂၅ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း။

**ဇယား (၄) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာ ပို့ချမှုများ**

| စဉ် | အကြောင်းအရာ | နေရာ | တက်ရောက်သူ အရေအတွက် |
|---|---|---|---|
| ၁ | ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း | Hotel Amara (နေပြည်တော်) | ၃၀ ဦး |

| | | | |
|---|---|---|---|
| ၂ | သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Caregiver) သင်တန်း အမှတ်စဉ် (၁၇) | သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) | ၁၂ ဦး |
| ၃ | သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Caregiver) သင်တန်း အမှတ်စဉ် (၁၈) | သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) | ၁၁ ဦး |
| **စုစုပေါင်း** | | | **၅၃ ဦး** |

(ဃ) **အခြားဝန်ကြီးဌာနများ**။ အောက်ဖော်ပြပါ သင်တန်းများတွင် လူ့အခွင့်အရေးအခြေခံအယူအဆ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေဘာသာရပ် အကြောင်းစသည့် ဘာသာရပ်များအား သင်ကြားပို့ချခဲ့ပါသည်-

(၁) **ဆရာ/ ဆရာမများ ဘာသာရပ်မွမ်းမံသင်တန်း**။ ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေပညာဌာနတွင် ဖွင့်လှစ်သည့် နိုင်ငံတစ်ဝန်းရှိ ဥပဒေပညာဌာနများမှ ဆရာ/ ဆရာမများ ဘာသာရပ် မွမ်းမံသင်တန်းမှ ဆရာ/ ဆရာမ ၂၀၀ ဦးအား ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က ၂၃-၅-၂၀၂၅ ရက်နေ့တွင် Hybrid System ဖြင့် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၂) **စုံစမ်းစစ်ဆေးရေးဆိုင်ရာ အမှုစစ်သင်တန်း (အမှုထမ်း)**။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး (နေပြည်တော်) တွင် ဖွင့်လှစ်သည့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ အမှုစစ်သင်တန်း (အမှုထမ်း) အမှတ်စဉ် (၁/၂၀၂၅) မှ သင်တန်းသူ/ သား ၂၀ ဦးအား လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်က ၃-၁၂-၂၀၂၅ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၃) **ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း**။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅) မှ သင်တန်းသူ/ သား ၄၅ ဦးအား ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ၂၃-၁၂-၂၀၂၅ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း။

ဇယား (၅)    အခြားဝန်ကြီးဌာနများမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချမှု

| စဉ် | အကြောင်းအရာ | နေရာ | တက်ရောက်သူ အရေအတွက် |
|---|---|---|---|
| ၁ | ဆရာ/ဆရာမများ ဘာသာရပ်မွမ်းမံ သင်တန်း | ဥပဒေပညာဌာန၊ ရန်ကုန် အဝေးသင်တက္ကသိုလ် | ၂၀၀ ဦး |
| ၂ | စုံစမ်းစစ်ဆေးရေးဆိုင်ရာ အမှုစစ် သင်တန်း (အမှုထမ်း) အမှတ်စဉ် (၁/၂၀၂၅) | အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး (နေပြည်တော်) | ၂၀ ဦး |
| ၃ | ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅) | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန | ၄၅ ဦး |
| **စုစုပေါင်း** | | | **၂၆၅ ဦး** |

(င) **ပြည်ထောင်စုရှေ့နေချုပ်ရုံး ဝန်အဖွဲ့**။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များမှ ဖွင့်လှစ်သည့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းများတွင် ကလေးသူငယ်များ၏ အခွင့်အရေးဘာသာရပ်အားလည်းကောင်း၊ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းများနှင့် အဆင့်မြင့်အရာထမ်း သင်တန်းများတွင် လူ့အခွင့်အရေးအခြေခံအယူအဆ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူ့တာဝန်၊ ကုလသမဂ္ဂ လူ့အခွင့်အရေး ယန္တရား၊ ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေး အခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်အကြောင်း စသည့်ဘာသာရပ်များအား အောက်ဖော်ပြပါ သင်တန်းများတွင် သင်ကြားပို့ချခဲ့ပါသည်-

(၁) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)**။ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ် (၁၆) မှ သင်တန်းသား/ သူ ၂၂ ဦးနှင့် အဆင့်မြင့် အရာထမ်းသင်တန်းအမှတ်စဉ် (၁၉) မှ သင်တန်းသား/ သူ ၄၅ ဦး၊ စုစုပေါင်း သင်တန်းသား ၆၇ ဦးအား ၂၁-၁-၂၀၂၅ ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက Online Platform အသုံးပြု၍ သင်ခန်းစာပို့ချခြင်း၊

(၂) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းအမှတ်စဉ် (၁၁) မှ သင်တန်းသား/ သူ ၂၀ ဦးနှင့်

အဆင့်မြင့် အရာထမ်းသင်တန်းအမှတ်စဉ် (၂၆) မှ သင်တန်းသား/ သူ ၄၂ ဦး စုစုပေါင်း သင်တန်းသား ၆၂ ဦးအား ၂၄-၂-၂၀၂၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းတို့က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၃) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)**။ အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ် (၂၀) မှ သင်တန်းသား/ သူ စုစုပေါင်း ၄၇ ဦးအား ၂၈-၇-၂၀၂၅ ရက်နေ့တွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၄) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၉) မှ သင်တန်းသား/ သူ ၃၉၁ ဦးအား ၃၀-၇-၂၀၂၅ ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၅) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ် (၂၇) မှ သင်တန်းသား/ သူ စုစုပေါင်း ၄၆ ဦးအား ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာသန်းမြင့်၊ ဦးတင်ကိုကိုနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းတို့က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၆) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၁၀) မှ သင်တန်းသား/ သူ စုစုပေါင်း ၃၉၃ ဦးအား ၁၀-၉-၂၀၂၅ ရက်နေ့တွင် ဒုတိယညွှန်ကြား ရေးမှူး ဒေါ်မိမိခိုင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၇) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)**။ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းအမှတ်စဉ် (၁၇) မှ သင်တန်းသား/ သူ ၂၇ ဦးအား ၁၀-၁၀-၂၀၂၅ ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းက သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၈) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းအမှတ်စဉ် (၁၂) မှ သင်တန်းသား/ သူ ၂၃ ဦးအား ၂၃-၁၀-၂၀၂၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းတို့က သင်ခန်းစာ သွား ရောက်ပို့ချခြင်း၊

(၉) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၁၂) မှ သင်တန်းသား/သူ စုစုပေါင်း ၄၉၄ ဦးအား ၄-၁၂-၂၀၂၅ ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း။

**ဇယား (၆) ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွင့်လှစ်သော သင်တန်းများ၌ သင်ခန်းစာပို့ချမှုများ**


| စဉ် | အကြောင်းအရာ | နေရာ | တက်ရောက်သူ အရေအတွက် |
|---|---|---|---|
| ၁ | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ် (၁၆) | နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) | ၂၂ ဦး |
| ၂ | အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၉) | | ၄၅ ဦး |
| ၃ | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ် (၁၁) | နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) | ၂၀ ဦး |
| ၄ | အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၆) | | ၄၂ ဦး |
| ၅ | အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၀) | နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) | ၄၇ ဦး |
| ၆ | အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၁၀၉) | နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) | ၃၉၁ ဦး |
| ၇ | အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၇) | | ၄၆ ဦး |
| ၈ | အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၁၁၀) | | ၃၉၃ ဦး |
| ၉ | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ် (၁၇) | နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) | ၂၇ ဦး |
| ၁၀ | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ် (၁၂) | နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) | ၂၃ ဦး |
| ၁၁ | အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၁၁၂) | | ၄၉၄ ဦး |
| **စုစုပေါင်း** | | | **၁၅၅၀ ဦး** |

## ကော်မရှင်ရုံး ဌာနတွင်း လူ့အခွင့်အရေး အသိပညာပေးသင်တန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း

၁၉။ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အသစ်ခန့်အပ်သော ကော်မရှင်ရုံး ဝန်ထမ်းများနှင့် ရုံးတွင်းမှ ရာထူးတိုးမြှင့် ရရှိထားသော ဝန်ထမ်းများအတွက် လူ့အခွင့်အရေး အခြေခံအယူအဆများနှင့် လူ့အခွင့်အရေး စံနှုန်းများကို သိရှိနားလည်လာပြီး လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များအပေါ် လေးစားလိုက်နာ ကျင့်သုံးလာနိုင်စေရန်၊ လူ့အခွင့်အရေး အသိပညာပြန့်ပွားရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်နှင့် ဝန်ထမ်းများ၏ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန်တို့ကို ရည်ရွယ်၍ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများရှိ ဝန်ထမ်းများအတွက် ဌာနတွင်း လူ့အခွင့်အရေး အသိပညာပေး သင်တန်းအား ၁၄-၅-၂၀၂၅ ရက်နေ့မှ ၁၆-၅-၂၀၂၅ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ကော်မရှင်ရုံးဝန်ထမ်းများအနေဖြင့် ပုံမှန်ရုံးလုပ်ငန်းတာဝန်များ၊ လူ့အခွင့်အရေးအခြေခံအယူအဆများ၊ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ စသည်တို့ကို သိရှိထားရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီး ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ ဝန်ထမ်းစုစုပေါင်း ၂၉ ဦးအား Hybrid System အသုံးပြု၍ သင်ခန်းစာပို့ချခဲ့ပါသည်။

**ဇယား (၇) ကော်မရှင်ရုံး ဌာနတွင်း လူ့အခွင့်အရေး အသိပညာပေးသင်တန်း ဖွင့်လှစ်ဆောင်ရွက်မှု**

| စဉ် | သင်တန်းကာလ | သင်တန်းအမည် | သင်တန်းသား/ သူ အရေအတွက် |
|---|---|---|---|
| ၁ | ၁၄-၅-၂၀၂၅ မှ ၁၆-၅-၂၀၂၅ ထိ | ဌာနတွင်း လူ့အခွင့်အရေး အသိပညာပေး သင်တန်း | ၂၉ ဦး |




**ပြည်ထောင်စုအဆင့် အစည်းအဝေး၊ ဆွေးနွေးပွဲများနှင့် အခမ်းအနားများ တက်ရောက်ခြင်း**

၂၀။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ နေပြည်တော်၌ ၂၈-၁-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော **အမျိုးသမီးများ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း (NSPAW) (၂၀၂၃-၂၀၃၂) ၏ လုပ်ငန်းနယ်ပယ် ၁၂ ရပ်အလိုက် ရေးသားထားသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ကနဦး အစီရင်ခံစာများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး**သို့ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူး ပါဝင်တက်ရောက်ခဲ့ပါသည်။

၂၁။ ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁၊ နေပြည်တော်၌ ၂၁-၃-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် **၂၀၂၅ အလွန် ဗဟုဝင်ရိုး ကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာနိုင်မည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ် ဆွေးနွေးပွဲ** အခမ်းအနားသို့ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

၂၂။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၅-၃-၂၀၂၅ ရက်နေ့တွင် Hotel Max၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် **အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) (၂၀၂၃-၂၀၃၂) အကောင် အထည်ဖော်မှုများနှင့်စပ်လျဉ်း၍ Gender Focal Point များ ခန့်အပ်ထားသော ဝန်ကြီးဌာန**

**များအား အသိပညာပေး အစီအစဉ်**တွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူး ပါဝင်တက်ရောက် ဆွေးနွေးခဲ့ပါသည်။

၂၃။ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ နေပြည်တော်၌ ၈-၅-၂၀၂၅ ရက်နေ့တွင် ကျင်းပ ပြုလုပ်သည့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၂၄) ၏ **သင်ရိုး ညွှန်းတမ်းများ ညှိနှိုင်းအစည်းအဝေး**သို့ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း တက်ရောက်ခဲ့ပါသည်။

၂၄။ Espace Avenir, Executive Serviced Apartment, ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၌ ၈-၆-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် **မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုတို့သည် လူတိုင်းအတွက် သေချာစေရေးနှင့် မသန်စွမ်းသူ များ၏ အခွင့်အရေးဆိုင်ရာ အခြေခံမူများနှင့် ကိုက်ညီစေရေး အားပေးခြင်း** ဆွေးနွေးပွဲသို့ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝတ်ရည်ဝင်းနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဘာသာရပ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မင်းသက်လွင်တို့ ပါဝင် တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

၂၅။ Myanmar Convention Centre – MCC ခန်းမ၊ ရန်ကုန်၌ ၁၂-၈-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် **အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနား**သို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်၊ ဦးတင်ကိုကို၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်တို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

၂၆။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော် ၌ ၁၁-၉-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် **မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီအစည်းအဝေး (၁/၂၀၂၅)** သို့ ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က Online Platform ဖြင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

၂၇။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော် ၌ ၃-၁၂-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် **အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနား**သို့ ညွှန်ကြားရေးမှူး ဦးသူရကျော် ပါဝင်တက်ရောက်ခဲ့ပါသည်။

**အဖွဲ့အစည်း/ အသင်းအဖွဲ့များနှင့် တွေ့ဆုံခြင်း**

၂၈။ ကော်မရှင်နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်တို့ ပူးပေါင်း၍ **မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒသည် လူတိုင်းအတွက် သေချာစေရေးနှင့် မသန်စွမ်းသူများ ၏ အခွင့်အရေးဆိုင်ရာ အခြေခံမူများနှင့် ကိုက်ညီစေရေး အားပေးခြင်း** ခေါင်းစဉ်ဖြင့် ကျင်းပ ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲကို ၂၅-၄-၂၀၂၅ ရက်နေ့တွင် ကော်မရှင်ရုံး၌ ပြုလုပ်ခဲ့ရာ

ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာသန်းမြင့်နှင့် ဦးတင်ကိုကို၊ ကော်မရှင်ရုံး ဝန်ထမ်းများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဟန်သူနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

၂၉။ ကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီမှ **ကျား၊ မ တန်းတူညီမျှရေးနှင့် လူ့အခွင့်အရေး ကော်မတီတို့ပူးပေါင်း၍ လူ့အခွင့်အရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး**ကို ၅-၆-၂၀၂၅ ရက်နေ့တွင် ကော်မရှင်ရုံး၌ ကျင်းပပြုလုပ်ရာ ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်နှင့် ဦးတင်ကိုကို၊ ကော်မရှင်ရုံး ဝန်ထမ်းများ၊ ကျား၊ မ တန်းတူညီမျှရေးနှင့် လူ့အခွင့်အရေး ကော်မတီဥက္ကဋ္ဌ ဒေါ်ကြည်သာဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

၃၀။ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် တာဝန်ရှိသူများအား ၁၁-၆-၂၀၂၅ ရက်နေ့တွင် ကော်မရှင်ရုံး၌ တွေ့ဆုံ၍ **လူ့အခွင့်အရေးနှင့် သတင်းမီဒီယာ**ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြပါသည်။

၃၁။ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်နှင့် ဦးတင်ကိုကိုတို့သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးအောင်၊ အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် ၃၀-၇-၂၀၂၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံ၍ **လူငယ်ရေးရာနှင့်စပ်လျဉ်းသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး**နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

၃၂။ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်၊ ဦးတင်ကိုကိုတို့သည် ingo PEACE. အဖွဲ့မှ Director Khual Lian Kam နှင့် တာဝန်ရှိသူများအား ၁၄-၈-၂၀၂၅ ရက်နေ့တွင် ကော်မရှင်ရုံး၌ တွေ့ဆုံ၍ ကော်မရှင်နှင့် ingo PEACE. အဖွဲ့တို့ **ပူးပေါင်းဆောင်ရွက်နိုင်ရေး**လုပ်ငန်းများနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

၃၃။ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်၊ ဦးဝင်းလှိုင်ဦး၊ ဦးတင်ကိုကိုတို့သည် ingo PEACE. အဖွဲ့မှ Interpreter ဦးသန်းတိုးဝင်းနှင့် တာဝန်ရှိသူများအား ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကော်မရှင်ရုံး၌ ထပ်မံတွေ့ဆုံကာ ကော်မရှင်နှင့် ingo PEACE. အဖွဲ့တို့ **ပူးပေါင်းဆောင်ရွက်နိုင်ရေး** လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

၃၄။ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များသည် ၁၇-၁၂-၂၀၂၅ ရက်နေ့တွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ရုံး ခန်းမသို့ သွားရောက်၍ **လူ့အခွင့်အရေးနှင့်ရွေးကောက်ပွဲ**နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ ဆွေးနွေးခဲ့ကြပါသည်။

**ကော်မရှင်၏ ထုတ်ပြန်ချက်များ**

၃၅။ ၂၀၂၅ ခုနှစ်အတွင်း ကော်မရှင်၏ သတင်းထုတ်ပြန်ချက်များကို နိုင်ငံပိုင်သတင်းစာများနှင့် နိုင်ငံပိုင်မီဒီယာများမှသော်လည်းကောင်း၊ ကော်မရှင် website မှသော်လည်းကောင်း ပြည်သူလူထုထံသို့ သတင်းထုတ်ပြန် တင်ပြမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ **ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်**နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ခ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၁၆/၂၀၂၅) အရ **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၂/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဂ) ၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ကျရောက်သည့် **အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့**နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၃/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဃ) ၂၀၂၅ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် **မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်၊ နောက်ဆက်တွဲငလျင်များ**နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၄/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(င) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ **ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်**နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၅/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(စ) **ငြိမ်းချမ်းစွာ ပညာသင်ယူခွင့် ရရှိစေရန်နှင့် အကြမ်းဖက်မှုလုပ်ရပ်များ လျော့နည်း ပပျောက်စေရန်**တို့ နှင့်စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၆/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဆ) **Peace Forum 2025 ကျင်းပပြုလုပ်ခြင်း**နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၇/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဇ) ၂၀၂၅ ခုနှစ်၊ **တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်သူ အကျဉ်းထောင်များရှိ အကျဉ်းသား/ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများရှိ ကလေးသူငယ်များ၏ တက္ကသိုလ်ဝင်တန်း အောင်မြင်မှု** နှင့်စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၈/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဈ) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အမိန့်အမှတ် (၁၁/၂၀၂၅) အရ **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဆက်လက်ခန့်အပ် တာဝန်ပေးအပ်ခြင်း**နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၉/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ည) ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့သို့ ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်ရှိ **ဂုတ်ထိပ်တံတားပျက်စီးခြင်း**နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၁၀/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဋ) ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့တွင် ကျရောက်သည့် **အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့**နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၁၁/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဌ) ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် ကျရောက်သည့် **အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့**နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၁၂/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဍ) ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် (၁၀) နှစ်ပြည့်မြောက်သည့် **တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA)** နှင့်စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၁၃/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဎ) ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် ကျရောက်သည့် **ကမ္ဘာ့ကလေးများနေ့**နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၁၄/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဏ) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အမိန့်အမှတ် (၁၀/၂၀၂၅)၊ အမိန့်အမှတ် (၁၁/၂၀၂၅)၊ အမိန့်အမှတ် (၁၂/၂၀၂၅) တို့အရ **ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းနှင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ အမှုမှလွတ်ရန် အမိန့်များထုတ်ပြန်ခြင်း**တို့နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၁၅/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(တ) ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ကျရောက်သည့် **အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့**နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၁၆/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ထ) ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကျရောက်သည့် **အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့**နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၁၇/၂၀၂၅) အား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခြင်း။

**ကော်မရှင် ဆောင်ရွက်ချက်သတင်းများ**

၃၆။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာနသည် ၂၀၂၅ ခုနှစ်အတွင်း ကော်မရှင်ရုံးဌာနအလိုက် ဆောင်ရွက်ချက်သတင်းများကို နိုင်ငံပိုင်သတင်းစာများနှင့် နိုင်ငံပိုင်မီဒီယာများမှလည်းကောင်း၊ ကော်မရှင် Website မှလည်းကောင်း ပြည်သူလူထုထံ သတင်းဖြန့်ချိတင်ပြမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်သတင်း (၆၃) ပုဒ်ကို မြန်မာ၊ အင်္ဂလိပ် (၂) ဘာသာဖြင့် ကော်မရှင် Website တွင် သတင်းဖြန့်ချိဖော်ပြနိုင်ရေးအတွက် e-Government ဌာနသို့ ပေးပို့ခြင်း၊

(ခ) လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်သတင်း (၃၀) ပုဒ်ကို နိုင်ငံပိုင်သတင်းစာနှင့် နိုင်ငံပိုင်မီဒီယာများသို့ ပေးပို့ခြင်း၊

(ဂ) ဥပဒေရေးရာဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက် သတင်း (၄) ပုဒ်ကို နိုင်ငံပိုင်သတင်းစာနှင့် နိုင်ငံပိုင်မီဒီယာများသို့ ပေးပို့ခြင်း၊

(ဃ) နိုင်ငံတကာဆက်ဆံရေးဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက် သတင်း (၄) ပုဒ်ကို နိုင်ငံပိုင်သတင်းစာနှင့် နိုင်ငံပိုင်မီဒီယာများသို့ ပေးပို့ခြင်း၊

(င) စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက် သတင်း (၁၃) ပုဒ်ကို နိုင်ငံပိုင်သတင်းစာနှင့် နိုင်ငံပိုင်မီဒီယာများသို့ ပေးပို့ခြင်း။

**ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း**

၃၇။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ စာအုပ် ၅၀၀၀ အုပ်နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅ ခုနှစ်) စာအုပ် ၁၀၀၀ အုပ်အား ထပ်မံပုံနှိပ်၍ လူ့အခွင့်အရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြန့်ချိခဲ့ပါသည်။

၃၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အကြောင်း အများပြည်သူများ အလွယ်တကူ သိရှိနိုင်စေရန်အတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သရုပ်ဖော်ရုပ်ပြစာအုပ် မြန်မာဘာသာ အုပ်ရေ ၇၀၀ အုပ်၊ အင်္ဂလိပ်ဘာသာ အုပ်ရေ ၂၀၀ အုပ်၊ ရှရှားဘာသာ အုပ်ရေ ၁၀၀ အုပ်အား ပုံနှိပ်၍ လူ့အခွင့်အရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြန့်ချိခဲ့ပါသည်။

၃၉။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် လက်ကမ်းစာစောင် (၃) ခေါက်ချိုး စောင်ရေ ၃၀၀၀ နှင့် လက်ကမ်းစာစောင် (၄) ခေါက်ချိုး စောင်ရေ ၃၀၀ တို့အား ထပ်မံပုံနှိပ်၍ လူ့အခွင့်အရေး အသိပညာပေး လုပ်ငန်းများဆောင်ရွက်ရာတွင် ဖြန့်ချိခဲ့ပါသည်။

**ဘာသာရပ် ဆန်းစစ်ခြင်းနှင့် အသစ်ရေးဆွဲခြင်း**

၄၀။ ကော်မရှင်ရုံး၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၏ အဓိကလုပ်ငန်း ဆောင်ရွက်မှုများဖြစ်သော လူ့အခွင့်အရေး အသိပညာပေး ဟောပြောပွဲများ၊ လူ့အခွင့်အရေး အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ မှုများတွင် အသုံးပြုလျက်ရှိသည့် အောက်ဖော်ပြပါ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များနှင့် စပ်လျဉ်း၍ အချက်အလက်များ ရှာဖွေစုဆောင်းခြင်း၊ ပြုစုခြင်း၊ ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း၊ ဖြည့်စွက်မွမ်းမံခြင်းနှင့် ဘာသာရပ်အသစ် ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပါသည် -

(က) လူ့အခွင့်အရေးနိဒါန်း၊

(ခ) လူ့အခွင့်အရေးအခြေခံအယူအဆ၊

(ဂ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊

(ဃ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ၊

(င) ကလေးသူငယ်အခွင့်အရေး၊

(စ) အမျိုးသမီးအခွင့်အရေး၊

(ဆ) မသန်စွမ်းသူများအခွင့်အရေး၊

(ဇ) ပါရီအခြေခံမူများနှင့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ (Paris Principles and NHRIs)၊

(ဈ) နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်ကြီး (၉) ခု၊

(ည) နိုင်ငံတော်၏ တာဝန်ဝတ္တရားနှင့် အများပြည်သူ၏ တာဝန်ရှိမှု၊

(ဋ) ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရား၊

(ဌ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ပေါ်ပေါက်လာပုံနှင့် ကြေညာစာတမ်းပါ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်တို့နှင့် စပ်လျဉ်းသည့် အကြောင်းအရာများ၊

(ဍ) လူ့အခွင့်အရေး သဘောတရားများနှင့် လူသားများ၏ တာဝန်ရှိမှု၊

(ဎ) ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများနှင့် ကြက်ခြေနီ လုပ်ငန်းနှင့် လူ့အခွင့်အရေး ဆက်နွယ်မှုအကြောင်း၊

(ဏ) သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခွင့်အရေးများ၊

(တ) လူငယ်များအတွက် လူ့အခွင့်အရေး အရေးပါပုံ၊

(ထ) "တရားမျှတသော အခွင့်အလမ်းများဖြင့် တည်တံ့သော ငြိမ်းချမ်းရေး တည်ဆောက်မည့် တို့လူငယ်" ခေါင်းစဉ်နှင့် ပတ်သက်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များမှ ပန်းတိုင် ၁၀၊ ၁၆ တို့နှင့် စပ်လျဉ်းသည့် အကြောင်းအရာများ၊

(ဒ) ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ အကြောင်းအရာများ။

## ကော်မရှင်စာကြည့်တိုက်

၄၁။ ကော်မရှင်စာကြည့်တိုက်ကို ခေတ်မီ Digital စာကြည့်တိုက်အဖြစ်သို့ မြှင့်တင် ဆောင်ရွက်ရန်အတွက် စာကြည့်တိုက် ပြုပြင်ပြောင်းလဲရေး စီမံချက်ကို ၂၀၂၂ ခုနှစ်၊ မတ်လမှ စတင်၍ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်၏ လူ့အခွင့် အရေးဆိုင်ရာ အချက်အလက်များ ကိုးကားရန်အတွက်လည်းကောင်း၊ ဗဟုသုတ ရှာဖွေရန် အတွက်လည်းကောင်း အသုံးပြုလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများ ရှာဖွေစုဆောင်းရာတွင် အဓိကအရင်းအမြစ် (Resource Center) အဖြစ် ဆောင်ရွက်လျက်ရှိ ပါသည်။

၄၂။ ကော်မရှင်စာကြည့်တိုက်တွင် ဝယ်ယူဖြည့်တင်းလျက်ရှိသည့် စာအုပ်များ၊ ကော်မရှင် အဖွဲ့ဝင်များမှ လှူဒါန်းသည့် စာအုပ်များ၊ အခြားဝန်ကြီးဌာနများမှ ပေးပို့သည့် စာအုပ်များ အပါအဝင် လူ့အခွင့်အရေး၊ သုတ၊ ရသ၊ ဥပဒေ စာအုပ်များ စုဆောင်းထားရှိရာတွင် မြန်မာ ဘာသာဖြင့် ၂၈၇၀ အုပ်၊ အင်္ဂလိပ်ဘာသာဖြင့် ၁၂၁၅ အုပ်၊ စုစုပေါင်း ၄၀၈၅ အုပ်နှင့် e-Book ၂၃၈၉ အုပ် စုဆောင်းထားရှိပြီး စာကြည့်တိုက် အင်္ဂါရပ်နှင့်အညီ စာငှားကတ်ပြားများ ပြုလုပ်၍ စနစ်တကျ အသုံးပြုနိုင်ရန် ဆောင်ရွက်ထားရှိပါသည်။ မြန်မာနိုင်ငံ ပြန်တမ်း စာစောင်များ၊ Online နိုင်ငံတကာသတင်းများကိုလည်း ဝယ်ယူ၍ ကော်မရှင်သို့ အပတ်စဉ် ဖြန့်ဝေဆောင်ရွက်လျက်ရှိပါသည်။

## လူ့အခွင့်အရေးဆိုင်ရာ အထိမ်းအမှတ် ပြိုင်ပွဲများ ကျင်းပခြင်း

၄၃။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်သည့် "ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နေ့" အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲနှင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သည့် "(၇၇) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့" အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတို့အား အရာထမ်းအဆင့်နှင့် အမှုထမ်းအဆင့် ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ ဝန်ထမ်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား ဆုချီးမြှင့် ပေးအပ်ခဲ့ပြီး ဆုရဆောင်းပါး (၆) ပုဒ်အနက် (၄) ပုဒ်ကို နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။

**ဇယား (၈) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နေ့ အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲ ဆုရရှိသူများစာရင်း**

| စဉ် | ကလောင်အမည် | အမည်ရင်း | ရာထူး/ ဌာန | ဆုအမျိုးအစား |
|---|---|---|---|---|
| ၁ | ပါပီလွန် | ဦးကြည်စိုး | ဦးစီးအရာရှိ၊ မြှင့်တင်/ပညာ | ပထမ |
| ၂ | အိုလံပစ် | ဦးကောင်းပြည့်သော် | အငယ်တန်းစာရေး၊ ကာကွယ်/စောင့်ရှောက် | ဒုတိယ |
| ၃ | ရောင်စဉ် | ဦးအောင်ချမ်း | ဦးစီးအရာရှိ၊ မြှင့်တင်/ပညာ | တတိယ |
| ၄ | ညီ | ဦးညီမင်းဇံ | အကြီးတန်းစာရေး၊ e-Government | ပူးတွဲတတိယ |

**ဇယား (၉) (၇၇) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများစာရင်း**

**(အရာထမ်းအဆင့်)**

| စဉ် | ဆောင်းပါးအမည် | ကလောင် အမည် | အမည်ရင်း | ရာထူး/ ဌာန | ဆုအမျိုး အစား |
|---|---|---|---|---|---|
| ၁ | လူ့အခွင့်အရေး ခရီးကြမ်းမှတ်တမ်း နှင့် နိုင်ငံရေး သဘောတရားများ ထဲမှလူ့အခွင့်အရေး ဆိုသည်မှာ | နတ်နေကိုင်း | ဦးကြည်စိုး | ဦးစီးအရာရှိ၊ မြှင့်တင်/ ပညာ | ပထမ (၉-၁၂-၂၀၂၅ ရက်နေ့၊ မြန်မာ့အလင်း သတင်းစာပါ ဆောင်းပါး) |

| | | | | | |
|---|---|---|---|---|---|
| ၂ | လူ့အခွင့်အရေး-အနာဂတ်သို့ လမ်းပြမီးတိုင် | အောင် ကောင်းမြတ် | ဦးအောင် ကောင်းမြတ် | ဦးစီးအရာရှိ၊ စီမံ/ ဘဏ္ဍာ | ဒုတိယ (၁၁-၁၂-၂၀၂၅ ရက်နေ့၊ မြန်မာ့အလင်း သတင်းစာပါ ဆောင်းပါး) |
| ၃ | ငြိမ်းချမ်းခြင်းမှ ရသော လူ့ဂုဏ်သိက္ခာ | မောင်ငွေ (မဂ်လာ) | ဦးငွေမင်းထွန်း | ဦးစီးအရာရှိ၊ ကာကွယ်/ စောင့်ရှောက် | တတိယ (၁၄-၁၂-၂၀၂၅ ရက်နေ့၊ ကြေးမုံ သတင်းစာပါ ဆောင်းပါး) |

**(အမှုထမ်းအဆင့်)**

| **စဉ်** | **ဆောင်းပါးအမည်** | **ကလောင်အမည်** | **အမည်ရင်း** | **ရာထူး/ ဌာန** | **ဆု အမျိုးအစား** |
|---|---|---|---|---|---|
| ၁ | မျှတ၊ လေးစား၊ တန်ဖိုးထား လူ့အခွင့်အရေး စံနှုန်းများ | ဂျန်းမီ | ဒေါ်မြသက် နှင်း | ဒုတိယလူ့အခွင့် အရေး ဦးစီးမှူး၊ မြှင့်တင်/ ပညာ | ပထမ |
| ၂ | အမှောင်ထုကို တားဆီးရန် အတွက် အလင်းရောင် ကွင်းဆက်တစ်ခု | ကောင်းထက် | ဦးကောင်း ထက်မြင့် | ဒုတိယလူ့အခွင့် အရေးဦးစီးမှူး၊ ကာကွယ်/ စောင့်ရှောက် | ဒုတိယ |
| ၃ | မြန်မာ့ လူ့အခွင့် အရေး ယာဉ်ကြီး ဖြင့် | မင်းဝီရ | ဦးဇော်အောင် | အကြီးတန်း စာရေး၊ စီမံ/ ဘဏ္ဍာ | တတိယ (၁၀-၁၂-၂၀၂၅ ရက်နေ့ ကြေးမုံ သတင်းစာပါ ဆောင်းပါး) |

## မှတ်တမ်းဓာတ်ပုံများ



ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောပွဲ ကျင်းပခြင်း




ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (နေပြည်တော်) ၏ အလုပ်အမှုဆောင် အဖွဲ့ဝင်များအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောပွဲ ကျင်းပခြင်း




မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟို၏ သင်တန်းသားများအား
လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောပွဲ ကျင်းပခြင်း




မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဝန်ထမ်းများနှင့် စေတနာ့လုပ်အားရှင်များအား
လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောပွဲ ကျင်းပခြင်း



ရန်ကုန်တိုင်းဒေသကြီး၊ လူငယ်စင်တာ၌ ကျင်းပပြုလုပ်သည့် လူငယ်အသိပညာပေး ဟောပြောပွဲ၌ ပါဝင်ဆွေးနွေး ဟောပြောခြင်း



ရန်ကုန်တိုင်းဒေသကြီး၊ လူငယ်စင်တာ၌ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားနှင့် လူငယ်ဖိုရမ်တွင် ပါဝင်ဆွေးနွေးမည့် လူငယ်များအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောပွဲ ပြုလုပ်ခြင်း




နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၂၄) ၌ သင်ခန်းစာပို့ချခြင်း



စစ်ဦးစီးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၇၂) ၌ သင်ခန်းစာပို့ချခြင်း




တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ ခြေလျင်တပ်ရင်းမှူး သင်တန်း
အမှတ်စဉ် (၁၂၄၊ ၁၂၅) နှင့် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၂၇) တို့သို့
Online Platform ဖြင့် သင်ခန်းစာပို့ချခြင်း



တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)၊ ခြေလျင်တပ်ခွဲမှူး သင်တန်း
အမှတ်စဉ် (၁၀၉၊ ၁၁၀) တို့သို့ Online Platform ဖြင့် သင်ခန်းစာပို့ချခြင်း



တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)၊ ခြေလျင်တပ်ခွဲမှူး (အမျိုးသမီး)
သင်တန်းအမှတ်စဉ် (၁) ၌ သင်ခန်းစာပို့ချခြင်း



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ အဆင့်မြင့်အရာထမ်း
သင်တန်းအမှတ်စဉ် (၂၇) ၌ သင်ခန်းစာပို့ချခြင်း




နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး
သင်တန်းအမှတ်စဉ် (၁၇) ၌ သင်ခန်းစာပို့ချခြင်း



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ အခြေခံပညာ ဆရာ၊ ဆရာမများ
အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၁၀၉) ၌ သင်ခန်းစာပို့ချခြင်း




မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှူခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်)၊ စုံထောက် (အရာရှိ) သင်တန်းအမှတ်စဉ် (၁၉၇/၂၀၂၅) ၌ သင်ခန်းစာပို့ချခြင်း



မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး)၊ စခန်းမှူး သင်တန်း အမှတ်စဉ်(၇၀/၂၀၂၅) ၌ သင်ခန်းစာပို့ချခြင်း



မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး)၊ နယ်ထိန်း (အရာရှိ) သင်တန်းအမှတ်စဉ်(၃၆/၂၀၂၅) ၌ သင်ခန်းစာပို့ချခြင်း



အကျဉ်းဦးစီးဌာန (နေပြည်တော်)၊ ထောင်တာဝန်ခံအရာရှိ သင်တန်းအမှတ်စဉ် (၂၀) ၌ သင်ခန်းစာပို့ချခြင်း




အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု (မင်္ဂလာဒုံ)၊ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ် (၂/၂၀၂၅) ၌ သင်ခန်းစာပို့ချခြင်း



ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၌ သင်ခန်းစာပို့ချခြင်း



သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း)၊ သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Caregiver) သင်တန်းအမှတ်စဉ် (၁၇) ၌ သင်ခန်းစာပို့ချခြင်း




ဆရာ/ ဆရာမများ ဘာသာရပ်မွမ်းမံသင်တန်းသို့ Hybrid System ဖြင့် သင်ခန်းစာပို့ချခြင်း



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (နေပြည်တော်)၊ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ၌ သင်ခန်းစာပို့ချခြင်း



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (နေပြည်တော်)၊ စုံစမ်းစစ်ဆေးရေးဆိုင်ရာ အမှုစစ်သင်တန်း (အမှုထမ်း) အမှတ်စဉ် (၁/၂၀၂၅) ၌ သင်ခန်းစာပို့ချခြင်း



ဌာနတွင်း လူ့အခွင့်အရေး အသိပညာပေး သင်တန်းဖွင့်လှစ်ခြင်း




ရန်ကုန်တိုင်းဒေသကြီး၊ လူမှုရေးရာဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခြင်း



မြန်မာနိုင်ငံ၏ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုတို့သည် လူတိုင်းအတွက် သေချာစေရေးနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အခြေခံမှုများနှင့် ကိုက်ညီစေရေး အားပေးခြင်း ခေါင်းစဉ်နှင့် စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲသို့ ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဘာသာရပ်တာဝန်ခံအရာရှိ၊ လက်ထောက်ညွှန်ကြားရေးမှူးတို့ ပါဝင်တက်ရောက်ခြင်း




Myanmar Convention Centre – MCC (ရန်ကုန်) ၌ ကျင်းပပြုလုပ်သည့် "အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနား" သို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး၊ အရာထမ်းများ ပါဝင်တက်ရောက်ခြင်း

## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### လုပ်ငန်းတာဝန်များ

၄၄။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (င) တို့အရ လူ့အခွင့်အရေး ဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့်စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်း၊ တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်အရဖြစ်စေ၊ သတင်းအရဖြစ်စေ၊ လူ့အခွင့်အရေး ဖောက်ဖျက်မှု ဖြစ်ပွားကြောင်း သိရှိရသည့်နေရာသို့ သွားရောက်၍ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများနှင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိက ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာနများသို့ အကြောင်းကြား၍ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း အစရှိသည့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

### တိုင်တန်းချက်များအပေါ် စိစစ်မှု အခြေအနေ

၄၅။ ၂၀၂၅ ခုနှစ်အတွင်း ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက် ၃၄၆ စောင် လက်ခံရရှိခဲ့ပြီး သတင်းမီဒီယာအရ ဆောင်ရွက်မှု ၁ စောင်အပါအဝင် စုစုပေါင်းတိုင်တန်းချက် ၃၄၇ စောင်အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၅၁) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ စိစစ်ဆောင်ရွက်နိုင်ရန် အကြောင်းကြားခြင်း | ၆၂ မှု |
| ( ခ ) | တိုင်ကြားသူများထံ ပြန်ကြားခြင်း | ၄၆ မှု |
| ( ဂ ) | ကော်မရှင်ရုံးသို့ ခေါ်ယူစစ်ဆေးမေးမြန်းခြင်း | ၁ မှု |
| (ဃ) | မှတ်တမ်းထားရှိခြင်း | ၂၃၆ မှု |
| ( င ) | ကာယကံရှင်၏ ဆန္ဒအရ အမှုပိတ်သိမ်းခြင်း | ၂ မှု |

၄၆။ တိုင်တန်းချက် (၆၂) မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသို့ လိုအပ်သလို စိစစ်ဆောင်ရွက်နိုင်ရေးအတွက် အကြောင်းကြားစာ (၆၅) စောင်ပေးပို့ခဲ့ပြီး အများဆုံးပေးပို့ခဲ့သည့် ဝန်ကြီးဌာနများမှာ ပြည်ထဲရေးဝန်ကြီးဌာနသို့ (၁၂) စောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ (၁၀) စောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ (၈) စောင်တို့ ဖြစ်ပါသည်။

၄၇။ တိုင်ကြားသူများထံ ပြန်ကြားခဲ့သည့် (၄၆) မှုတွင် အကြံပြုပြန်ကြားခဲ့ခြင်း (၄၀) မှုနှင့် အထောက်အထားအချက်အလက်များ ပြန်လည်တောင်းခံခြင်း (၆) မှုတို့ ဖြစ်ပါသည်။

၄၈။ တိုင်တန်းချက် (၂၃၆) မှုကို အောက်ဖော်ပြပါ အချက်များကြောင့် မှတ်တမ်းထားရှိခဲ့ပါသည်-

(က) ကော်မရှင်ဥပဒေ ပုဒ်မ ၃၂ (ခ) အရ ကော်မရှင်၏ လုပ်ပိုင်ခွင့်အတွင်း မကျရောက်ခြင်း ၂၃ မှု

( ခ ) ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရ တိုင်တန်းသူအတွက် ပိုမိုကုစားနိုင်မည့် နည်းလမ်းရှိခြင်း၊ ပိုမိုသင့်လျော်သော ကြောင်းကျိုးညီညွတ်စွာ တိုင်တန်းနိုင်မည့် နည်းလမ်းရှိခြင်း ၁၀၅ မှု

( ဂ ) ကော်မရှင်ဥပဒေ ပုဒ်မ ၃၇ (က) နှင့် (ခ) အရ တရားရုံးစီရင်ဆဲနှင့် တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးခြင်း ၇၀ မှု

(ဃ) ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း အခန်း (၄)၊ အပိုဒ် (၅) အရ တိုင်တန်းချက် အင်္ဂါရပ်နှင့် မညီညွတ်ခြင်း ၃၈ မှု

**ရုံးခွဲများတွင် တိုင်တန်းချက် လက်ခံရရှိမှု**

၄၉။ ၂၀၂၅ ခုနှစ်အတွင်း ကော်မရှင် ရုံးခွဲများမှ တိုင်တန်းချက် (၉၇) မှုကို အောက်ပါအတိုင်း လက်ခံရရှိခဲ့ပါသည်-

| စဉ် | ရုံးခွဲ | အရေအတွက် |
|---|---|---|
| (က) | နေပြည်တော် | ၈၂ မှု |
| (ခ) | မန္တလေး | ၁၁ မှု |
| (ဂ) | ပုသိမ် | ၄ မှု |
| (ဃ) | စစ်တွေ | - |

**တိုင်းဒေသကြီး/ ပြည်နယ်နှင့် ပြည်ပမှ တိုင်တန်းချက်များ လက်ခံရရှိမှု**

၅၀။ ၂၀၂၅ ခုနှစ်အတွင်း နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ပမှ တိုင်တန်းချက်များ လက်ခံရရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်နှင့် ပြည်ပ | အရေအတွက် (မှု) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၁၈၉ | ၅၄.၄၆ % |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၄၄ | ၁၂.၆၈ % |
| ၃ | ဧရာဝတီတိုင်းဒေသကြီး | ၃၁ | ၈.၉၃ % |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၂၄ | ၆.၉၁ % |

| | | | |
|---|---|---|---|
| ၅ | မွန်ပြည်နယ် | ၁၈ | ၅.၁၈ % |
| ၆ | ရှမ်းပြည်နယ် | ၁၄ | ၄.၀၃ % |
| ၇ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ၁၀ | ၂.၈၈ % |
| ၈ | မကွေးတိုင်းဒေသကြီး | ၇ | ၂.၀၁ % |
| ၉ | ကရင်ပြည်နယ် | ၂ | ၀.၅၇ % |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီး | ၂ | ၀.၅၇ % |
| ၁၁ | ကချင်ပြည်နယ် | ၁ | ၀.၂၈ % |
| ၁၂ | တနင်္သာရီတိုင်းဒေသကြီး | ၄ | ၁.၁၅ % |
| ၁၃ | ကယားပြည်နယ် | - | - |
| ၁၄ | ချင်းပြည်နယ် | - | - |
| ၁၅ | ရခိုင်ပြည်နယ် | - | - |
| ၁၆ | ပြည်ပ | ၁ | ၀.၂၈ % |
| | **စုစုပေါင်း** | **၃၄၇** | |

**အမှုအမျိုးအစားအလိုက် လက်ခံရရှိမှု**

၅၁။ ၂၀၂၅ ခုနှစ်အတွင်း လက်ခံရရှိခဲ့သော တိုင်တန်းချက်များ၏ အမှုအမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| **စဉ်** | **အမှုအမျိုးအစား** | **အရေအတွက် (မှု)** | **ရာခိုင်နှုန်း** |
|---|---|---|---|
| ၁ | မြေယာအငြင်းပွားမှုနှင့် သက်ဆိုင်သောအမှု | ၉၉ | ၂၈.၅၃ % |
| ၂ | တရားရေးနှင့် သက်ဆိုင်သောအမှု | ၄၂ | ၁၂.၀၁ % |
| ၃ | အကျဉ်းထောင်နှင့် သက်ဆိုင်သောအမှု | ၃၉ | ၁၁.၂၃ % |
| ၄ | ရဲတပ်ဖွဲ့နှင့် သက်ဆိုင်သောအမှု | ၃၄ | ၉.၇၉ % |
| ၅ | တပ်မတော်နှင့် သက်ဆိုင်သောအမှု | ၂၀ | ၅.၇၆ % |
| ၆ | ငွေကြေးနှင့် သက်ဆိုင်သောအမှု | ၁၄ | ၄.၀၃ % |
| ၇ | အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်သောအမှု | ၁၄ | ၄.၀၃ % |

| | | | |
|---|---|---|---|
| ၈ | အမျိုးသမီးနှင့် သက်ဆိုင်သောအမှု | ၁၂ | ၃.၄၅ % |
| ၉ | အလုပ်သမားနှင့် သက်ဆိုင်သောအမှု | ၁၀ | ၂.၈၈ % |
| ၁၀ | နိုင်ငံသားစိစစ်ရေးကတ်ပြားရလိုမှု | ၁၀ | ၂.၈၈ % |
| ၁၁ | ဝန်ထမ်းနှင့် သက်ဆိုင်သောအမှု | ၉ | ၂.၅၉ % |
| ၁၂ | စည်ပင်သာယာနှင့် သက်ဆိုင်သောအမှု | ၆ | ၁.၇ % |
| ၁၃ | ဘာသာရေးနှင့် သက်ဆိုင်သောအမှု | ၅ | ၁.၄၄ % |
| ၁၄ | ကလေးသူငယ်နှင့် သက်ဆိုင်သောအမှု | ၅ | ၁.၄၄ % |
| ၁၅ | Business & Human Rights | ၂ | ၀.၅၇ % |
| ၁၆ | နိုင်ငံခြားနှင့် သက်ဆိုင်သောအမှု | ၁ | ၀.၂၈ % |
| ၁၇ | လုပ်ငန်းလုပ်ကိုင်ခွင့်နှင့် သက်ဆိုင်သောအမှု | ၁ | ၀.၂၈ % |
| ၁၈ | လူကုန်ကူးမှုနှင့် သက်ဆိုင်သောအမှု | ၁ | ၀.၂၈ % |
| ၁၉ | လက်နက်ကိုင်နှင့် သက်ဆိုင်သောအမှု | ၁ | ၀.၂၈ % |
| ၂၀ | ကလေးစစ်သားနှင့် သက်ဆိုင်သောအမှု | ၁ | ၀.၂၈ % |
| ၂၁ | အခြားအမှု | ၂၁ | ၆.၀၅ % |
| | **စုစုပေါင်း** | **၃၄၇** | |

**သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပြန်ကြားစာ ရရှိမှု**

၅၂။ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များထံသို့ ပေးပို့ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် တိုင်တန်းချက်များအပေါ် ပြန်ကြားချက် (၈) စောင်နှင့် ၂၀၂၅ ခုနှစ် တိုင်တန်းချက်များအပေါ် ပြန်ကြားချက် (၄၁) စောင် စုစုပေါင်း ပြန်ကြားစာ (၄၉) စောင်ကို လက်ခံရရှိခဲ့ပြီး တိုင်ကြားသူများသို့ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို အကြောင်း ပြန်ကြားခဲ့ပါသည်။ ၂၀၂၅ ခုနှစ် တိုင်တန်းချက်များအပေါ် ပြန်ကြားချက် (၄၁) စောင်ကို ပြန်ကြားလာသည့် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| **စဉ်** | **ဌာန/ အဖွဲ့အစည်းအမည်** | **ပေးပို့** | **ပြန်ကြား** | **ရာခိုင်နှုန်း** |
|---|---|---|---|---|
| ၁ | အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး | ၁ | ၁ | ၁၀၀ % |

| | | | | |
|---|---|---|---|---|
| ၂ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁ | ၁ | ၁၀၀ % |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန | ၁ | ၁ | ၁၀၀ % |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန | ၁၂ | ၈ | ၆၆.၆ % |
| ၅ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၁ | ၁ | ၁၀၀ % |
| ၆ | ပြန်ကြားရေးဝန်ကြီးဌာန | ၁ | - | - |
| ၇ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ၁ | ၁ | ၁၀၀ % |
| ၈ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၃ | ၂ | ၆၆.၆၆ % |
| ၉ | သယံဇာတနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ၃ | ၃ | ၁၀၀ % |
| ၁၀ | စက်မှုဝန်ကြီးဌာန | ၁ | - | |
| ၁၁ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၈ | ၆ | ၇၅ % |
| ၁၂ | အလုပ်သမားဝန်ကြီးဌာန | ၄ | ၄ | ၁၀၀ % |
| ၁၃ | ပညာရေးဝန်ကြီးဌာန | ၃ | ၃ | ၁၀၀ % |
| ၁၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂ | ၁ | ၅၀ % |
| ၁၅ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၁ | ၁ | ၁၀၀ % |
| ၁၆ | ကချင်ပြည်နယ်အစိုးရအဖွဲ့ | ၁ | ၁ | ၁၀၀ % |
| ၁၇ | မွန်ပြည်နယ်အစိုးရအဖွဲ့ | ၁ | ၁ | ၁၀၀ % |
| ၁၈ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂ | ၂ | ၁၀၀ % |
| ၁၉ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁၀ | ၂ | ၂၀ % |
| ၂၀ | ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ၂ | ၁ | ၅၀% |
| ၂၁ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၄ | - | - |
| ၂၂ | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ | ၁ | - | - |
| ၂၃ | တရားလွှတ်တော်ရှေ့နေများကောင်စီ | ၁ | - | - |
| | **စုစုပေါင်း** | **၆၅** | **၄၀** | **၆၁.၅၃ %** |

## သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးမှုများ

၅၃။ ၂၀၂၅ ခုနှစ်အတွင်း ကော်မရှင်မှ ပေးပို့ခဲ့သော တိုင်တန်းချက်များနှင့် စပ်လျဉ်းသည့် အကြောင်းကြားစာများအပေါ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးမှုများကို အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်နေ တိုင်ကြားသူသည် ယင်း၏ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် ကျန်ရှိသော အမွေကိစ္စနှင့် စပ်လျဉ်း၍ တရားရင်ဆိုင်လျက်ရှိရာ တရားပြိုင်များ၏ လုပ်ကြံတိုင်တန်းမှုကြောင့် ယင်းကိုင်ဆောင်ထားသော နိုင်ငံသားစိစစ်ရေးကတ်ပြားကို သက်ဆိုင်ရာဌာနမှ ပြန်လည်သိမ်းဆည်းခြင်းခံခဲ့ရသဖြင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်ကြားချက် ပေးပို့လာမှုအပေါ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်ကြားသူ၏ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရန် ကိုင်ဆောင်လက်မှတ် တစ်မျိုးမျိုး ရရှိရေးအတွက် နိုင်ငံသားအဆုံးအဖြတ်ခံယူရန် လျှောက်ထားစေခဲ့ပြီး ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၆၇ အရ ဖွဲ့စည်းထားသော ဗဟိုအဖွဲ့သို့ တင်ပြဆောင်ရွက်လျက်ရှိပါသည်။

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်နေ တိုင်ကြားသူ (၄) ဦးသည် လယ်ဝေးမြို့နယ် ဦးစီးမှူးရုံးသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား သွားရောက်လျှောက်ထားခဲ့သော်လည်း အချက်အလက်များ မပြည့်စုံဟုဆိုကာ ဆောင်ရွက်ပေးခြင်းမရှိဘဲ ကြန့်ကြာနေသဖြင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာမှုအပေါ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၇ (က) အရ ယင်းတို့ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်မှ တိုင်ကြားသူ (၂) ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် လူမျိုး/ ဘာသာတို့သည် အိမ်ထောင်စု လူဦးရေစာရင်း၌ပါရှိသည့် အချက်အလက်နှင့် ကွဲလွဲနေသဖြင့် ပြင်ဆင်ပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာမှုအပေါ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယင်းတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် လူမျိုးအမည် စိစစ်ပြင်ဆင်ပေးခြင်းနှင့် UID ကတ်ထုတ်ပေးခြင်းတို့ကို သက်ဆိုင်ရာဌာနက ဆောင်ရွက်ပေးခဲ့ပါသည်။

(ဃ) မွန်ပြည်နယ်၊ ပေါင်မြို့နယ်နေ တိုင်ကြားသူ (၂) ဦးတို့က သထုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနရုံးတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားခဲ့စဉ် ဖခင်ဘက်မှ ဆွေမျိုးတစ်ဦးဦး၏ အထောက်အထားလိုအပ်ကြောင်း ပြောကြားခဲ့သဖြင့် တိုင်ကြားသူတို့ဘက်မှ ဆွေမျိုးများနှင့် အဆက်အသွယ် ပြတ်တောက်သည်မှာ ကြာမြင့်ပြီဖြစ်သောကြောင့် အခက်အခဲရှိကြောင်း တင်ပြခဲ့သော်လည်း သထုံမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနရုံးက လက်ခံဆောင်ရွက်ပေးခြင်းမရှိဘဲ တာဝန်ကျစာရေးဝန်ထမ်းတစ်ဦးမှ လက်ရှိကာလတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား မလုပ်ပေးသေးကြောင်းနှင့် မည်သည့်အချိန်/ နေ့ရက်တွင် လာရောက်ရမည်ကိုလည်း မသိကြောင်းသာ ပြောသောကြောင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာမှုအပေါ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ နိုင်ငံသား လျှောက်ထားမှုကိစ္စ ကြန့်ကြာနေရခြင်းမှာ နိုင်ငံသားဖြစ်မှုသေချာစေရန် ဖခင်ဘက်မှ အထောက်အထား တစ်ခုခုအား တောင်းခံစိစစ်နေရခြင်းကြောင့်ဖြစ်ပြီး ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၅ နှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ၁၀-၁၁-၂၀၂၅ ရက်နေ့တွင် ထုတ်ပေးပြီးဖြစ်ပါသည်။

(င) ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ တိုင်တန်းသူက နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရန် ၂၀၁၄ ခုနှစ်မှစတင်၍ လျှောက်ထားခဲ့ရာ နေပြည်တော်ရှိ ရုံးချုပ်သို့ တင်ပြထားသည်ဟု သိရှိခဲ့ရပြီး ယနေ့အထိ ဆောင်ရွက်ပေးခြင်း မရှိသဖြင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာမှုအပေါ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ဥပဒေနှင့်အညီ ကိုင်ဆောင်လက်မှတ် တစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးအတွက် အမှုတွဲအား ကြန့်ကြာမှု မရှိစေဘဲ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၆၇ အရ ဖွဲ့စည်းထားသော ဗဟိုအဖွဲ့သို့ အမြန်ဆုံးတင်ပြဆောင်ရွက်လျက်ရှိပါသည်။

(စ) ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့ရှိ ရှမ်းရိုးမဘိုးဘွားရိပ်သာတွင် တာဝန်ထမ်းဆောင်နေသည့် တိုင်တန်းသူသည် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်ဇာတိဖြစ်ပြီး ခွင့်ဖြင့် နေရပ်ပြန်ချိန်တွင် မိသားစု အိမ်ထောင်စု လူဦးရေစာရင်း၌ တိုင်ကြားသူ၏ အမည် မပါရှိတော့သဖြင့် ရေစကြိုမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနရုံးသို့ မေးမြန်းခဲ့ရာ ပြုလုပ်ပေးခဲ့သော ဝန်ထမ်း ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရှိခဲ့ရသဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၌ အမည်ပြန်လည်ထည့်သွင်းပေးနိုင်ရေး ကူညီဆောင်ရွက်ပေးစေလိုကြောင်း ကော်မရှင်

သို့ တိုင်တန်းချက်ပေးပို့လာမှုအပေါ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ရာ တိုင်ကြားသူသည် လွန်ခဲ့သော (၇) နှစ်ကတည်းက ရှမ်းရိုးမဘိုးဘွားရိပ်သာတွင် သွားရောက် အလုပ်လုပ်ကိုင်နေသူဖြစ်ပြီး အဆိုပါလိပ်စာပါ အိမ်ထောင်စုလူဦးရေ စာရင်းတွင် အမည်ပါဝင်သူဖြစ်ကြောင်း တွေ့ရှိရသဖြင့် အမည်ပေါက်သော လိပ်စာဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ပြန်လည်ထုတ်ပေးပြီး ဖြစ်ပါသည်။

(ဆ) မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ တိုင်ကြားသူသည် ယင်း၏ ရွှေထည်နှင့် ငွေကြေးများ ပျောက်ဆုံးခဲ့သဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မုပွန်ရဲစခန်းသို့ သွားရောက်တိုင်ကြားခဲ့သော်လည်း ခိုးယူသူ တရားခံများကို ဖမ်းဆီးမှုမရှိခြင်းနှင့် တစ်နှစ်နီးပါး ကြာသည်အထိ အမှုကို တရားရုံးသို့ စွဲတင်မှုမရှိခြင်းတို့ကြောင့် အမှုကြန့်ကြာအောင် ပြုလုပ်နေသော ရဲတပ်ဖွဲ့ဝင်များအား အရေးယူဆောင်ရွက်ပေးစေလိုပါကြောင်း ကော်မရှင်သို့ တိုင်ကြားချက်ပေးပို့လာမှုအပေါ် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ အမှုကို ဥပဒေနှင့်အညီ လက်ခံရေးဖွင့်ခြင်း မရှိဘဲ စနစ်တကျ စုံစမ်းစစ်ဆေးမှု မရှိ၍ အမှုမှာ ပေါ်ပေါက်မှု မရှိခြင်းတို့အတွက် မုပွန်နယ်မြေရဲစခန်းမှ ရဲအုပ်နှင့် နယ်ထိန်းအရာရှိတို့အား ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အမှုကို စုံထောက်မရမှုဖြင့် ပိတ်သိမ်းထားသော်လည်း နယ်ထိန်းအဖွဲ့ဖြင့် ဆက်လက်စုံစမ်းဆောင်ရွက်သွားရန်၊ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးက ကြပ်မတ်ဆောင်ရွက်သွားရန်တို့ကို မွန်ပြည်နယ်ရဲတပ်ဖွဲ့သို့ အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဇ) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ တိုင်ကြားသူသည် ယင်း၏ မိခင်ပိုင်ဆိုင်သော တစ်ထပ်ပျဉ်ထောင်အိမ်အား အသေးစား ပြင်ဆင်မှုလျှောက်ထားခြင်းအား စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ အကြောင်းမဲ့ ခွင့်မပြုခြင်း၊ တာဝန်ခံအင်ဂျင်နီယာမှ ရိုင်းပြစွာ ပြောဆိုဆက်ဆံခြင်းနှင့် အိမ်ပြင်ဆင်ခွင့်မရခြင်းတို့ကြောင့် သက်ကြီးရွယ်အို မိခင်ဖြစ်သူအတွက် နေအိမ်မလုံခြုံသဖြင့် ဒုက္ခရောက်နေရကြောင်း ကော်မရှင်သို့ တိုင်ကြားချက် ပေးပို့လာမှုအပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာ တာဝန်ခံအင်ဂျင်နီယာအား အများပြည်သူနှင့် ပြေပြစ်စွာ ပြောဆိုဆက်ဆံနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် တိုင်တန်းချက်ပါ နေအိမ်သည် ရာသီဥတုဒဏ်၊ ဘေးဒဏ်ခံနိုင်ရန်အတွက် နေအိမ်အသေးစား ပြင်ဆင်ရန် အမှန်တကယ် လိုအပ်လျက်ရှိကြောင်း မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် တွေ့ရှိရသဖြင့် သက်ဆိုင်ရာဌာန၊ ကော်မတီ၏

လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်ကြားလာပါသည်။

(ဈ) ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်နေ တိုင်ကြားသူ (၅) ဦးတို့က သုံးခွမြို့မ ရဲစခန်းသည် လူသတ်မှုတွင် ပါဝင်ကျူးလွန်ခဲ့သူများအား အရေးယူဆောင်ရွက် ခြင်းမပြုဘဲ ပြစ်မှုကျူးလွန်ခြင်း မရှိသူများအား ဖမ်းဆီးထားသဖြင့် အမှုမှန် ပေါ်ပေါက်စေရေး ဆောင်ရွက်ပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာမှုအပေါ် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ သုံးခွ မြို့မရဲစခန်းမှူးသည် အမှုအား ပြည့်စုံစွာ စစ်ဆေးခြင်းမရှိဘဲ ကွင်းဆက်မပြတ် စစ်ဆေးတည်ဆောက်မှုမရှိကြောင်း တွေ့ရှိရသဖြင့် ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးညွှန်ကြားခြင်း မရှိသည့် သုံးခွမြို့နယ်ရဲတပ်ဖွဲ့မှူးကို မှတ်တမ်းတင် သတိပေး လက်မှတ် ရေးထိုးပြီးဖြစ်ပါသည်။

(ည) ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်နေ တိုင်ကြားသူ၏ ဇနီးဖြစ်သူသည် ရသာချို စက်မှုလုပ်ငန်းလီမိတက်၊ ယမ်ယမ်ခေါက်ဆွဲထုပ်စက်ရုံမှ အလုပ် ထုတ်ပယ်ခံရသဖြင့် အလုပ်သမား ရသင့်ရထိုက်သည့် အခွင့်အရေးများ ဆုံးရှုံး နစ်နာမှုများအား ကူညီဆောင်ရွက်ပေးပါရန် ကော်မရှင်သို့ တိုင်ကြားချက် ပေးပို့ လာမှုအပေါ် အလုပ်သမားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်တန်း သူ၏ဇနီးအား အလုပ်မှထုတ်ပယ်မည်ဟု နှုတ်ဖြင့် ပြောကြားခဲ့ရာ ခွင့်မဲ့ ပျက် ကွက်သည့် နေ့ရက်များအတွက် လူမှုဖူလုံရေးဆေးခန်းမှ ဆေးခွင့်ရရှိကြောင်း သိရှိရသည်နှင့် တစ်ပြိုင်နက် အလုပ်ပြန်လည်ခန့်ထားမည်ဖြစ်ကြောင်း အလုပ် သမားထံ စာဖြင့် အကြောင်းကြားစာပေးပို့ထားပြီး အလုပ်မှ ထုတ်ပယ်မှု မရှိပါ ကြောင်း၊ စက်ရုံသည် တိုင်တန်းသူ၏ဇနီးအား ဆန္ဒရှိပါက အလုပ်ပြန်လည် ဝင်ရောက်လုပ်ကိုင်နိုင်ကြောင်း ပြောကြားခဲ့ရာ အလုပ်သမားမှ အလုပ် ဆက်လက်လုပ်ကိုင်ရန် ဆန္ဒမရှိသဖြင့် နစ်နာကြေး ငွေကျပ် ၅,၈၈၀,၀၀၀ (ငါးဆယ့်ရှစ်သိန်းရှစ်သောင်းကျပ်တိတိ) ပေးချေသည်ကို အလုပ်သမားမှ ကျေနပ်လက်ခံခဲ့ပါကြောင်း၊ အဆိုပါစက်ရုံသည် အချိန်ပိုအား ခွင့်ပြုမိန့် တောင်းခံ လုပ်ကိုင်မှုမရှိခြင်းကို စစ်ဆေးတွေ့ရှိရသဖြင့် ရန်ကုန်တိုင်းဒေသကြီး စစ်ဆေးရေးမှူး ရှေ့မှောက်၌ နောက်ဆုံးအကြိမ် ခံဝန်ကတိ လက်မှတ်ရေးထိုး ပြီးကြောင်း ပြန်ကြားလာပါသည်။

(ဋ) ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်နေ တိုင်ကြားသူသည် PT Power ကုမ္ပဏီတွင် လက်ထောက်မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ယင်း

တာဝန်ယူရသော ဆိုင်ခွဲမှ ငွေကျပ် (၅၇) သိန်းခန့် တန်ဖိုးရှိသော စက်သုံးဆီများကို တိုင်ကြားသူမသိဘဲ အခြားဝန်ထမ်းက ရောင်းချခဲ့သည့် ဖြစ်စဉ်တွင် မတရားစွပ်စွဲ အလုပ်ထုတ်ခံရသဖြင့် ကူညီဆောင်ရွက်ပေးပါရန် ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာမှုအပေါ် အလုပ်သမားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ပေါင်းစပ်အဖွဲ့မှ စိစစ်ညှိနှိုင်း ဖြေရှင်းပေးခဲ့ပြီး အလုပ်ရှင်ဘက်မှ တိုင်ကြားသူ၏ လုပ်အားခကျန်ငွေ စုစုပေါင်း ငွေကျပ် ၄၁၈,၅၁၆ ကို ပေးချေခဲ့ရာ ကျေနပ်လက်ခံသဖြင့် ပြေလည်မှု ရရှိခဲ့ပါသည်။

(၄) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နေ တိုင်ကြားသူက အထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်လုပ်ကိုင်နေသည့် ကလေးလုပ်သားမိန်းကလေးငယ်တစ်ဦးသည် လုပ်ငန်းခွင်အတွင်း ညဆိုင်းဆင်းနေစဉ် စက်ချို့ယွင်းမှုကြောင့် မတော်တဆ ထိခိုက်မှုဖြစ်ပြီး သေဆုံးသွားခဲ့မှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခြင်း မရှိသည့်အပြင် နစ်နာကြေး၊ လျော်ကြေးများ ရရှိခြင်းလည်းမရှိ၍ ကူညီဆောင်ရွက်ပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာမှုအပေါ် အလုပ်သမားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ စက်ရုံပိုင်ရှင်နှင့် HR မန်နေဂျာတို့အား တရားစွဲဆို ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းခွင်သေဆုံးမှုအတွက် လူမှုဂရုဏာကြေးနှင့် နာရေးစရိတ် ငွေကျပ် ၁၂,၀၀၀,၀၀၀ ကိုလည်းကောင်း၊ နာရေးစရိတ်ငွေနှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်အဖြစ် ငွေကျပ် ၄,၆၀၈,၀၀၀ ကိုလည်းကောင်း သေဆုံးသူ၏ မိသားစုထံသို့ ပေးအပ်ခဲ့ရာ ကျေနပ်လက်ခံခဲ့ပါသည်။

(၃) ထိုင်းနိုင်ငံ၊ ဖစ်ဘူရီခရိုင်ရှိ Cal-Comp Electronic (Thailand) Public Co,Ltd မှ မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၄၀၀ ကျော်ခန့် အလုပ်ထုတ်ခံခဲ့ရမှုနှင့် စပ်လျဉ်း၍ ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အပါအဝင် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်အဖွဲ့ဝင် ကော်မရှင်များထံ e-mail ဖြင့် ပေးပို့လာမှုအပေါ် အလုပ်သမားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ အလုပ်ရှင်မှ အလုပ်သမားများ၏ လုပ်ခလစာကျန်ငွေ၊ အလုပ်ထုတ်နစ်နာကြေးနှင့် ကရုဏာကြေး ၁ ဦးလျှင် ပျမ်းမျှ ဘတ် ၂၁,၀၀၀ ခန့်အား ပေးချေခဲ့ကြောင်း၊ အလုပ်ပြောင်းရွှေ့ရန်အတွက် စာရွက်စာတမ်းများ ပြုလုပ်ရန် ထိုင်းအာဏာပိုင်များမှ ဖွင့်လှစ်ပေးထားသော သွေးစစ်ကုန်းဈေးရှိ စင်တာတွင် အလုပ်သမားများ လာရောက်ဆောင်ရွက်ခြင်း မရှိတော့သဖြင့် ၃၁-၁၀-၂၀၂၅ ရက်နေ့အထိ နောက်ဆုံးဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထိုင်းအလုပ်အကိုင်ရှာဖွေရေးရုံး (Department of

Employment – DOE) နှင့် Cal-Comp Electronic (Thailand) Public Co.Ltd ပိုင်ရှင်၏ ချိတ်ဆက်ပေးမှုဖြင့် အလုပ်ထုတ်ခံခဲ့ရသော အလုပ်သမားများသည် ထိုင်းနိုင်ငံရှိ စက်ရုံ ၁၃ ရုံတွင် အလုပ်ဝင်ရောက် လုပ်ကိုင်လျက်ရှိကြောင်း အကြောင်းကြားလာပါသည်။

(ဃ) ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်နေ တိုင်ကြားသူသည် ၂၄-၁၀-၂၀၂၁ ရက်နေ့တွင် လက်ထပ်ထိမ်းမြားခဲ့ပြီး ခင်ပွန်းဖြစ်သူ၏ နေအိမ်၌ လိုက်ပါနေထိုင်ရာ ကိုယ်ဝန်ရရှိသည့်အချိန်တွင် ခင်ပွန်းဖြစ်သူသည် အိမ်ထောင်ရေးဖောက်ပြန်ခြင်းနှင့် လူအများရှေ့တွင် ရိုက်နှက်ခြင်းများ ပြုလုပ်လာခြင်း၊ ယောက္ခမဖြစ်သူမှလည်း တိုင်ကြားသူအား အိမ်အကူအလုပ်သမားတစ်ဦးပမာ အိမ်အလုပ်များ မျိုးစုံခိုင်းခြင်း၊ နှိပ်စက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် လက်ချောင်းများ ကျိုးကြေခြင်းနှင့် ခန္ဓာကိုယ်တွင် ညိုမဲဒဏ်ရာများစွာ ရရှိခဲ့၍ ၁၇-၁၂-၂၀၂၄ ရက်နေ့တွင် တိုင်ကြားသူသည် မိဘများနှင့်အတူ ပြန်လည်နေထိုင်ခဲ့ပါသည်။ ခင်ပွန်းဖြစ်သူ၏ နေအိမ်၌ တိုင်ကြားသူ ပိုင်ဆိုင်သော လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများကို ပြန်လည်ပေးအပ်ရန်နှင့် ညှဉ်းပန်းနှိပ်စက်ခဲ့မှုအပေါ် တိုင်ကြားသူ၏ မိဘများကျေနပ်သည်အထိ တောင်းပန်ရန် အကြောင်းကြားခဲ့သော်လည်း ရိုက်နှက်ခဲ့ခြင်း မရှိကြောင်းနှင့် လက်ဝတ်ရတနာများ ကျန်ရှိခဲ့ခြင်း မရှိကြောင်း ပြောဆိုခဲ့သဖြင့် နစ်နာဆုံးရှုံးရသည့်အတွက် လိုအပ်သလို ကူညီပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်ကြားစာပေးပို့လာမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်ကြားသူအား Legal Clinic Myanmar နှင့် ချိတ်ဆက်ပေးခဲ့ပြီး လိုအပ်သည့် အထောက်အထားများဖြင့် တရားစွဲဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

(င) ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်နေ တိုင်ကြားသူ၏ ညီမဖြစ်သူသည် တွံတေးမြို့နယ်၊ ခတ္တိယကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း၊ G-7 တွင် ပညာသင်ကြားလျက်ရှိပြီး ၂၆-၉-၂၀၂၄ ရက်နေ့တွင် ကျောင်းတက်ရောက်ခြင်းမရှိဘဲ အမျိုးသားတစ်ဦးနှင့် သွားရောက်တွေ့ဆုံခဲ့သည့် အကြောင်းပြချက်ဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းအပ် လက်မခံသောကြောင့် ကျောင်းထွက်လက်မှတ် တောင်းဆိုခဲ့ရာ ဆေးစစ်ရန် ပြောကြားသဖြင့် ဆေးရုံတွင် အကြိမ်ကြိမ် သွားရောက်စစ်ဆေးခဲ့ရသည်ဖြစ်ရာ အရွယ်မရောက်သေးသော ကျောင်းသူတစ်ဦး၏ အနာဂတ်ပညာရေးကို ထိခိုက်စေသည့်အပြင် အမျိုးသမီးငယ်တစ်ဦး၏ ဂုဏ်သိက္ခာ ထိခိုက်နစ်နာအောင် ပြုလုပ်သူများကို အရေးယူ ဆောင်ရွက်ပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့

လာမှုအပေါ် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၁၂-၇-၂၀၂၅ ရက်နေ့တွင် ကျောင်းပြောင်း လက်မှတ်ရရှိပြီး ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ခတ္တိယ- အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ပညာသင်ယူခွင့်ရရှိရန် လိုအပ်သည့် အထောက်အထား ပြည့်စုံစွာဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

(တ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေ တိုင်ကြားသူက ကွာရှင်းစာချုပ်အတု ပြုလုပ်ခဲ့သည့် ရှေ့နေများအား အရေးယူဆောင်ရွက်ပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာမှုအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တရားလွှတ်တော်ရှေ့နေသည် ကွာရှင်းစာချုပ်ပေါ်တွင် တရားရုံးတံဆိပ်တုံးအတုများ အသုံးပြု၍ မမှန်ကန်သော ဖြည့်သွင်းချက်များ ဖန်တီးပြုလုပ်ပြီး လိမ်လည်ဆောင်ရွက်ခဲ့သဖြင့် တရားလွှတ်တော်ရှေ့နေစာရင်းမှ ပယ်ဖျက်၍ အရေးယူဆောင်ရွက်ပြီး ဖြစ်ပါသည်။

(ထ) ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်နေ တိုင်ကြားသူက လယ်ဝေးမြို့နယ် ရဲစခန်း၌ အသက်မပြည့်သေးသည့် ကလေးသူငယ်များအား အချုပ်ခန်းအတွင်း ဖမ်းဆီးချုပ်နှောင်ထားသဖြင့် ကူညီဆောင်ရွက်ပေးပါရန် ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာမှုအပေါ် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ စစ်ဆေးတွေ့ရှိချက်များအရ အသက်မပြည့်သေးသည့် ကလေးသူငယ် နှစ်ဦးပါ တရားခံ ၅ ဦးကို မီးရှို့ဖျက်ဆီးထားသည့် ပစ္စည်းများနှင့်အတူ တွေ့ရှိရ၍ ဥပဒေနှင့်အညီ ဖမ်းဆီးထားခြင်းဖြစ်ကြောင်း၊ ကလေးသူငယ် (၂) ဦးကို ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လူကြီးတရားခံများနှင့် ရောနှောချုပ်နှောင်ခြင်းမပြုဘဲ ရဲစခန်းမှူး၏ အုပ်ထိန်းမှုအောက်တွင်သာ ထိန်းသိမ်းထားရှိပြီး ၂၃-၅-၂၀၂၅ ရက်နေ့တွင် ကလေးသူငယ်နှစ်ဦး ပြန်လည်လွှတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

(ဒ) ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်မှ တိုင်ကြားသူ (၂) ဦး အစဉ်အဆက် လုပ်ကိုင်ခဲ့သော လယ်ယာမြေ ဧရိယာ (၂၄.၀၃) ဧကနှင့် ပတ်သက်၍ မူလစိုက်ပျိုးသူ လယ်သမားနှစ်ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ထုတ်ပေးခြင်းမရှိဘဲ အခြားသူတစ်ဦးအား ပုံစံ (၇) ထုတ်ပေးခဲ့မှုနှင့် စပ်လျဉ်းသည့် လယ်မြေအငြင်းပွားမှုကို သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ထံ အယူခံတင်ပြသော်လည်း ဆောင်ရွက်ပေးခြင်းမရှိသဖြင့် ကူညီပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာမှုအပေါ် စိုက်ပျိုးရေး၊

မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ အဆိုပါ တိုင်တန်းသူ လယ်သမား (၂) ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ (၇) ထုတ်ပေးပြီး ဖြစ်ပါသည်။

## ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း

၅၄။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်နေ တိုင်ကြားသူက ယင်းပိုင်ဆိုင်သည့် မြေကွက်အား လူတစ်စုမှ အဂတိလိုက်စားသော ဝန်ထမ်းများနှင့် ပူးပေါင်း၍ အခြားလူတစ်ဦး ၏ အမည်ဖြင့် မြေငှားဂရန် ထုတ်ယူပြီး မင်းမဲ့စရိုက်ဆန်စွာ မြေအပိုင်စီးထားသည့် ကိစ္စအား အခွင့်အရေး ဆုံးရှုံးနေခြင်းကို ကူညီဆောင်ရွက်ပေးပါရန် တိုင်ကြားလာသဖြင့် ကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၁၃-၈-၂၀၂၅ ရက်နေ့နှင့် ၁၄-၈-၂၀၂၅ ရက်နေ့တို့တွင် မန္တလေးမြို့၌ အခြေပြု၍ သက်သေ (၁၀) ဦးအား တွေ့ဆုံမေးမြန်းခဲ့ကာ စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များကို အမျိုးသားကာကွယ် ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ ၅-၁၁-၂၀၂၅ ရက်နေ့တွင် ပေးပို့တင်ပြခဲ့ရာ ၂၁-၁၁-၂၀၂၅ ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးမှ ကော်မရှင်၏ စစ်ဆေးတွေ့ရှိ ချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်နိုင်ရန် ပြည်ထဲရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပေးပို့ခဲ့ပါသည်။

## တိုင်ကြားသူတို့၏ တုံ့ပြန်မှုများ

၅၅။ ၂၀၂၅ ခုနှစ်အတွင်း ကော်မရှင်သို့ ပေးပို့ခဲ့သော တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်ပေးမှုအပေါ် တိုင်ကြားသူတို့၏ တုံ့ပြန်မှုများကို အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြပါသည်-

(က) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်နေ တိုင်ကြားသူနှင့် သားဖြစ်သူတို့သည် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပျောက်ဆုံးသွားသဖြင့် ပြန်လည်လျှောက် ထားရာတွင် အခက်အခဲ ဖြစ်နေမှုကို ကူညီဆောင်ရွက်ပေးစေလိုကြောင်း တိုင်တန်းချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ ရာ နိုင်ငံသားစိစစ်ရေးကတ်များ ရရှိသွားသဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပေးပို့ လာပါသည်။

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်နေ တိုင်ကြားသူတို့သည် နိုင်ငံသား စိစစ် ရေး ကတ်ပြားများရရှိရေး လျှောက်ထားခဲ့သော်လည်း အချက်အလက်များ မပြည့်စုံသဖြင့် မရရှိခဲ့သောကြောင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း တိုင်တန်းချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့

ရာ နိုင်ငံသားစိစစ်ရေးကတ်များ ရရှိသွားသဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပေးပို့လာပါသည်။

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်နေ တိုင်တန်းသူသည် လယ်မြေအငြင်းပွားမှုနှင့် စပ်လျဉ်း၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ အယူခံတင်သွင်းခဲ့သော်လည်း ဆက်လက်ဆောင်ရွက်ပေးခြင်း မရှိသဖြင့် မူလစိုက်ပျိုးသူ လယ်သမား (၂) ဦး၏ နစ်နာမှုအပေါ် ကူညီဖြေရှင်းပေးစေလိုကြောင်း တိုင်တန်းချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ကာလအတွင်း အယူခံဝင်ရောက်နိုင်ပါကြောင်း ပြန်ကြားခဲ့မှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပေးပို့လာပါသည်။

**အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံး အချုပ်ခန်းများ ကြည့်ရှုစစ်ဆေးခြင်း**

၅၆။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၅ ခုနှစ်အတွင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်း စုစုပေါင်း ၃၆ ခုကို အောက်ပါအတိုင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်-

| စဉ် | အဆင့်သတ်မှတ်ချက် | အရေအတွက် |
|---|---|---|
| (က) | “ဗဟို” အဆင့် အကျဉ်းထောင် | ၂ ခု |
| (ခ) | “က” အဆင့် အကျဉ်းထောင် | ၆ ခု |
| (ဂ) | “ခ” အဆင့် အကျဉ်းထောင် | ၁ ခု |
| (ဃ) | အချုပ်ထောင် | ၁ ခု |
| (င) | “က” အဆင့် အကျဉ်းစခန်း | ၄ ခု |
| (စ) | “ခ” အဆင့် အကျဉ်းစခန်း | ၇ ခု |
| (ဆ) | ရဲစခန်းအချုပ်ခန်း | ၁၃ ခု |
| (ဇ) | တရားရုံးအချုပ်ခန်း | ၂ ခု |

**အကျဉ်းထောင်၊ အချုပ်ထောင်နှင့် အကျဉ်းစခန်းများ ကြည့်ရှုစစ်ဆေးခြင်း**

၅၇။ အကျဉ်းထောင်၊ အချုပ်ထောင်နှင့် အကျဉ်းစခန်းတို့ကို အောက်ပါအတိုင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်-

| စဉ် | စစ်ဆေးသည့် ရက်စွဲ | အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း အမည် | ကြည့်ရှုစစ်ဆေးသူ |
|---|---|---|---|
| ၁ | ၁၀-၁-၂၀၂၅ | တောကြီးတန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း | ဦးတင်အောင် (အဖွဲ့ဝင်)<br>ဦးသန်းဝင်း(အဖွဲ့ဝင်) |
| ၂ | ၁၉-၂-၂၀၂၅ နှင့် ၂၀-၂-၂၀၂၅ | မန္တလေးဗဟိုအကျဉ်းထောင် | ဦးပေါ်လွင်စိန် (ဥက္ကဋ္ဌ)<br>ဦးကျော်စိုး (အဖွဲ့ဝင်)<br>ဦးကျော်မြင့် (အဖွဲ့ဝင်) |
| ၃ | ၁၈-၃-၂၀၂၅ နှင့် ၁၉-၃-၂၀၂၅ | ကျိုက်မရော ဗဟိုအကျဉ်းထောင် | ဦးတင်အောင် (အဖွဲ့ဝင်) |
| ၄ | ၈-၅-၂၀၂၅ | အောင်ချမ်းသာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း | ဦးတင်အောင် (အဖွဲ့ဝင်) |
| ၅ | ၁၃-၅-၂၀၂၅ မှ ၁၆-၅-၂၀၂၅ ထိ | ထုံးဘို ကျား(၁)၊ ကျား (၂)၊ ထုံးဘို (မ)၊ ၂၄ မိုင် ကုန်ထုတ်စခန်း၊ | ဦးကျော်မြင့် (အဖွဲ့ဝင်) |
| ၆ | ၅-၆-၂၀၂၅ | ဖျာပုံအကျဉ်းထောင် | ဦးကျော်စိုး (အဖွဲ့ဝင်)<br>ဦးသန်းဝင်း (အဖွဲ့ဝင်) |
| ၇ | ၁၇-၆-၂၀၂၅ မှ ၂၀-၆-၂၀၂၅ ထိ | တောင်ကြီးအချုပ်ထောင်၊<br>ညောင်ရွှေအကျဉ်းထောင်၊<br>တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း | ဦးတင်အောင် (အဖွဲ့ဝင်)<br>ဦးသန်းဝင်း (အဖွဲ့ဝင်) |
| ၈ | ၂-၇-၂၀၂၅ | ထားဝယ်အကျဉ်းထောင် | ဦးကျော်မြင့် (အဖွဲ့ဝင်) |
| ၉ | ၁၂-၈-၂၀၂၅ | ဘဲလင်း (၁)၊ ဘဲလင်း (၂) ကုန်ထုတ်စခန်း | ဦးကျော်မြင့် (အဖွဲ့ဝင်) |
| ၁၀ | ၁၀-၉-၂၀၂၅ | ပုသိမ်အကျဉ်းထောင် | ဦးတင်အောင်(အဖွဲ့ဝင်)<br>ဦးသန်းဝင်း (အဖွဲ့ဝင်) |
| ၁၁ | ၁၇-၉-၂၀၂၅ နှင့် ၁၈-၉-၂၀၂၅ | ရမည်းသင်းအကျဉ်းထောင်၊ ကင်းသာ (၁)၊ ကင်းသာ (၂) ကုန်ထုတ်စခန်း | ဦးကျော်မြင့် (အဖွဲ့ဝင်) |
| ၁၂ | ၂-၁၀-၂၀၂၅ | ကျိုင်းတုံအကျဉ်းထောင် | ဦးပေါ်လွင်စိန် (ဥက္ကဋ္ဌ)<br>ဦးကျော်စိုး (အဖွဲ့ဝင်) |
| ၁၃ | ၆-၁၁-၂၀၂၅ | တောင်ငူအကျဉ်းထောင် | ဦးကျော်မြင့် (အဖွဲ့ဝင်) |

၅၈။ ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းများကို ကြည့်ရှုစစ်ဆေးချိန်တွင် လွတ်လပ်စွာ သတင်းပို့တင်ပြလိုသည့် အကျဉ်းသား ၁၄၅ ဦး၊ အကျဉ်းသူ ၄၆ ဦး၊ အချုပ်သား ၅ ဦး၊ စုစုပေါင်း ၁၉၆ ဦးတို့နှင့် သီးခြားတွေ့ဆုံ၍ ယင်းတို့ တင်ပြချက်များကို မှတ်တမ်းရယူခဲ့ပြီး လိုအပ်သကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာသို့ အကြံပြုချက်များ ပေးပို့ခဲ့ပါသည်။

၅၉။ အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း ကြည့်ရှုစစ်ဆေးမှုနှင့်စပ်လျဉ်း၍ ကော်မရှင်မှ ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့သော အကြံပြုချက်များအပေါ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

**အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ**

| စဉ် | အကျဉ်းထောင်/ အချုပ်ထောင်/ အကျဉ်းစခန်း | အကြံပြုချက်အကြောင်းအရာ | အရေအတွက် |
|---|---|---|---|
| ၁ | တောကြီးတန်းစိုက်/မွေးစခန်း | အစားအစာ/သောက်သုံးရေ | ၃ |
| | | ညှဉ်းပန်းနှိပ်စက်မှုမခံရစေရေး | ၁ |
| | | အထွေထွေ | ၂ |
| ၂ | မန္တလေးဗဟိုအကျဉ်းထောင် | ကျန်းမာရေး | ၁၃ |
| | | စာကြည့်တိုက် | ၁ |
| | | အဆောက်အဦ | ၁ |
| | | သန့်ရှင်းရေး | ၁ |
| | | မိသားစုနှင့် တွေ့ဆုံမှု | ၁ |
| | | နိုင်ငံခြားအကျဉ်းသား | ၂ |
| | | အထွေထွေ | ၁၀ |
| ၃ | ကျိုက်မရောဗဟိုအကျဉ်းထောင် | ကျန်းမာရေး | ၁၁ |
| | | ပညာရေး | ၂ |
| | | စာကြည့်တိုက် | ၁ |
| | | အစားအစာ/သောက်သုံးရေ | ၁ |
| | | သန့်ရှင်းရေး | ၁ |
| | | လွတ်လပ်စွာကိုးကွယ်မှု | ၁ |
| | | နိုင်ငံခြားအကျဉ်းသား | ၁ |
| | | အထွေထွေ | ၅ |

| | | | |
|---|---|---|---|
| ၄ | အောင်ချမ်းသာစိုက်/မွေးစခန်း | ကျန်းမာရေး | ၃ |
| | | ပညာရေး | ၁ |
| | | အဆောက်အဦ | ၃ |
| | | သန့်ရှင်းရေး | ၁ |
| | | မိသားစုတွေ့ဆုံမှု | ၁ |
| | | အထွေထွေ | ၂ |
| ၅ | ထုံးဘိုကျား (၁) ကုန်ထုတ်စခန်း | ကျန်းမာရေး | ၄ |
| | | အထွေထွေ | ၃ |
| ၆ | ထုံးဘိုကျား (၂) ကုန်ထုတ်စခန်း | ကျန်းမာရေး | ၃ |
| | | စာကြည့်တိုက် | ၁ |
| | | သန့်ရှင်းရေး | ၁ |
| | | အထွေထွေ | ၃ |
| ၇ | ထုံးဘို (မ) ကုန်ထုတ်စခန်း | ကျန်းမာရေး | ၂ |
| | | အထွေထွေ | ၂ |
| ၈ | ၂၄ မိုင်ကုန်ထုတ်စခန်း | ကျန်းမာရေး | ၁ |
| | | အဆောက်အဦ | ၁ |
| | | အထွေထွေ | ၃ |
| ၉ | ဖျာပုံအကျဉ်းထောင် | ကျန်းမာရေး | ၃ |
| | | အဆောက်အဦ | ၁ |
| | | အထွေထွေ | ၃ |
| ၁၀ | တောင်ကြီးအချုပ်ထောင် | ကျန်းမာရေး | ၃ |
| | | သန့်ရှင်းရေး | ၂ |
| | | အထွေထွေ | ၁ |
| ၁၁ | ညောင်ရွှေအကျဉ်းထောင် | ကျန်းမာရေး | ၄ |
| | | ပညာရေး | ၁ |
| | | အဆောက်အဦ | ၁ |
| | | သန့်ရှင်းရေး | ၂ |
| | | အထွေထွေ | ၁ |
| ၁၂ | တောင်လေးလုံးစိုက်/မွေးစခန်း | ကျန်းမာရေး | ၃ |
| | | သန့်ရှင်းရေး | ၂ |
| | | အထွေထွေ | ၁ |

| | | | |
|---|---|---|---|
| ၁၃ | ထားဝယ်အကျဉ်းထောင် | ကျန်းမာရေး | ၂ |
| | | အဆောက်အဦ | ၁ |
| | | အထွေထွေ | ၃ |
| ၁၄ | ဘဲလင်း (၁) ကုန်ထုတ်စခန်း | အဆောက်အဦ | ၁ |
| | | အထွေထွေ | ၃ |
| ၁၅ | ဘဲလင်း (၂) ကုန်ထုတ်စခန်း | အဆောက်အဦ | ၁ |
| | | အထွေထွေ | ၂ |
| ၁၆ | ပုသိမ်အကျဉ်းထောင် | ကျန်းမာရေး | ၃ |
| | | ပညာရေး | ၁ |
| | | အဆောက်အဦ | ၁ |
| | | သန့်ရှင်းရေး | ၁ |
| | | မိသားစုနှင့်တွေ့ဆုံမှု | ၁ |
| | | နိုင်ငံခြားအကျဉ်းသား | ၁ |
| | | အထွေထွေ | ၁ |
| ၁၇ | ရမည်းသင်းအကျဉ်းထောင် | ကျန်းမာရေး | ၂ |
| | | အဆောက်အဦ | ၁ |
| | | အထွေထွေ | ၂ |
| ၁၈ | ကင်းသာ (၁) ကုန်ထုတ်စခန်း | ကျန်းမာရေး | ၁ |
| | | သန့်ရှင်းရေး | ၁ |
| | | မိသားစုနှင့်တွေ့ဆုံမှု | ၁ |
| | | အထွေထွေ | ၃ |
| ၁၉ | ကင်းသာ (၂) ကုန်ထုတ်စခန်း | သန့်ရှင်းရေး | ၁ |
| | | မိသားစုနှင့်တွေ့ဆုံမှု | ၁ |
| | | အထွေထွေ | ၃ |
| ၂၀ | ကျိုင်းတုံအကျဉ်းထောင် | ကျန်းမာရေး | ၅ |
| | | ပညာရေး | ၁ |
| | | အဆောက်အဦ | ၁ |
| | | မိလ္လာ | ၁ |
| | | မိသားစုနှင့်တွေ့ဆုံမှု | ၁ |
| | | အထွေထွေ | ၁ |

| | | | |
|---|---|---|---|
| ၂၁ | တောင်ငူအကျဉ်းထောင် | ကျန်းမာရေး | ၃ |
| | | ပညာရေး | ၁ |
| | | အသက်မွေးဝမ်းကျောင်း | ၁ |
| | | အဆောက်အဦ | ၁ |
| | | သန့်ရှင်းရေး | ၁ |
| | | အထွေထွေ | ၁ |
| **စုစုပေါင်း** | | | **၁၇၇** |

**ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းများနှင့် စပ်လျဉ်း၍ အကြံပြုချက်များ**

၆၀။ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့ကို အောက်ပါအတိုင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်-

| **စဉ်** | **စစ်ဆေးသည့်ရက်စွဲ** | **ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း အမည်** | **ကြည့်ရှုစစ်ဆေးသူ** |
|---|---|---|---|
| ၁ | ၅-၆-၂၀၂၅ | ဖျာပုံမြို့မရဲစခန်းအချုပ်ခန်း | ဦးကျော်စိုး(အဖွဲ့ဝင်)<br>ဦးသန်းဝင်း (အဖွဲ့ဝင်) |
| ၂ | ၁၉-၆-၂၀၂၅ | အောင်ပန်းနယ်မြေရဲစခန်းအချုပ်ခန်း၊<br>ကလောမြို့မရဲစခန်းအချုပ်ခန်း | ဦးတင်အောင် (အဖွဲ့ဝင်)<br>ဦးသန်းဝင်း (အဖွဲ့ဝင်) |
| ၃ | ၂-၇-၂၀၂၅ | ထားဝယ်မြို့မရဲစခန်းအချုပ်ခန်း၊<br>ထားဝယ်ခရိုင်တရားရုံးအချုပ်ခန်း | ဦးကျော်မြင့် (အဖွဲ့ဝင်) |
| ၄ | ၁၂-၈-၂၀၂၅ | ကျောက်ဆည်မြို့မရဲစခန်းအချုပ်ခန်း | ဦးကျော်မြင့် (အဖွဲ့ဝင်) |
| ၅ | ၄-၉-၂၀၂၅ | ကျောက်တန်းမြို့မရဲစခန်းအချုပ်ခန်း၊<br>ကျောက်တန်းမြို့နယ်တရားရုံးအချုပ်ခန်း | ဒေါက်တာသန်းမြင့် (အဖွဲ့ဝင်)<br>ဦးတင်ကိုကို (အဖွဲ့ဝင်) |
| ၆ | ၉-၉-၂၀၂၅ | ပုသိမ်မြို့မရဲစခန်းအချုပ်ခန်း၊<br>ပုသိမ်နယ်မြေရဲစခန်းအချုပ်ခန်း | ဦးတင်အောင် (အဖွဲ့ဝင်)<br>ဦးသန်းဝင်း (အဖွဲ့ဝင်) |
| ၇ | ၁၇-၉-၂၀၂၅ | ရမည်းသင်းမြို့မရဲစခန်းအချုပ်ခန်း | ဦးကျော်မြင့် (အဖွဲ့ဝင်) |
| ၈ | ၂-၁၀-၂၀၂၅ | တောင်ကြီးမြို့မရဲစခန်းအချုပ်ခန်း၊<br>ကျိုင်းတုံမြို့မရဲစခန်းအချုပ်ခန်း | ဦးပေါ်လွင်စိန် (ဥက္ကဋ္ဌ)၊<br>ဦးကျော်စိုး (အဖွဲ့ဝင်) |
| ၉ | ၆-၁၁-၂၀၂၅ | တောင်ငူမြို့မရဲစခန်းအချုပ်ခန်း၊<br>အမှတ် (၂) နယ်မြေရဲစခန်းအချုပ်ခန်း | ဦးကျော်မြင့် (အဖွဲ့ဝင်) |

၆၁။ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးမှုနှင့်စပ်လျဉ်း၍ ကော်မရှင်မှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့သော အကြံပြုချက်များအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

| စဉ် | ရဲစခန်းအချုပ်ခန်း/ တရားရုံးအချုပ်ခန်း | အကြံပြုချက် အကြောင်းအရာများ | အရေ အတွက် |
|---|---|---|---|
| ၁ | ဖျာပုံမြို့မရဲစခန်းအချုပ်ခန်း | မရှိပါ | - |
| ၂ | အောင်ပန်းနယ်မြေရဲစခန်းအချုပ်ခန်း | မရှိပါ | - |
| ၃ | ကလောမြို့မရဲစခန်းအချုပ်ခန်း | မရှိပါ | - |
| ၄ | ထားဝယ်မြို့မရဲစခန်းအချုပ်ခန်း | အထွေထွေ | ၁ |
| ၅ | ထားဝယ်ခရိုင်တရားရုံးအချုပ်ခန်း | မရှိပါ | - |
| ၆ | ကျောက်ဆည်မြို့မရဲစခန်းအချုပ်ခန်း | မိလ္လာ | ၂ |
| | | အထွေထွေ | ၁ |
| ၇ | ကျောက်တန်းမြို့မရဲစခန်းအချုပ်ခန်း | မရှိပါ | - |
| ၈ | ကျောက်တန်းမြို့နယ်တရားရုံးအချုပ်ခန်း | ကျန်းမာရေး | ၁ |
| | | အထွေထွေ | ၂ |
| ၉ | ပုသိမ်မြို့မရဲစခန်းအချုပ်ခန်း | ကျန်းမာရေး | ၁ |
| | | နိုင်ငံခြားအကျဉ်းသား | ၁ |
| ၁၀ | ပုသိမ်နယ်မြေရဲစခန်းအချုပ်ခန်း | ကျန်းမာရေး | ၁ |
| ၁၁ | ရမည်းသင်းမြို့မရဲစခန်းအချုပ်ခန်း | မရှိပါ | - |
| ၁၂ | ကျိုင်းတုံမြို့မရဲစခန်းအချုပ်ခန်း | မိလ္လာ | ၁ |
| ၁၃ | တောင်ကြီးမြို့မရဲစခန်းအချုပ်ခန်း | ကျန်းမာရေး | ၁ |
| ၁၄ | တောင်ငူမြို့မရဲစခန်းအချုပ်ခန်း | မရှိပါ | - |
| ၁၅ | အမှတ် (၂) နယ်မြေရဲစခန်းအချုပ်ခန်း | မရှိပါ | - |
| **စုစုပေါင်း** | | | **၁၂** |

## ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများအား ကြည့်ရှုစစ်ဆေးခြင်း

၆၂။ ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများဖြစ်သော လူငယ်သင်တန်းကျောင်းများနှင့် ဘိုးဘွားရိပ်သာများ စုစုပေါင်း ၁၄ ခုကို အောက်ပါအတိုင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်-

**စဉ် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည့်နေရာများ အရေအတွက်**

(က) ဘိုးဘွားရိပ်သာ ၁၀ ခု

(ခ) လူငယ်သင်တန်းကျောင်း ၄ ခု

၆၃။ လူငယ်သင်တန်းကျောင်းနှင့် ဘိုးဘွားရိပ်သာတို့ကို အောက်ပါအတိုင်း ကြည့်ရှုစစ်ဆေး ခဲ့ပါသည်-

| စဉ် | စစ်ဆေးသည့် ရက်စွဲ | လူငယ်သင်တန်းကျောင်း၊ ဘိုးဘွားရိပ်သာ အမည် | ကြည့်ရှုစစ်ဆေးသူ |
|---|---|---|---|
| ၁ | ၂၄-၁-၂၀၂၅ | ကက်သလစ်သီလရှင်လေးများ ဘိုးဘွားရိပ်သာ | ဦးကျော်စိုး (အဖွဲ့ဝင်)<br>ဦးဝင်းလှိုင်ဦး (အဖွဲ့ဝင်)<br>ဦးသန်းဝင်း (အဖွဲ့ဝင်) |
| ၂ | ၇-၃-၂၀၂၅ | အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဌာန (ရန်ကုန်) | ဦးကျော်စိုး (အဖွဲ့ဝင်)<br>ဒေါက်တာသန်းမြင့် (အဖွဲ့ဝင်)<br>ဒေါက်တာမြင့်သူမြိုင် (အဖွဲ့ဝင်) |
| ၃ | ၂၀-၅-၂၀၂၅ | ငှက်အော်စမ်းလူငယ်သင်တန်း ကျောင်း | ဦးကျော်စိုး (အဖွဲ့ဝင်)<br>ဦးသန်းဝင်း (အဖွဲ့ဝင်) |
| ၄ | ၂၂-၅-၂၀၂၅ | ရွှေသံလွင်ဘိုးဘွားရိပ်သာ | ဦးကျော်စိုး (အဖွဲ့ဝင်)<br>ဒေါက်တာသန်းမြင့် (အဖွဲ့ဝင်)<br>ဒေါက်တာမြင့်သူမြိုင် (အဖွဲ့ဝင်) |
| ၅ | ၃-၇-၂၀၂၅ | ထားဝယ်ဘိုးဘွားရိပ်သာ | ဦးကျော်မြင့် (အဖွဲ့ဝင်) |
| ၆ | ၁၈-၇-၂၀၂၅ | သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ | ဦးကျော်စိုး (အဖွဲ့ဝင်)<br>ဒေါက်တာသန်းမြင့် (အဖွဲ့ဝင်)<br>ဒေါက်တာမြင့်သူမြိုင် (အဖွဲ့ဝင်) |
| ၇ | ၁၂-၈-၂၀၂၅ | ရွှေစေတီဘိုးဘွားရိပ်သာ | ဦးကျော်မြင့် (အဖွဲ့ဝင်) |
| ၈ | ၂၀-၈-၂၀၂၅ | နှင်းဆီကုန်းဘိုးဘွားရိပ်သာ | ဦးပေါ်လွင်စိန် (ဥက္ကဋ္ဌ)<br>ဦးကျော်စိုး (အဖွဲ့ဝင်)<br>ဒေါက်တာမြင့်သူမြိုင် (အဖွဲ့ဝင်)<br>ဦးတင်အောင် (အဖွဲ့ဝင်) |
| ၉ | ၄-၉-၂၀၂၅ | ကျောက်တန်းဘိုးဘွားရိပ်သာ | ဒေါက်တာသန်းမြင့် (အဖွဲ့ဝင်)<br>ဦးတင်ကိုကို (အဖွဲ့ဝင်) |

| | | | |
|---|---|---|---|
| ၁၀ | ၉-၉-၂၀၂၅ | စက်တော်ရာဘိုးဘွားရိပ်သာ | ဦးတင်အောင် (အဖွဲ့ဝင်)<br>ဦးသန်းဝင်း (အဖွဲ့ဝင်) |
| ၁၁ | ၂၉-၉-၂၀၂၅ မှ<br>၂-၁၀-၂၀၂၅ ထိ | ရှမ်းရိုးမဘိုးဘွားရိပ်သာ၊<br>အမျိုးသမီးသက်မွေးအတတ်ပညာ<br>သင်ကျောင်း (ကျိုင်းတုံ) | ဦးပေါ်လွင်စိန် (ဥက္ကဋ္ဌ)၊<br>ဦးကျော်စိုး (အဖွဲ့ဝင်) |
| ၁၂ | ၂၁-၁၀-၂၀၂၅ | အမျိုးသမီးများပြုစုစောင့်ရှောက်<br>ရေးစင်တာ (ရွှေပြည်သာ) | ဦးကျော်မြင့် (အဖွဲ့ဝင်)<br>ဦးသန်းဝင်း (အဖွဲ့ဝင်) |
| ၁၃ | ၆-၁၁-၂၀၂၅ | ကေတုမတီဘိုးဘွားရိပ်သာ | ဦးကျော်မြင့် (အဖွဲ့ဝင်) |

၆၄။ လူငယ်သင်တန်းကျောင်းနှင့် ဘိုးဘွားရိပ်သာများအား ကြည့်ရှုစစ်ဆေးမှုနှင့်စပ်လျဉ်း၍ ကော်မရှင်မှ သက်ဆိုင်ရာသို့ ပေးပို့ခဲ့သော အကြံပြုချက်များအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

| **စဉ်** | **လူငယ်သင်တန်းကျောင်းနှင့် ဘိုးဘွားရိပ်သာများ** | **အကြံပြုချက် အကြောင်းအရာ** | **အရေ အတွက်** |
|---|---|---|---|
| ၁ | ကက်သလစ်သီလရှင်လေးများ ဘိုးဘွားရိပ်သာ | ကျန်းမာရေး | ၂ |
| | | အထွေထွေ | ၆ |
| ၂ | အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန (ရန်ကုန်) | ကျန်းမာရေး | ၆ |
| | | အစားအစာ/သောက်သုံးရေ | ၁ |
| | | အဆောက်အဦ | ၁ |
| | | အထွေထွေ | ၂ |
| ၃ | ၄က်အော်စမ်းလူငယ်သင်တန်းကျောင်း | ကျန်းမာရေး | ၅ |
| | | ပညာရေး | ၁ |
| | | စာကြည့်တိုက် | ၁ |
| | | အဆောက်အဦ | ၁ |
| | | မိသားစုနှင့်တွေ့ဆုံမှု | ၁ |
| | | အထွေထွေ | ၂ |
| ၄ | ရွှေသံလွင်ဘိုးဘွားရိပ်သာ | ကျန်းမာရေး | ၃ |
| | | သန့်ရှင်းရေး | ၁ |
| | | လွတ်လပ်စွာကိုးကွယ်မှု | ၁ |
| | | အထွေထွေ | ၅ |

| | | | |
|---|---|---|---|
| ၅ | ထားဝယ်ဘိုးဘွားရိပ်သာ | ကျန်းမာရေး | ၂ |
| | | အထွေထွေ | ၃ |
| ၆ | သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ | ကျန်းမာရေး | ၁ |
| | | အထွေထွေ | ၆ |
| ၇ | ရွှေစေတီဘိုးဘွားရိပ်သာ | အဆောက်အဦ | ၁ |
| | | သန့်ရှင်းရေး | ၁ |
| | | အထွေထွေ | ၅ |
| ၈ | နှင်းဆီကုန်းဘိုးဘွားရိပ်သာ | ကျန်းမာရေး | ၄ |
| | | သန့်ရှင်းရေး | ၁ |
| | | မိသားစုနှင့်တွေ့ဆုံမှု | ၁ |
| | | အထွေထွေ | ၈ |
| ၉ | ကျောက်တန်းဘိုးဘွားရိပ်သာ | ကျန်းမာရေး | ၅ |
| | | အဆောက်အဦ | ၂ |
| | | မိလ္လာ | ၁ |
| | | သန့်ရှင်းရေး | ၂ |
| | | အထွေထွေ | ၅ |
| ၁၀ | စက်တော်ရာဘိုးဘွားရိပ်သာ | ကျန်းမာရေး | ၂ |
| | | စာကြည့်တိုက် | ၁ |
| | | အစားအစာ/သောက်သုံးရေ | ၁ |
| | | မိသားစုနှင့်တွေ့ဆုံမှု | ၁ |
| | | အထွေထွေ | ၄ |
| ၁၁ | ရှမ်းရိုးမဘိုးဘွားရိပ်သာ | ကျန်းမာရေး | ၄ |
| | | အစားအစာ/သောက်သုံးရေ | ၂ |
| | | မိလ္လာ | ၂ |
| | | အထွေထွေ | ၆ |
| ၁၂ | အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ကျိုင်းတုံ) | ကျန်းမာရေး | ၃ |
| | | အစားအစာ/သောက်သုံးရေ | ၁ |
| | | အဆောက်အဦ | ၁ |
| | | မိလ္လာ | ၁ |
| | | အထွေထွေ | ၃ |

| | | | |
|---|---|---|---|
| ၁၃ | အမျိုးသမီးများပြုစုစောင့်ရှောက်ရေး စင်တာ (ရွှေပြည်သာ) | စာကြည့်တိုက် | ၁ |
| | | အစားအစာ/သောက်သုံးရေ | ၂ |
| | | အဆောက်အဦ | ၂ |
| | | အားကစား | ၁ |
| | | အထွေထွေ | ၄ |
| ၁၄ | ကေတုမတီဘိုးဘွားရိပ်သာ | ကျန်းမာရေး | ၂ |
| | | မိလ္လာ | ၁ |
| | | အထွေထွေ | ၅ |
| **စုစုပေါင်း** | | | **၁၃၇** |

၆၅။ ကြည့်ရှုစစ်ဆေးရေးခရီးစဉ်များတွင် စစ်ဆေးတွေ့ရှိချက်များအပေါ် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်မှ အကြံပြုချက်များ ပေးပို့ခဲ့ရာ ယင်းဌာနများမှ ကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မန္တလေးဗဟိုအကျဉ်းထောင်တွင် ချုပ်နှောင်ထားရှိသော နိုင်ငံခြားသား အကျဉ်းသား (၄) ဦးသည် ပြစ်ဒဏ်ကာလ ပြည့်မြောက်ပြီးဖြစ်၍ မိခင်နိုင်ငံသို့ ပြန်လည် ပို့ဆောင်နိုင်ရေးနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ပေးပို့ခဲ့ရာ အဆိုပါ နိုင်ငံခြားသား အကျဉ်းသား (၄) ဦးသည် ပြစ်ဒဏ်ကာလ ပြည့်မြောက်ပြီးဖြစ်၍ မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း ပြန်ကြားလာပါသည်။

(ခ) ပုသိမ်မြို့မရဲစခန်းအချုပ်ခန်းတွင် စိစစ်ဆဲ နိုင်ငံခြားသား တစ်ဦးအား ၂ နှစ်ကျော် ချုပ်နှောင်ထိန်းသိမ်းထားရှိသဖြင့် ပြည်နှင်ဒဏ်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း ၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ပေးပို့ခဲ့ရာ အဆိုပါ နိုင်ငံခြားသားနှင့်ပတ်သက်၍ ကောင်စစ်ဆိုင်ရာ စိစစ်မှုပြုလုပ်ရန်အတွက် ၂၇-၁၁-၂၀၂၅ ရက်နေ့တွင် ပုသိမ်မြို့မရဲစခန်းမှ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ပို့ဆောင်လွှဲပြောင်းပြီးကြောင်း ပြန်ကြားလာပါသည်။

(ဂ) ၄က်အော်စမ်းလူငယ်သင်တန်းကျောင်းမှ သင်တန်းသား (၁၃) ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးနှင့် နိုင်ငံခြားသား သင်တန်းသား ၁ ဦးအား မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေးနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ပေးပို့ခဲ့ရာ သင်တန်းသား (၁၃) ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးပြီးဖြစ်ကြောင်းနှင့် နိုင်ငံခြားသား သင်တန်းသား တစ်ဦး

အား မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြန်ကြားလာပါသည်။

(ဃ) သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှ ဘိုးဘွားများအား YBS အခမဲ့စီးနင်းခွင့် ရရှိရေးနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီ (YRTC) ၏ ကူညီဆောင်ရွက်ပေးမှုဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလ မှ စတင်ပြီး ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(င) နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ ဘိုးဘွား (၅၂) ဦးအတွက် UID ကတ် ပြုလုပ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ပေးပို့ခဲ့ရာ UID ကတ် ပြုလုပ်ပေးပြီးဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(စ) ရှမ်းရိုးမဘိုးဘွားရိပ်သာမှ အဘွား (၁) ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးပြီး ဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဆ) အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ကျိုင်းတုံ) ရှိ အမျိုးသမီး (၂၁) ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ပေးပို့ခဲ့ရာ နိုင်ငံသား စိစစ်ရေးကတ်ပြား ပြုလုပ်ပေးပြီးဖြစ်ကြောင်း ပြန်ကြားလာပါသည်။

**လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အစည်းအဝေးများ တက်ရောက်ခြင်း**

၆၆။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြုလုပ်သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၅) ကို ၄-၉-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ် (၈)၊ အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝတ်ရည်ဝင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ပြည့်တို့မှ Online Platform ဖြင့် တက်ရောက်ခဲ့ ပြီး ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးမှ **လူကုန်ကူးမှု တားဆီးကာကွယ်ရေး**နှင့်စပ်လျဉ်း၍ ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေး တင်ပြခဲ့ပါသည်။

၆၇။ ညွှန်ကြားရေးမှူး ဦးသူရကျော်သည် လူမှုဝန်ထမ်းဦးစီးဌာန (နေပြည်တော်)၊ အစည်း အဝေးခန်းမ၌ ၅-၁၂-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော **အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်**

**ရေးဆိုင်ရာ လုပ်ငန်းယန္တရားများ လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေး**သို့ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း**

၆၈။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးကျော်စိုးနှင့် ဦးတင်အောင်တို့သည် ၉-၇-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးကျော်စိုး၊ ဦးတင်အောင်နှင့် ဦးဝင်းလှိုင်ဦးတို့သည် ၅-၁၁-၂၀၂၅ ရက်နေ့တွင်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ **၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးဆိုင်ရာ ကိစ္စရပ်များ**ကို ဆွေးနွေးခဲ့ကြပါသည်။

၆၉။ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် နိုင်ငံသား အခွင့်အရေးဖြစ်သည့် **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရေး**အတွက် ရွေးကောက်ပွဲနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းထောင်၊ အချုပ်ထောင်နှင့် ရဲစခန်းအချုပ်ခန်းများရှိ ဆန္ဒမဲပေးခွင့်ရှိသူ အချုပ်သား/ အချုပ်သူများအားလုံးအတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့လည်းကောင်း၊ သင်တန်းကျောင်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများရှိ သင်တန်းသား၊ သင်တန်းသူများ ထိန်းသိမ်းစောင့်ရှောက်ခံ အမျိုးသမီးများ၊ အဘိုး၊ အဘွားများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးသို့လည်းကောင်း၊ ပြည်သူ့ဆေးရုံများတွင် တက်ရောက်ဆေးကုသလျက်ရှိသော အတွင်းလူနာများအတွက် ကျန်းမာရေးဝန်ကြီးဌာနသို့လည်းကောင်း အကြံပြုချက်များ ပေးပို့ခဲ့ပါသည်။

၇၀။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနမှ ဦးဆောင်၍ ကော်မရှင်ရုံးဝန်ထမ်းများအတွက် **၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုဆိုင်ရာ အသိပညာပေး ဆွေးနွေးခြင်း** အစီအစဉ်ကို ၁၁-၁၁-၂၀၂၅ ရက်နေ့တွင် ကော်မရှင်ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

၇၁။ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မသန်စွမ်းသူများအနေဖြင့် အများနည်းတူ လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၁၃-၁၁-၂၀၂၅ ရက်နေ့၌ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ ပရဟိတမျက်မမြင် ပညာသင်ကျောင်းတွင်လည်းကောင်း၊ ၂၁-၁၁-၂၀၂၅ ရက်နေ့၌ မိတ္ထီလာမြို့နယ်ရှိ ဘဝသစ်မျက်မမြင် ပညာသင်ကျောင်းနှင့် ရွှေ့ဆောင်မျက်မမြင်ပြုစုစောင့်ရှောက်ရေးဂေဟာ (ရွှေ့ဆောင်မျက်မမြင်ကျောင်း) တို့တွင်လည်းကောင်း အမြင်အာရုံ မသန်စွမ်းသူများအား **မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေး** အသိပညာပေးခြင်းနှင့် မျက်မမြင်စာ

ဖြင့် အထူးပြုလုပ်ထားသည့် မဲပေးစက်များ လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားများသို့ ကော်မရှင်မှ မန္တလေးရုံးခွဲ တာဝန်ခံအရာရှိ ဦးအောင်ကောင်းမြတ် တက်ရောက်ခဲ့ပါသည်။

၇၂။ မသန်စွမ်းသူများ လွတ်လပ်စွာ **ဆန္ဒမဲပေးနိုင်ရေး၊ မဲပေးရာတွင် ခွဲခြားဆက်ဆံမှုနှင့် အခက်အခဲများ မရှိစေရေး**တို့အတွက် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ဝန်ထမ်းများသည် ရန်ကုန်တိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းတာဝန်ခံ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ချုပ်နှင့် Mary Chapman နားမကြားသော ကလေးများကျောင်းတို့မှ ကိုယ်စားလှယ်များအား ၂၅-၁၁-၂၀၂၅ ရက်နေ့တွင် ကော်မရှင်ရုံး၌ တွေ့ဆုံခဲ့ပြီး မသန်စွမ်းသူများ မဲပေးခွင့်အပါအဝင် မသန်စွမ်းသူများ အခွင့် အရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

၇၃။ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ ဝန်ထမ်းများနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၂၃) ဦးတို့သည် ၁၇-၁၂-၂၀၂၅ ရက်နေ့တွင် ဗိုလ်တထောင်မြို့နယ်၊ ဘာသာ ပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ရုံး၌ **လူ့အခွင့်အရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ ဆွေးနွေးပွဲ**ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

၇၄။ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအပိုင်း (၁) ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ အပိုင်း (၂) ကို ၁၁-၁-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ အပိုင်း (၃) ကို ၂၅-၁-၂၀၂၆ ရက်နေ့တွင်လည်းကောင်း အပိုင်း (၃) ပိုင်းခွဲ၍ ကျင်းပမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာထားရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင်က ပြည်တွင်းလေ့လာသူများ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်အညီ အပိုင်းလိုက် စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ ပြီး စောင့်ကြည့်လေ့လာရေး အစီရင်ခံစာများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့သို့ ပေးပို့တင်ပြခဲ့ပါသည်။

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း (၁)**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မဲဆန္ဒနယ်/ မဲရုံအမှတ် | စောင့်ကြည့်လေ့လာသူ |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | မရမ်းကုန်းမြို့နယ်၊<br>အမှတ် (၁) ရပ်ကွက်၊<br>မဲရုံ (၁၂) နှင့် (၁၃) | ဦးပေါ်လွင်စိန် (ဥက္ကဋ္ဌ)<br>ဦးကျော်စိုး (အဖွဲ့ဝင်)<br>ဒေါက်တာမြင့်သူမြိုင် (အဖွဲ့ဝင်) |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ဗိုလ်တထောင်မြို့နယ်၊<br>အမှတ် (၁) ရပ်ကွက်၊<br>မဲရုံ (၁) | ဦးပေါ်လွင်စိန် (ဥက္ကဋ္ဌ)<br>ဒေါက်တာသန်းမြင့် (အဖွဲ့ဝင်)<br>ဦးတင်ကိုကို (အဖွဲ့ဝင်) |

| | | | |
|---|---|---|---|
| ၃ | ရန်ကုန်တိုင်းဒေသကြီး | တွံတေးမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ မဲရုံ (၁) | ဦးတင်အောင် (အဖွဲ့ဝင်) |
| ၄ | ပဲခူးတိုင်းဒေသကြီး | ပဲခူးမြို့နယ်၊ နန်းတော်ရာရပ်ကွက်၊ မဲရုံ (၁) | ဦးကျော်မြင့် (အဖွဲ့ဝင်)<br>ဦးသန်းဝင်း (အဖွဲ့ဝင်) |
| ၅ | ဧရာဝတီတိုင်းဒေသကြီး | မအူပင်မြို့နယ်၊ အမှတ် (၁၁) ရပ်ကွက်၊ မဲရုံ (၁) | ဦးဝင်းလှိုင်ဦး (အဖွဲ့ဝင်) |

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း (၂)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မဲဆန္ဒနယ်/ မဲရုံအမှတ် | စောင့်ကြည့်လေ့လာသူ |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၁၂) ရပ်ကွက်၊ မဲရုံ (၁) နှင့် (၂) | ဦးပေါ်လွင်စိန် (ဥက္ကဋ္ဌ)<br>ဦးကျော်စိုး (အဖွဲ့ဝင်)<br>ဒေါက်တာမြင့်သူမြိုင် (အဖွဲ့ဝင်) |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ပုဇွန်တောင်မြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ မဲရုံ (၂) | ဦးပေါ်လွင်စိန် (ဥက္ကဋ္ဌ)<br>ဒေါက်တာသန်းမြင့် (အဖွဲ့ဝင်)<br>ဦးတင်ကိုကို (အဖွဲ့ဝင်) |
| ၃ | ရန်ကုန်တိုင်းဒေသကြီး | ကွမ်းခြံကုန်းမြို့နယ်၊ မြို့မရပ်ကွက်၊ မဲရုံ (၂) | ဦးတင်အောင် (အဖွဲ့ဝင်) |
| ၄ | ရန်ကုန်တိုင်းဒေသကြီး | အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မဲရုံ (၁) | ဦးကျော်မြင့် (အဖွဲ့ဝင်)<br>ဦးသန်းဝင်း (အဖွဲ့ဝင်) |
| ၅ | ဧရာဝတီတိုင်းဒေသကြီး | ပန်းတနော်မြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၊ မဲရုံ (၁) | ဦးဝင်းလှိုင်ဦး (အဖွဲ့ဝင်) |

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း (၃)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မဲဆန္ဒနယ်/ မဲရုံအမှတ် | စောင့်ကြည့်လေ့လာသူ |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကင်းမြို့နယ်၊ အမှတ် (၁၄) ရပ်ကွက်၊ မဲရုံ (၁) | ဦးပေါ်လွင်စိန် (ဥက္ကဋ္ဌ)<br>ဦးကျော်စိုး (အဖွဲ့ဝင်)<br>ဒေါက်တာမြင့်သူမြိုင် (အဖွဲ့ဝင်) |

| | | | |
|---|---|---|---|
| ၂ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မဲရုံ (၄) | ဦးပေါ်လွင်စိန် (ဥက္ကဋ္ဌ)<br>ဒေါက်တာသန်းမြင့် (အဖွဲ့ဝင်)<br>ဦးတင်ကိုကို (အဖွဲ့ဝင်) |
| ၃ | ဧရာဝတီတိုင်းဒေသကြီး | ဒေးဒရဲမြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ မဲရုံ (၄) | ဦးတင်အောင် (အဖွဲ့ဝင်) |
| ၄ | ရန်ကုန်တိုင်းဒေသကြီး | သာကေတမြို့နယ်၊ ၇/ အနောက်ရပ်ကွက်၊ မဲရုံ (၁) | ဦးကျော်မြင့် (အဖွဲ့ဝင်)<br>ဦးသန်းဝင်း (အဖွဲ့ဝင်) |
| ၅ | ဧရာဝတီတိုင်းဒေသကြီး | ညောင်တုန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ မဲရုံ (၁) | ဦးဝင်းလှိုင်ဦး (အဖွဲ့ဝင်) |

**လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အချက်အလက်များ ပြုစုပေးပို့ခြင်း**

၇၅။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ပညာပေးခြင်း လုပ်ငန်းများတွင် အထောက်အပံ့ဖြစ်စေရန်နှင့် လူအခွင့်အရေးနှင့် သက်ဆိုင်သော ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ရာတွင် ကော်မရှင်၏ ဆောင်ရွက်ချက်များကို မျှဝေနိုင်စေရန်နှင့် အခြားအဖွဲ့အစည်းများ၏ မေးမြန်းချက်များကို ဖြေကြားရာတွင် အသုံးပြုရန်အတွက် အောက်ပါအချက်အလက်များ စုစည်းပြုစုပေးပို့ခဲ့ပါသည်-

(က) ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ်များတွင် ကော်မရှင်မှ ဆောင်ရွက်ပေးခဲ့မှုများနှင့် စပ်လျဉ်းသည့်အချက်အလက်များ၊

(ခ) Business and Human Rights နှင့်စပ်လျဉ်းသည့် အချက်အလက်များ၊

(ဂ) ပြည်ထဲရေးဝန်ကြီးဌာနသို့ လစဉ်ပေးပို့သည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီသို့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် ခွဲဝေသတ်မှတ်ထားသည့်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အချက်အလက်များ။

# မှတ်တမ်းဓာတ်ပုံများ



ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ မန္တလေးဗဟိုအကျဉ်းထောင်တွင်
အကျဉ်းသားများအား ဆေးရုံဆောင်၌ တွေ့ဆုံမေးမြန်းစဉ်



ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် ကျိုင်းတုံမြို့မရဲစခန်းအချုပ်ခန်းရှိ
အချုပ်သားများအား တွေ့ဆုံစဉ်



ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် ရှမ်းရိုးမဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား အိပ်ဆောင်များတွင် တွေ့ဆုံစဉ်



ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား အိပ်ဆောင်များတွင် တွေ့ဆုံစဉ်



ကော်မရှင်အဖွဲ့ဝင်များ ကက်သလစ်သီလရှင်လေးများဘိုးဘွားရိပ်သာမှ အဘွားများအား အိပ်ဆောင်များတွင် တွေ့ဆုံစဉ်



ကော်မရှင်အဖွဲ့ဝင်မှ ထုံးဘို ကျွန်း (၂) ကုန်ထုတ်စခန်းရှိ အကျဉ်းသားများအား တွေ့ဆုံစဉ်



ကော်မရှင်အဖွဲ့ဝင်မှ ထုံးဘို (မ) ကုန်ထုတ်စခန်းရှိ အကျဉ်းသူများအား တွေ့ဆုံစဉ်



ကော်မရှင်အဖွဲ့ဝင်များ ရွှေသံလွင်ဘိုးဘွားရိပ်သာမှ အဘွားများအား စားရိပ်သာတွင်
တွေ့ဆုံစဉ်



ကော်မရှင်အဖွဲ့ဝင်များ ဖျာပုံအကျဉ်းထောင်ရှိ အကျဉ်းသားများအား တွေ့ဆုံစဉ်



ကော်မရှင်အဖွဲ့ဝင်များ ညောင်ရွှေအကျဉ်းထောင်ရှိ အကျဉ်းသူများအား တွေ့ဆုံစဉ်



ကော်မရှင်အဖွဲ့ဝင်မှ ထားဝယ်ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား အိပ်ဆောင်များတွင် တွေ့ဆုံစဉ်



ကော်မရှင်အဖွဲ့ဝင်များ ကျောက်တန်းဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများအား အိပ်ဆောင်များတွင် တွေ့ဆုံစဉ်



ကော်မရှင်အဖွဲ့ဝင်မှ ဘဲလင်း (၁) ကုန်ထုတ်စခန်းရှိ အကျဉ်းသားများအား
ထမင်းစားဆောင်တွင် တွေ့ဆုံစဉ်




ကော်မရှင်အဖွဲ့ဝင်များ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးစင်တာရှိ အမျိုးသမီးများအား
တွေ့ဆုံစဉ်



ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ စောင့်ကြည့်လေ့လာရေးကိုစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံ ဆွေးနွေးစဉ်

## ဥပဒေရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

### လုပ်ငန်းတာဝန်များ

၇၆။ ဥပဒေရေးရာဌာနသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) အရ နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊ တည်ဆဲဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့် အရေးစာချုပ်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြဋ္ဌာန်းသင့်သည့် ဥပဒေများနှင့် အခြားဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆို ထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များပါ ပြဋ္ဌာန်းချက်များအရ တင်သွင်း ရန် တာဝန်ရှိသည့် အစီရင်ခံစာများ ပြုစုရာတွင်လည်းကောင်း၊ အဆိုပါ အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသင့်သည်များနှင့် စပ်လျဉ်း၍လည်းကောင်း အစိုးရအဖွဲ့အား ပံ့ပိုးကူညီခြင်း အစရှိသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

### အကြံပြုချက်နှင့် သဘောထားမှတ်ချက်များ ပေးပို့ခြင်း

၇၇။ အာဆီယံနှင့် တရုတ်နိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မည့် **အာဆီယံ-တရုတ် လုပ်ငန်း စီမံချက် (၂၀၂၆-၂၀၃၀) မူကြမ်း**နှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်ကို ကော်မရှင်ရုံး၊ နိုင်ငံတကာဆက်ဆံရေးဌာနသို့ ၁၃-၁-၂၀၂၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၇၈။ ရန်ကုန်မြို့နေ လုပ်ငန်းရှင်တစ်ဦး၏ **မှတ်ပုံတင်ထားသည့် ကုန်အမှတ်တံဆိပ်ပါသော ပစ္စည်းများအား ခွင့်ပြုချက်မရှိဘဲ ဖြန့်ဖြူးထုတ်လုပ်နေသည့်အတွက် ထိခိုက်နစ်နာဆုံးရှုံးမှု များကို ပြန်လည်ကုစားနိုင်ရန် ကော်မရှင်သို့ တိုင်တန်းလာခြင်း**နှင့် စပ်လျဉ်း၍ သဘောထား မှတ်ချက်ကို ကော်မရှင်ရုံး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသို့ ၃-၄-၂၀၂၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၇၉။ ပြည်ထဲရေးဝန်ကြီးဌာနက **မြို့နယ်အုပ်ချုပ်ရေးဥပဒေ (မူကြမ်း) နှင့် ခရိုင်အုပ်ချုပ်ရေး ဥပဒေ (မူကြမ်း)** တို့နှင့် စပ်လျဉ်း၍ အကြံပြုချက် တောင်းခံလာမှုအပေါ် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများနှင့်စပ်ဆိုင်သည့် သက်ဆိုင်ရာ ပုဒ်မများကို ပြင်ဆင်နိုင်ရေး လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်၍ ကော်မရှင်၏ အကြံပြုချက် များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ၁၄-၇-၂၀၂၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၈၀။ နိုင်ငံခြားရေးဝန်ကြီးဌာနက **လူကုန်ကူးခံရသူများ ကာကွယ်ရေးအတွက် ပြစ်ဒဏ်ပေး ခြင်း မပြုသော မူဝါဒ အကောင်အထည်ဖော်ရေးဆိုင်ရာ အာဆီယံလမ်းညွှန်ချက်များ**နှင့် စပ်လျဉ်း၍ အကြံပြုချက်တောင်းခံလာမှုအပေါ် လူကုန်ကူးခံရခြင်း ဖြစ်နိုင်ခြေရှိသော နစ်နာ

သူများကို ဖော်ထုတ်စိစစ်ရာတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် အခြေခံမူများကို ကျင့်သုံးနိုင်ရေး အတွက် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရသော တာဝန်ရှိသူများ၊ မြို့နယ်နှင့် ကျေးလက်နေ ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သင့်ကြောင်း ကော်မရှင်၏ အကြံပြု ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၈-၈-၂၀၂၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၈၁။ **ပြင်ဆင်ရန်လိုအပ်သည့် စီမံခန့်ခွဲရသည့် ဥပဒေများနှင့် တစ်ဆင့်ခံဥပဒေများကို သတ်မှတ်ရက်အရောက် တင်ပြနိုင်ရန်**နှင့် စပ်လျဉ်းပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီရုံးမှ တောင်းခံလာခြင်းအပေါ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) ကို လတ်တလော ပြဋ္ဌာန်းဆောင်ရွက်ခြင်းထက် သင့်လျော်သည့် အချိန်တွင် ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်းက ပိုမိုသင့်မြတ်မှုရှိပါကြောင်း ၁၈-၉-၂၀၂၅ ရက်နေ့တွင် ပေးပို့တင်ပြခဲ့ပါသည်။

၈၂။ မန္တလေးလျောင်ကြီးကြောင့် Sky Villa အဆောက်အဦ ပြိုကျမှုတွင် **သေဆုံးသူ၏ ပစ္စည်း များအား ဆက်ခံနိုင်ရေးအတွက် တရားမျှတစွာ ဆုံးဖြတ်ပေးနိုင်ရေး ကော်မရှင်သို့ တိုင်တန်း လာခြင်း**နှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်ကို ကော်မရှင်ရုံး၊ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရေးဌာနသို့ ၂၃-၉-၂၀၂၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၈၃။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက ပြုစုလျက်ရှိသော **Principles and Guidance on humanitarian action မူကြမ်း**နှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်ကို ကော်မရှင်ရုံး၊ နိုင်ငံတကာဆက်ဆံရေးဌာနသို့ ၁၃-၁၀-၂၀၂၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၈၄။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ပေးပို့လာသော **အမေရိကန်အစိုးရ၏ ၂၀၂၅ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေး အစီရင်ခံစာအပေါ် ကော်မရှင်၏ အကောင်အထည် ဖော် ဆောင်ရွက်မှု အခြေအနေ**နှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်နှင့် ဆောင်ရွက်ချက် အချက်အလက်များကို ကော်မရှင်ရုံး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသို့ ၁၅-၁၂-၂၀၂၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

## လူ့အခွင့်အရေးနှင့် ဥပဒေရေးရာ အစည်းအဝေးများ၊ အခမ်းအနားများ တက်ရောက်ခြင်း

၈၅။ အလုပ်သမားဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၁-၃-၂၀၂၅ ရက်နေ့တွင် နေပြည် တော်၌ ကျင်းပပြုလုပ်ခဲ့သည့် **အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှု ယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ (၁/၂၀၂၅) အစည်းအဝေး** သို့ ညွှန်ကြား ရေးမှူး၊ ဒေါ်ဖြိုးသီရိဝင်း တက်ရောက်ခဲ့ပါသည်။

၈၆။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြား ချက်အရ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် **သတ္တမအကြိမ်**

**မြောက် CEDAW အစီရင်ခံစာရေးသားနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး** သို့ ညွှန်ကြားရေးမှူး၊ ဒေါ်ဖြိုးသီရိဝင်း တက်ရောက်ခဲ့ပါသည်။

၈၇။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၀-၁၁-၂၀၂၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် **(၃၆) နှစ်မြောက်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနား** သို့ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင် တက်ရောက်ခဲ့ပါသည်။

**စာတမ်းများ ပြုစုဆောင်ရွက်ခြင်း**

၈၈။ ကော်မရှင်၏ လုပ်ငန်းစီမံချက်အရ **ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏ မိသားစုဝင်များ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Convention on the Protection of the Rights of All Migrant Workers and Members of their Families-CMW) ကို နိုင်ငံတော်က ပါဝင်ချုပ်ဆိုရန် သင့် မသင့် လေ့လာသုံးသပ်ခြင်း** စာတမ်းပြုစုခဲ့ပါသည်။

၈၉။ ၂၀၂၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ စောင့်ကြည့်လေ့လာခြင်းနှင့်စပ်လျဉ်းသည့် အခန်းကဏ္ဍကို အထောက်အကူ ဖြစ်စေရန်အတွက် **ရွေးကောက်ပွဲနှင့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ** စာတမ်း ပြုစုခဲ့ပါသည်။

**လူ့အခွင့်အရေး သဘောတူစာချုပ်များကို ဘာသာပြန်ဆိုခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်း**

၉၀။ **မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities-CRPD)** မြန်မာဘာသာ ပြန်ဆိုထားချက်ကို ၃၁-၁-၂၀၂၅ ရက်နေ့တွင် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိနိုင်ခဲ့ပါသည်။

၉၁။ **အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ် (Optional Protocol to the Convention on the Elimination of All Forms of Discrimination against Women _ CEDAW-OP)** ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ၅-၆-၂၀၂၅ ရက်နေ့တွင် ဘာသာပြန်ဆို ပြီးစီးခဲ့ပြီး ၁-၁၂-၂၀၂၅ ရက်နေ့တွင် ပုံနှိပ်ခဲ့ပါသည်။

၉၂။ **မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ် (Optional Protocol to the Convention on the Rights of Persons with Disabilities _ CPRD-OP)** ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ၁၁-၉-၂၀၂၅ ရက်နေ့တွင် ဘာသာပြန်ဆို ပြီးစီးခဲ့ပြီး ၁-၁၂-၂၀၂၅ ရက်နေ့တွင် ပုံနှိပ်ခဲ့ပါသည်။

**အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်**

၉၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက **အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (Convention on the Elimination of All Forms of Discrimination against Women- CEDAW) နှင့် စပ်လျဉ်းသည့် နိုင်ငံအဆင့် အစီရင်ခံစာ**တွင် ထည့်သွင်းရန် အချက်အလက်များ တောင်းခံလာခြင်းအပေါ် ကော်မရှင်က ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည့် အမျိုးသမီး အခွင့်အရေးဆိုင်ရာ အချက်အလက်များကို ၄-၂-၂၀၂၅ ရက်နေ့၌ ပေးပို့ခဲ့ရာတွင် အောက်ပါ အချက်အလက်များ ပါဝင်ပါသည်-

(က) ကော်မရှင်က အမျိုးသမီး အခွင့်အရေးဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခြင်းများ၊

(ခ) CEDAW ကို မြန်မာဘာသာ ပြန်ဆိုပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း၊

(ဂ) ကော်မရှင်က ပုံနှိပ်ထားသည့် CEDAW ပိုစတာဖြန့်ဝေခြင်း၊

(ဃ) အမြင်အာရုံ ချို့ယွင်းအားနည်းသူများအတွက် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights - UDHR) ကို မျက်မမြင်လက်စမ်းစာ (Braille) ဖြင့် ပုံနှိပ်ထုတ်ဝေခြင်း၊

(င) UDHR ကို လော်ဝေါ်၊ ပေါင်းညွှမ်၊ လိုင်းနောင်၊ ခယမ်ညျူငန်၊ မကူရီ၊ ဂျာဂျာရ် (ခ) ပါရ၊ ကိုညတ်၊ ဂုဏ်ဝမ်ပိုညိုု၊ နာဂဘုံစာပေ တို့ဖြင့် ဘာသာပြန်ဆို ပုံနှိပ်ထုတ်ဝေခြင်း၊

(စ) ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကိစ္စရပ်များကို လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်ဆွေးနွေးမှုဘာသာရပ် ရေးဆွဲခြင်း၊

(ဆ) အမျိုးသမီး အခွင့်အရေးဆိုင်ရာ အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ တက်ရောက်ခြင်း၊

(ဇ) ကော်မရှင်သို့ တိုင်တန်းလာသည့် အမျိုးသမီး အခွင့်အရေး ဖောက်ဖျက်ခံရသော အမှုများကို ကိုင်တွယ်ဖြေရှင်းခဲ့သည့် အမှုအရေအတွက်၊

(ဈ) အမျိုးသမီး သင်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည့် အရေအတွက်။

၉၄။ **CEDAW သတ္တမအကြိမ် နိုင်ငံအဆင့် အစီရင်ခံစာရေးသားရေးအဖွဲ့**တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ရန် ညွှန်ကြားရေးမှူး ဒေါ်ဖြိုးသီရိဝင်း၏ အမည်စာရင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ၁၅-၉-၂၀၂၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၉၅။ **နိုင်ငံတော်က တင်သွင်းမည့် သတ္တမအကြိမ်မြောက် CEDAW အစီရင်ခံစာ (ဒုတိယ မူကြမ်း) ပါ အချက်အလက်များ**နှင့် စပ်လျဉ်း၍ ကော်မရှင်က ပြင်ဆင်လိုသော အချက်အလက်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ၂၂-၁၂-၂၀၂၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

## ဥပဒေဆိုင်ရာ ဟောပြောဆွေးနွေးပွဲ

၉၆။ ကော်မရှင်သည် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဥပဒေအသိပညာပြန့်ပွားရေး အစီအစဉ်အရ **ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောဆွေးနွေးပွဲ** ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ရှိ ကော်မရှင်ရုံး၌ Online Platform ဖြင့် ၂၄-၂-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

## ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်

၉၇။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက **ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း အကောင်အထည်ဖော်မှု ပဉ္စမအကြိမ်နှင့် ဆဋ္ဌမအကြိမ် နိုင်ငံအဆင့် ပူးတွဲအစီရင်ခံစာ**နှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ (UNCRC) တွင် တင်ပြနိုင်ရေးအတွက် အချက်အလက်များ တောင်းခံလာခြင်းအပေါ် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်ထိ ကော်မရှင်က ဆောင်ရွက်ခဲ့သည့် ကလေးသူငယ် အခွင့်အရေးနှင့်စပ်လျဉ်း၍ မြှင့်တင်ရေးနှင့် ပညာပေးရေး ကိစ္စရပ်များ၊ ကာကွယ်စောင့်ရှောက်ရေး ကိစ္စရပ်များနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်များကို ၁၅-၇-၂၀၂၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၉၈။ **ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော်မှု ပဉ္စမအကြိမ်နှင့် ဆဋ္ဌမအကြိမ် နိုင်ငံအဆင့် ပူးတွဲအစီရင်ခံစာနှင့် ပတ်သက်၍ Progress Report ရေးသားပြုစုနိုင်ရေးအဖွဲ့**တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရန် ညွှန်ကြားရေးမှူး ဒေါ်ဖြိုးသီရိဝင်း၏ အမည်စာရင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ၄-၁၂-၂၀၂၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

## မှတ်တမ်းဓာတ်ပုံများ




ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောဆွေးနွေးပွဲကျင်းပခြင်း





အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး
အမျိုးသားကော်မတီ (၁/၂၀၂၅) အစည်းအဝေးသို့ တက်ရောက်ခြင်း




သတ္တမအကြိမ်မြောက် CEDAW အစီရင်ခံစာ ရေးသားနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း




မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်အား ဘာသာပြန်ဆိုပုံနှိပ်ခြင်း




အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်အား ဘာသာပြန်ဆိုပုံနှိပ်ခြင်း




မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်အား ဘာသာပြန်ဆို ပုံနှိပ်ခြင်း

## နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### လုပ်ငန်းတာဝန်များ

၉၉။ နိုင်ငံတကာဆက်ဆံရေးဌာနသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၂၂ (ဆ) အရ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန် သုံးသပ်သည့် လုပ်ငန်းစဉ်အပါအဝင် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ အခြားသော အမျိုးသားအဆင့်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်း အစရှိသည့် ကော်မရှင်၏ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

### အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် - Southeast Asia National Human Rights Institutions Forum (SEANF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၁၀၀။ **ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး တက်ရောက်ခြင်း။** အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (Komnas HAM) က ဖိုရမ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် SEANF ၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးကို ၂၃-၄-၂၀၂၅ ရက်နေ့မှ ၂၄-၄-၂၀၂၅ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ Hybrid Format ဖြင့် ကျင်းပပြုလုပ်ရာ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာသန်းမြင့်၊ ဦးဝင်းလှိုင်ဦးနှင့် ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာလင်းနှင့် ရုံးဝန်ထမ်းများက Online Platform ဖြင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

၁၀၁။ လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ၌ ကျင်းပခဲ့သော ဖိုရမ်၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ဖိုရမ်၏ အလှည့်ကျ အတွင်းရေးမှူးချုပ်ရုံး အဖွဲ့ တာဝန်ယူဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ဖိုရမ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည့် သက်တမ်းကာလသတ်မှတ်ခြင်းအတွက် အင်ဒိုနီးရှားနိုင်ငံမှ ဦးဆောင်ဆွေးနွေးမှုများ၊ ဖိုရမ်၏ Website အတွက် ဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြပါသည်။

၁၀၂။ အစည်းအဝေးတွင် **ဖိုရမ်၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်းကာလအတွင်း ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့**

**နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ**ကို အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ဆွေးနွေးခဲ့ပါသည်။ ထို့နောက် SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေး ကိစ္စရပ် အမှတ် (၂) ဖြစ်သည့် “**စီးပွားရေး လုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်**” ကိစ္စရပ်နှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေးသင့် ဒေသများတွင် ပျက်စီးဆုံးရှုံးခဲ့ရမှု အခြေအနေများနှင့် ကော်မရှင်မှ ငလျင်ဘေးသင့် ပြည်သူများအား ကူညီထောက်ပံ့ပေးခဲ့မှုများကို ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးခဲ့ပါသည်။

၁၀၃။ **ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး တက်ရောက်ခြင်း**။ အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (Komnas HAM) က ဖိုရမ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် SEANF ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ၂၂-၇-၂၀၂၅ ရက်နေ့မှ ၂၃-၇-၂၀၂၅ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ယိုဂျာကာတာမြို့၌ Hybrid Format ဖြင့် ကျင်းပပြုလုပ်ရာ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြပြီး အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာသန်းမြင့်၊ ဦးဝင်းလှိုင်ဦးနှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ ညွှန်ကြားရေးမှူး ဦးဇေယျာလင်းနှင့် ရုံးဝန်ထမ်းများက Online Platform မှတစ်ဆင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

၁၀၄။ အစည်းအဝေးတွင် ၂၀၂၅ ခုနှစ်၊ ဧပြီလက ကျင်းပခဲ့သော ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ဖိုရမ်၏ အလှည့်ကျ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ဖိုရမ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရမည့် သက်တမ်းအား ဆွေးနွေးခြင်းကိစ္စရပ်များ၊ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဖိုရမ်နှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

၁၀၅။ အစည်းအဝေးတွင် ဖိုရမ်၏ **ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး နောက်ပိုင်းကာလအတွင်း ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ**ကို ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးက ဆွေးနွေးခဲ့ပါ

သည်။ ထို့နောက် SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် **စီးပွားရေး လုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန် ကိစ္စရပ် နှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ**ကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးခဲ့ပါသည်။

၁၀၆။ ဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပပြုလုပ်သွားရန် လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် မူအားဖြင့် သဘောတူညီခဲ့ပါသည်။

၁၀၇။ **SEANF ၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း**။ အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (Komnas HAM) က ဖိုရမ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် SEANF ၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲကို ၁၈-၁၁-၂၀၂၅ ရက်နေ့မှ ၂၀-၁၁-၂၀၂၅ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့၌ ကျင်းပပြုလုပ်ရာ ဖိုရမ်အဖွဲ့ဝင်များ ဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များနှင့်အတူ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇေယျာလင်းတို့ လူကိုယ်တိုင် ပါဝင်တက်ရောက်ခဲ့ပါသည်။

၁၀၈။ ဖိုရမ်၏ ဆက်စပ်ဆွေးနွေးပွဲကို နိုဝင်ဘာလ ၁၈ ရက်နေ့တွင် **ဒစ်ဂျစ်တယ် နယ်ပယ်နှင့် စပ်လျဉ်းသည့် လူ့အခွင့်အရေးဆိုင်ရာ ဒေသတွင်းညီလာခံ** ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ဆွေးနွေးပွဲသို့ ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များမှ ဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများနှင့် နည်းပညာဆိုင်ရာ ကုမ္ပဏီလုပ်ငန်းရှင်များ စုစုပေါင်း (၅၀) ဦးခန့် ပါဝင်တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က **AI နည်းပညာနှင့် အချက်အလက် ကာကွယ်ခြင်း အပါအဝင် နည်းပညာဆိုင်ရာ ကုမ္ပဏီများ၏ လုပ်ဆောင်ချက်များတွင် စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ၏ လမ်းညွှန်အခြေခံမူများကို လက်တွေ့ကျင့်သုံးခြင်း** ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့ပါသည်။

၁၀၉။ ဖိုရမ်၏ **နှစ်ပတ်လည် အစည်းအဝေး**ကို နိုဝင်ဘာလ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့တို့တွင် ကျင်းပခဲ့ရာ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ် စုစုပေါင်း (၃၀) ဦး ပါဝင်တက်ရောက်ခဲ့ပြီး အခမ်းအနားတွင် ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှား နိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ Ms. Anis Hidayah က သဘာပတိအဖြစ် ဆောင်ရွက်ပါသည်။

၁၁၀။ ဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် တစ်နှစ်တာကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊ ဖိုရမ်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေး ကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ဖိုရမ်၏ Rule of Procedures (RoP) ပြင်ဆင်ရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ဖိုရမ်၏ ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် မီဒီယာဆက်သွယ်ရေး လမ်းညွှန်ချက်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

၁၁၁။ ဖိုရမ်၏ နှစ်ပတ်လည်အစည်းအဝေးတွင် **ဖိုရမ်၏ Rule of Procedures (RoP) ပြင်ဆင်ရေး**နှင့် စပ်လျဉ်း၍ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က RoP ပြင်ဆင်ရေးကိစ္စတွင် အဖွဲ့ဝင်ကော်မရှင်အားလုံး၏ သဘောတူညီမှု (Consensus) ရရှိရန် အရေးကြီးကြောင်း၊ သဘောတူညီမှု မရရှိပါက ပြင်ဆင်ရန် မသင့်ကြောင်း၊ အဖွဲ့ဝင်ကော်မရှင်အားလုံး၏ သဘောတူညီမှု မရရှိဘဲ RoP ကို ပြင်ဆင်ရန် ဆောင်ရွက်မည်ဆိုပါက ကော်မရှင်အနေဖြင့် ကန့်ကွက်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။ RoP ပါ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ ပြဋ္ဌာန်းချက် ဖော်ပြချက် ပြင်ဆင်ရန် ကိစ္စရပ်နှင့် စပ်လျဉ်း၍ မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က အဆိုပြုချက် သုံးခုအနက် "အားလုံး၏ သဘောတူညီမှု (Consensus) ကို အဓိကအဖြစ် ထားရှိပြီး သတ်မှတ်ထားသော ကိစ္စရပ်အချို့ကို သုံးပုံနှစ်ပုံ မဲပေးဆန္ဒဖြင့် ဆုံးဖြတ်ရန်" ဟူသော အဆိုပြုချက်အား ဆောင်ရွက်ရန် အစည်းအဝေးတွင် သဘောတူခဲ့ကြပါသည်။ ထို့နောက် **တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး တိုးတက်ဖြစ်ထွန်းမှုများ**ကို ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်ကလည်းကောင်း၊ ဖိုရမ်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် **စီးပွားရေး လုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေး** ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇေယျာလင်းကလည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

၁၁၂။ ဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် ၂၀၂၆ ခုနှစ်အတွက် ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

## သဘောထားမှတ်ချက်နှင့် အကြံပြုချက်များ ပေးပို့ခြင်း

၁၁၃။ SEANF ၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးခဲ့သည့် Concepts Guidelines of the Rotating Secretariat of SEANF နှင့် Concept of Comparation on the Period of SEANF Chairpersonship နှင့်စပ်လျဉ်း၍ ကော်မရှင်၏

သဘောထားမှတ်ချက်နှင့် အကြံပြုချက်များအား အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ထံသို့ ၂၃-၆-၂၀၂၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

**SEANF ၏ Rule of Procedures (RoP) ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသည့် High Level Meeting တက်ရောက်ခြင်း**

၁၁၄။ SEANF ၏ Rule of Procedures (RoP) ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသည့် High Level Meeting ကို မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်မှ ဦးဆောင်၍ ၃-၇-၂၀၂၅ ရက်နေ့တွင် Online Platform မှတစ်ဆင့် ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာသန်းမြင့်၊ ဦးဝင်းလှိုင်ဦး၊ ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူးများ ဖြစ်ကြသည့် ဒေါ်ဖြိုးသီရိဝင်းနှင့် ဦးဇေယျာလင်းတို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ပါသည်။

**အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် - Asia Pacific Forum of National Human Rights Institutions (APF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၁၁၅။ APF Constitution ၏ article 11.5 အရ ကော်မရှင်အနေဖြင့် ပါရီအခြေခံမူများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်သုံးသပ်မှု ခံယူနိုင်ရန်အတွက် **အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်ကောင်စီ (APF Forum Council) သို့ ကော်မရှင်၏ ဖြေကြားရှင်းလင်းချက်များနှင့် ထပ်မံတိုးတက်ဖြစ်ပေါ်မှု အချက်အလက်များ ပေးပို့ခြင်း**ကို ၁၂-၅-၂၀၂၅ ရက်နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။

၁၁၆။ APF Forum Council က ကော်မရှင်အား ပါရီအခြေခံမူများနှင့် ကိုက်ညီမှု ရှိ မရှိနှင့် စပ်လျဉ်း၍ **သုံးသပ်မှုခံယူခြင်း**ကို ၂၀-၅-၂၀၂၅ ရက်နေ့တွင် Online Platform မှတစ်ဆင့် ပြုလုပ်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် APF Forum Council က မေးမြန်းလာသည့် မေးခွန်းများကို အချက်အလက် ပြည့်စုံစွာ တုံ့ပြန်ဖြေကြားခဲ့ပါသည်။

**လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးတွဲသုတေသနစာတမ်း အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း**

၁၁၇။ လာအိုနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် **လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးတွဲသုတေသနစာတမ်း အလုပ်ရုံဆွေးနွေးပွဲ**ကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့မှ ၂၉ ရက်နေ့အထိ လာအိုနိုင်ငံ၊ လွှန်ပရာဘန်မြို့၌ ပြုလုပ်ခဲ့ရာ ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း ပါဝင်တက်ရောက်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ် စုစုပေါင်း (၈၀) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

၁၁၈။ အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ဖြစ်သည့် ၂၈-၇-၂၀၂၅ ရက်နေ့၌ ကဏ္ဍ (၁) တွင် ကုလသမဂ္ဂနှင့် ဒေသတွင်းမူဘောင်များဖြင့် လူ့အခွင့်အရေး ဖွံ့ဖြိုးတိုးတက်မှု ခေါင်းစဉ်နှင့် ကဏ္ဍ (၂) တွင် ဆင်းရဲမွဲတေမှုလျှော့ချရေး၊ ကျား/မ တန်းတူညီမျှရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး အခွင့်အလမ်းရရှိမှု ခေါင်းစဉ်တို့တွင် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ပါဝင်ဆွေးနွေးခဲ့ပါသည်။ ဒုတိယနေ့ဖြစ်သည့် ၂၉-၇-၂၀၂၅ ရက်နေ့၌ ကဏ္ဍ (၃) တွင် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးတွဲသုတေသနစာတမ်းမူကြမ်း ဖြည့်စွက်ရေးဆွဲခြင်း ကိစ္စရပ်နှင့် အဆိုပါမူကြမ်းအရ ရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များ၊ ကဏ္ဍ (၄) မေးခွန်းမေးမြန်းခြင်း အပိုင်းတွင် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် လူ့အခွင့်အရေး သင်ခန်းစာများ ပို့ချခြင်း၊ သင်ရိုးညွှန်းတမ်းများ ပြဋ္ဌာန်းခြင်း ကိစ္စရပ်များအပေါ် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြန်လည်ဖြေကြားခဲ့ပါသည်။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၁၁၉။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၌ ၂၂-၁၀-၂၀၂၅ ရက်နေ့မှ ၂၄-၁၀-၂၀၂၅ ရက်နေ့အထိ "ဒီဂျစ်တယ်ခေတ်တွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပသော **(၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်လက်တွေ့အသုံးချ ညီလာခံ**သို့ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် ပါဝင်တက်ရောက်ခဲ့ပါသည်။ အဆိုပါညီလာခံသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အပါအဝင် ကမ္ဘာ့နိုင်ငံနှင့် အဖွဲ့အစည်း (၅၀) ကျော်မှ လူ့အခွင့်အရေး ကော်မရှင် ကိုယ်စားလှယ်များ၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

၁၂၀။ ညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ Mr. Vladimir Putin က ပေးပို့သော ကြိုဆိုနှုတ်ဆက်မိန့်ခွန်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရုံးအကြီးအကဲက ဖတ်ကြားခဲ့ပါသည်။ ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လွှတ်တော် ဥက္ကဋ္ဌ Mrs. Valentina Matvienko ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဥက္ကဋ္ဌ Mr. Viacheslav Volodin နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Sergey Lavrov တို့၏ ကိုယ်စား ကြိုဆိုနှုတ်ဆက်စကားများကို သက်ဆိုင်ရာဌာနအကြီးအကဲများက လာရောက်ပြောကြားခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ ဥက္ကဋ္ဌဖြစ်သူ Prof. Tatiana Moskalkova က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

၁၂၁။ အဆိုပါ ညီလာခံတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ဒီဂျစ်တယ်နည်းပညာသည် ယနေ့ခေတ် လူမှုဘဝတွင် တစ်ဆက်တစ်စပ်တည်း ယှဉ်တွဲလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ဒီဂျစ်တယ် အခွင့်အရေးများ ကာကွယ်ရန်အတွက် ဆက်သွယ်ရေးဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဥပဒေ စသည်ဖြင့် ဥပဒေများ ပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါဥပဒေများကို နိုင်ငံသားများ၏ လူပုဂ္ဂိုလ်လုံခြုံရေး၊ ကိုယ်ရေးကိုယ်တာအချက်အလက်များ လုံခြုံရေး စသည့်

အကာအကွယ် ရရှိစေရန်အတွက် ပြဌာန်းပေးထားခြင်း ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးများ ဖော်ဆောင်ရာတွင် ဒီဂျစ်တယ် နည်းပညာဖြင့် လူ့အခွင့်အရေးများ မြှင့်တင် ကာကွယ်စောင့်ရှောက်ရန်အတွက် e-Government ဌာနကို ဖွဲ့စည်းထားရှိပြီး Learning Management System ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံသားများ online မှ တိုင်တန်းချက်များ ပေးပို့နိုင်ရန်နှင့် သတင်းအချက်အလက်များ ရရှိနိုင်ရန် ရည်ရွယ်၍ ကော်မရှင် Website နှင့် Mobile Application ဆောင်ရွက်ထားရှိကြောင်း၊ လွတ်လပ်မှု၊ ညီမျှမှုနှင့် လူ့ဂုဏ်သိက္ခာတို့ကို အလေးထားသည့် လူ့အခွင့်အရေး အခြေပြု ဒီဂျစ်တယ်အနာဂတ်တစ်ခု ဖြစ်ပေါ်လာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

၁၂၂။ ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ Prof. Tatiana Moskalkova နှင့် နှစ်ဖက်အဖွဲ့အစည်း သီးသန့် တွေ့ဆုံဆွေးနွေးမှုကို ပြုလုပ်ခဲ့ပြီး အဖွဲ့အစည်းနှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍများကို ဆွေးနွေးခဲ့ကြပါသည်။

၁၂၃။ ကော်မရှင် ဥက္ကဋ္ဌသည် ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်ရုံးချုပ်သို့ သွားရောက်ကာ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာခဲ့ပါသည်။ ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့အကြား လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေး ကဏ္ဍများတွင် နှစ်ဘက် ပူးပေါင်းဆောင်ရွက်ရေး ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ (Memorandum of Cooperation) ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၁၂၄။ ကော်မရှင် ဥက္ကဋ္ဌသည် အင်ဒိုနီးရှားနိုင်ငံ၊ ဆူဒန်နိုင်ငံ၊ နီပေါနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံခဲ့ပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။

**သဘောထားမှတ်ချက်ပေးပို့ခြင်း**

၁၂၅။ အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မည့် **အာဆီယံ-တရုတ် လုပ်ငန်းစီမံချက် (၂၀၂၆-၂၀၃၀) မူကြမ်း**အပေါ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အကြံပြုလိုသည့်အချက်များ ပေးပို့နိုင်ပါရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညှိနှိုင်း အကြောင်းကြားစာ ပေးပို့လာမှုနှင့် စပ်လျဉ်း၍ ကော်မရှင်၏ သဘောထားမှတ်ချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၂၈-၁-၂၀၂၅ ရက်နေ့တွင် ပေးပို့ပြန်ကြားခဲ့ပါသည်။

**ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ပေးပို့လာသောမေးခွန်းများ ဖြေကြားခြင်း**

၁၂၆။ လူ့အခွင့်အရေးကောင်စီ (၆၂) ကြိမ်မြောက် အစည်းအဝေးသို့ Human Rights Council Advisory Committee က တင်သွင်းမည့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်မှတစ်ဆင့် ဉာဏ်ရည်တုစနစ်များက လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ပေးနိုင်မည့် နယ်ပယ်များအပေါ် သက်ရောက်မှုနှင့်စပ်လျဉ်းသည့် အစီရင်ခံစာအတွက် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ပေးပို့မေးမြန်းလာသော မေးခွန်းများအနက် ကော်မရှင်နှင့် သက်ဆိုင်မှုရှိသော မေးခွန်းများအပေါ် ဖြေကြားချက်များအား ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးသို့ ၄-၄-၂၀၂၅ ရက်နေ့တွင် ပြန်လည်ပေးပို့ခဲ့ပါသည်။

၁၂၇။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ “Principles and Guidance on humanitarian action” မူကြမ်း ပြုစုမှုအပေါ် ကော်မရှင်၏ သဘောထားမှတ်ချက်ကို ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး Email သို့ ၁၇-၁၀-၂၀၂၅ ရက်နေ့တွင် ပေးပို့ပြန်ကြားခဲ့ပါသည်။

**အချက်အလက်များပေးပို့ခြင်း**

၁၂၈။ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice-ICJ) ၏ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့်ကို လိုက်နာဆောင်ရွက်ကြောင်း တင်ပြသည့် မြန်မာနိုင်ငံ၏ အစီရင်ခံစာတွင် ထည့်သွင်းရန် အချက်အလက်များ ပံ့ပိုးပေးနိုင်ပါရန် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice-ICJ) ၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ ဦးဆောင်ကော်မတီက ညှိနှိုင်းလာခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်က သက်ဆိုင်သည့် အချက်အလက်များကို ပြန်လည်ပေးပို့ခဲ့ပါသည်။

**International Non- Government Organization People’s Economics Alignment For Common Equity- ingo PEACE. မှ လာရောက်တွေ့ဆုံခြင်း**

၁၂၉။ International Non- Government Organization People’s Economics Alignment For Common Equity- ingo PEACE. ၏ မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၁၃-၈-၂၀၂၅ ရက်နေ့တွင် ကော်မရှင်ရုံး၊ Conference Room ၌ လက်ခံတွေ့ဆုံခဲ့ပြီး ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

**ကော်မရှင်ရုံးဝန်ထမ်းများ၏ ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့မှုများ**

၁၃၀။ ကော်မရှင်ရုံးဝန်ထမ်းများ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသိပညာများ တိုးပွားစေရန်၊ အတွေ့အကြုံများ ဖလှယ်ရန်၊ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့်

နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်၍ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ဖိတ်ကြားသည့် အစည်းအဝေးများ၊ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ အောက်ပါအတိုင်း ပါဝင်တက်ရောက်စေခဲ့ပါသည် -

| စဉ် | ကာလ | အကြောင်းအရာ | တက်ရောက်သူ | ဖိတ်ကြားသည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂၇-၂-၂၀၂၅ | APF Gender Equality Programme Follow Up Session | ဒေါ်နှင်းရတနာအောင် (ဒု/ညွှန်မှူး)၊ ဒေါ်မို့မို့အောင် (လ/ထ ညွှန်မှူး) | အာရှပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် | Online Platform |
| ၂ | ၂-၇-၂၀၂၅ | Komnas HAM ၏ ၂၀၂၄ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ စာအုပ် မိတ်ဆက်ပွဲ အခမ်းအနား | ဒေါ်မိမိခိုင် (ဒု/ညွှန်မှူး) | အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် | Online Platform |
| ၃ | ၇-၄-၂၀၂၅ မှ ၂-၅-၂၀၂၅ ထိ | ဒေသတွင်း ညှဉ်းပန်းနှိပ်စက်မှု ကာကွယ်ရေးဆိုင်ရာ အွန်လိုင်း သင်တန်း | ဒေါ်အေးစန္ဒာမြင့် (လ/ထ ညွှန်မှူး)၊ ဦးရဲထက်အောင် (လ/ထ ညွှန်မှူး) | အာရှပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် | Online Platform |
| ၄ | ၂၄-၇-၂၀၂၅ | Enhancing Capacity of NHRIs on Human Rights Defender Issues | ဒေါ်မီမီစန်းအောင် (ဒု/ညွှန်မှူး)၊ ဒေါ်တင်တင်ခိုင် (လ/ထ ညွှန်မှူး)၊ ဒေါ်ဇင်မင်းသက်လွင် (လ/ထ ညွှန်မှူး)၊ ဒေါ်အေးစန္ဒာမြင့် (လ/ထ ညွှန်မှူး)၊ ဦးကောင်းခန့်ပြည့် (လ/ထ ညွှန်မှူး) | အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် | Online Platform |

| | | | | | |
|---|---|---|---|---|---|
| ၅ | ၂၁-၈-၂၀၂၅ | အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး လုပ်ငန်းစီမံချက် ဆိုင်ရာ နိုင်ငံအဆင့် အကြံပြု ဆွေးနွေးပွဲ | ဒေါ်မို့မို့အောင် (လ/ ထ ညွှန်မှူး) | လူမှုဝန်ထမ်း ဦးစီးဌာန | In-person |
| ၆ | ၈-၉-၂၀၂၅ | Learning Call on IHL: Convergence Points between State-Led National IHL Committees and NHRIs | ဒေါ်အေးစန္ဒာမြင့် (လ/ထညွှန်မှူး)၊ ဒေါ်ဟေမာန်ထွန်း (ဦး/ရှိ)၊ ဦးအောင်နိုင်ဦး (ဒု/ဦးစီး) | ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေး ကော်မရှင် | Online Platform |
| ၇ | ၉-၉-၂၀၂၅ | Consultation in Conjunction with the 2025 SUHAKAM Day Celebration: Strengthening of SUHAKAM through the 2026 Re-Accreditation Process | ဒေါ်မီမီစန်းအောင် (ဒု/ညွှန်မှူး)၊ ဦးရဲထွဋ်ခေါင် (ဦး/ရှိ) | မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင် | Online Platform |
| ၈ | ၁၉-၁၂-၂၀၂၅ | 2025 Human Rights Assembly | ဒေါ်မီမီစန်းအောင် (ဒု/ညွှန်မှူး) | ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် | Online Platform |

# မှတ်တမ်းဓာတ်ပုံများ




SEANF ၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း




အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၄ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ စာအုပ် မိတ်ဆက်ပွဲ အခမ်းအနား သို့ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင် တက်ရောက်ခြင်း



SEANF ၏ Rules of Procedure (RoP) ပြင်ဆင်ခြင်းနှင့်စပ်လျဉ်းသည့် High Level Meeting သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း



SEANF ၏ ဒုတိယအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း



Enhancing Capacity of National Human Rights Institution on Human Rights Defender Issues သင်တန်းသို့ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီစန်းအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း





လာအိုနိုင်ငံ၊ လွန်ပရာဘန်မြို့၌ ကျင်းပသည့် "လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးတွဲသုတေသနစာတမ်း အလုပ်ရုံဆွေးနွေးပွဲ" သို့ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း တက်ရောက်ခြင်း




မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် International Non- Governmental Organization People's Economics Alignment For Common Equity – ingo PEACE. တို့ တွေ့ဆုံဆွေးနွေးခြင်း




အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး လုပ်ငန်းစီမံချက်ဆိုင်ရာ နိုင်ငံအဆင့်အကြံပြုဆွေးနွေးပွဲသို့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့အောင် တက်ရောက်ခြင်း





Learning Call on IHL: Convergence Points between State-Led National IHL Committees and NHRIs သို့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာမြင့်၊ ဦးစီးအရာရှိ ဒေါ်ဟေမာန်ထွန်းနှင့် ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ဦးအောင်နိုင်ဦးတို့ တက်ရောက်ခြင်း




Consultation in Conjunction with the 2025 SUHAKAM Day Celebration: Strengthening of SUHAKAM through the 2026 Re-Accreditation Process သို့ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိစန်းအောင်နှင့် ဦးစီးအရာရှိ ဦးရဲထွဋ်ခေါင် တက်ရောက်ခြင်း




ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၌ ကျင်းပသည့် (၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသိပ္ပံနှင့် လက်တွေ့အသုံးချ ညီလာခံသို့ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် တက်ရောက်ခြင်း



ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ (Memorandum of Cooperation) လက်မှတ်ရေးထိုးခြင်း




အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ ကျင်းပသည့် SEANF ၏ (၂၂) ကြိမ်မြောက်
နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊
ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇေယျာလင်း
တက်ရောက်ခြင်း




2025 Human Rights Assembly သို့ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီစန်းအောင်
တက်ရောက်ခြင်း

## စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### လုပ်ငန်းတာဝန်များ

၁၃၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေနှင့်အညီ ကော်မရှင်၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနသည် လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့ကိစ္စရပ်များ ဆောင်ရွက်ပေးလျက်ရှိပြီး ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေကြေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၂၇ နှင့်အညီ ကော်မရှင်ပုံမှန်အစည်းအဝေး၊ အုပ်ချုပ်မှု စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးနှင့် အထူးအစည်းအဝေးများ၊ အခမ်းအနားများ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း အစရှိသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

### အစည်းအဝေးများ ကျင်းပခြင်း

၁၃၂။ ကော်မရှင် ပုံမှန်အစည်းအဝေး၊ ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးနှင့် ကော်မရှင်အထူးအစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပဆောင်ရွက်ခဲ့ပါသည်-

(က) **ကော်မရှင်ပုံမှန်အစည်းအဝေး။** ကော်မရှင်၏ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပိုဒ် ၄၉ အရ ကော်မရှင် ပုံမှန်အစည်းအဝေးတွင် ကော်မရှင် ဥက္ကဋ္ဌ၊ အဖွဲ့ဝင် (၈) ဦးနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ပါဝင်သည့် ကော်မရှင်ပုံမှန်အစည်းအဝေးကို လစဉ်ကျင်းပ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် ကော်မရှင် ပုံမှန်အစည်းအဝေး (၁၂) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

(ခ) **ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး။** ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီတွင် ဥက္ကဋ္ဌ၊ အလှည့်ကျ ကော်မရှင် အဖွဲ့ဝင် (၂) ဦးနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်သော ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကို လစဉ်ကျင်းပ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၁၂) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

(ဂ) **ကော်မရှင်အထူးအစည်းအဝေးများ။** ၃-၂-၂၀၂၅ ရက်နေ့တွင် ကော်မရှင်၏ ရှေ့လုပ်ငန်းစဉ်များနှင့် လုပ်ငန်းတာဝန်များ ခွဲဝေခြင်း အစည်းအဝေး၊ ၈-၈-၂၀၂၅ ရက်နေ့တွင် ကော်မရှင်၏ လုပ်ငန်းစီမံချက် (၂၀၂၅ ခုနှစ်) ပါ ဆောင်ရွက်ရမည့် အချက်များအား (၆) လတာ ကာလအတွင်း ဆောင်ရွက်ထားရှိမှုများ၊ ဆောင်ရွက်ရန်ကျန်ကိစ္စများနှင့်စပ်လျဉ်းသည့် အစည်းအဝေး၊ ၁၀-၁၀-၂၀၂၅

ရက်နေ့တွင် ကော်မရှင်၏ လုပ်ငန်းစီမံချက် (၂၀၂၆ ခုနှစ်) ရေးဆွဲထားမှုနှင့် စပ်လျဉ်းသည့် အစည်းအဝေး စုစုပေါင်း အထူးအစည်းအဝေး (၃) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

**ဝန်ထမ်းရေးရာကိစ္စရပ်များ**

၁၃၃။ **ဝန်ထမ်းများ ခန့်ထားခြင်းနှင့် ဝန်ထမ်းအင်အား။** ကော်မရှင်ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ ၂၀၂၅ ခုနှစ်အတွင်း ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများတွင် အရာထမ်း ၁၂ ဦး၊ အမှုထမ်း ၁၃ ဦး၊ တိုးချဲ့ခန့်အပ်ခဲ့ပြီး ၃၁-၁၂-၂၀၂၅ ရက်နေ့အထိ ဝန်ထမ်းအင်အားမှာ အရာထမ်း ၅၅ ဦး၊ အမှုထမ်း ၅၈ ဦး၊ စုစုပေါင်းဝန်ထမ်း ၁၁၃ ဦး ဖြစ်ပါသည်။

၁၃၄။ **အင်အားလျော့ခြင်း။** ၂၀၂၅ ခုနှစ်အတွင်း အလုပ်မှ နုတ်ထွက်သူ အရာထမ်း ၆ ဦး၊ အမှုထမ်း ၈ ဦး၊ သက်ပြည့်အငြိမ်းစားယူသူ အရာထမ်း ၁ ဦး၊ ကွယ်လွန်သူ အမှုထမ်း ၁ ဦး စုစုပေါင်း ၁၆ ဦး အင်အားလျော့ပါသည်။

၁၃၅။ **ဌာနတွင်းရာထူးတိုးမြှင့်ပေးခြင်း။** ၂၀၂၅ ခုနှစ်အတွင်း ကော်မရှင်ရုံး ဝန်ထမ်း (၁၅) ဦး အား အောက်ပါအတိုင်း ရာထူးတိုးမြှင့်ပေးခဲ့ပါသည်-

| | | |
|---|---|---|
| (က) | လက်ထောက်ညွှန်ကြားရေးမှူးမှ ဒုတိယညွှန်ကြားရေးမှူး | ၁ ဦး |
| (ခ) | ဒုတိယလူ့အခွင့်အရေးဦးစီးမှူးမှ ဦးစီးအရာရှိ | ၅ ဦး |
| (ဂ) | အကြီးတန်းစာရေးမှ ဒုတိယလူ့အခွင့်အရေးဦးစီးမှူး | ၄ ဦး |
| (ဃ) | အငယ်တန်းစာရေးမှ အကြီးတန်းစာရေး | ၅ ဦး |

၁၃၆။ **သင်တန်းများတက်ရောက်ခြင်း။** ကော်မရှင်ရုံး ဝန်ထမ်း (၉) ဦးသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဖွင့်လှစ်သော သင်တန်းများသို့ အောက်ပါအတိုင်း တက်ရောက်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၁ ဦး |
| (ခ) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၈ ဦး |

၁၃၇။ **ဘွဲ့ထူး/ ဂုဏ်ထူးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်း။** ကော်မရှင်ရုံးမှ အမှုထမ်း ၈ ဦးသည် ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာ (၁၂/၂၀၂၅) ဖြင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်ခံခဲ့ရပါသည်။

**ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်အပ်ပြီးအင်အား**

၁၃၈။ ကော်မရှင်ရုံး ဖွဲ့စည်းပုံနှင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ ခန့်အပ်ပြီး ဝန်ထမ်းအင်အားစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ရာထူး | ဝန်ထမ်း ဖွဲ့စည်းပုံ | ရုံးချုပ် အင်အား | ရုံးခွဲအင်အား | | | | စုစုပေါင်း အင်အား |
|---|---|---|---|---|---|---|---|---|
| | | | | နေပြည် တော် | မန္တလေး | ရခိုင် | ပုသိမ် | |
| ၁ | ညွှန်ကြားရေးမှူးချုပ် | ၁ | ၁ | - | - | - | - | ၁ |
| ၂ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ၁ | ၁ | - | - | - | - | ၁ |
| ၃ | ညွှန်ကြားရေးမှူး | ၆ | ၆ | - | - | - | - | ၆ |
| ၄ | ဒုတိယညွှန်ကြားရေးမှူး | ၁၃ | ၆ | - | - | - | - | ၆ |
| ၅ | လက်ထောက်ညွှန်ကြားရေးမှူး | ၂၆ | ၁၃ | ၁ | - | - | ၁ | ၁၅ |
| ၆ | ဦးစီးအရာရှိ | ၄၀ | ၂၃ | ၂ | ၁ | - | - | ၂၆ |
| အရာထမ်းပေါင်း | | **၈၇** | **၅၀** | **၃** | **၁** | - | **၁** | **၅၅** |
| ၇ | ဒုတိယလူ့အခွင့်အရေးဦးစီးမှူး | ၅၄ | ၁၃ | - | ၁ | ၁ | - | ၁၅ |
| ၈ | ယာဉ်မောင်းစက်ပြင် (၂) | ၄ | ၁ | - | - | - | - | ၁ |
| ၉ | အကြီးတန်းစာရေး | ၆၅ | ၅ | ၁ | - | - | - | ၆ |
| ၁၀ | ယာဉ်မောင်းစက်ပြင် (၃) | ၃ | ၂ | - | - | - | - | ၂ |
| ၁၁ | ယာဉ်မောင်း (၃) | ၈ | ၄ | ၁ | - | - | - | ၅ |
| ၁၂ | အငယ်တန်းစာရေး | ၇၂ | ၇ | ၁ | ၁ | - | ၂ | ၁၁ |
| ၁၃ | သန့်ရှင်းရေး | ၁၂ | ၄ | ၁ | ၁ | - | - | ၆ |
| ၁၄ | ရုံးအကူ | ၁၄ | ၆ | ၂ | - | - | ၁ | ၉ |
| ၁၅ | ဥယျာဉ်လုပ်သား | ၁ | ၁ | - | - | - | - | ၁ |
| ၁၆ | အစောင့် | ၂ | - | ၁ | ၁ | - | - | ၂ |
| အမှုထမ်းပေါင်း | | **၂၃၅** | **၄၃** | **၇** | **၄** | **၁** | **၃** | **၅၈** |
| | **စုစုပေါင်း** | **၃၂၂** | **၉၃** | **၁၀** | **၅** | **၁** | **၄** | **၁၁၃** |

## ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်

၁၃၉။ ကော်မရှင် ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ ယင်းတို့၏ မိသားစုဝင်များအား ကျန်းမာရေးဦးစီးဌာနမှ ၂၆-၁၁-၂၀၂၅ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လာရောက်ထိုးနှံပေးနိုင်ရေး ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာပေးခြင်းနှင့် နိုင်ငံတော်မှ ထုတ်ပြန်သော ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို ဖြန့်ဝေအသိပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံတော်မှ ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များတွင် ပါဝင်ဆောင်ရွက်မှုများ**

၁၄၀။ ကော်မရှင် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး အရာထမ်းများသည် နိုင်ငံတော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ်ပါဝင်၍ အဆိုပါကော်မတီနှင့် အဖွဲ့များ၏ လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်-

| စဉ် | အမည် | ရာထူး | လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ | ပါဝင်မှု အခြေအနေ |
|---|---|---|---|---|
| ၁ | ဦးပေါ်လွင်စိန် | ဥက္ကဋ္ဌ | လူ့အခွင့်အရေး အခြေအနေပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review-UPR) ဆိုင်ရာ အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ရေးနှင့် အစီရင်ခံစာရေးသားပြုစုတင်ပြနိုင်ရေး လုပ်ငန်းကော်မတီ | အဖွဲ့ဝင် |
| ၂ | ဦးကျော်စိုး | အဖွဲ့ဝင် | လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ | အဖွဲ့ဝင် |
| ၃ | ဒေါက်တာမြင့်သူမြိုင် | အဖွဲ့ဝင် | မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီ | အဖွဲ့ဝင် |
| ၄ | ဦးတင်အောင် | အဖွဲ့ဝင် | အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ | အဖွဲ့ဝင် |
| ၅ | ဦးကျော်နိုင် | ညွှန်ကြားရေးမှူးချုပ် | (က) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ<br>(ခ) အမျိုးသမီးများနှင့်လူ့အခွင့်အရေး ဆိုင်ရာ လုပ်ငန်းကော်မတီ<br>(ဂ) အမျိုးသားအဆင့် အခမ္ဘခိုင်းစေမှု ဆိုင်ရာ တိုင်ကြားမှု ယန္တရား အကောင်အထည်ဖော်ရေး အမျိုးသား ကော်မတီ<br>(ဃ) မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး လုပ်ငန်းကော်မတီ | အဖွဲ့ဝင်<br>ဥက္ကဋ္ဌ<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် |

| | | | | |
|---|---|---|---|---|
| ၆ | ဒေါက်တာ ခိုင်ခိုင်ဝင်း | ဒုတိယ ညွှန်ကြား ရေးမှူးချုပ် | မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ လုပ်ငန်းကော်မတီ | အဖွဲ့ဝင် |
| ၇ | ဦးသူရကျော် | ညွှန်ကြား ရေးမှူး | (က) အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်း ယန္တရားများဆိုင်ရာ လုပ်ငန်းကော်မတီ<br>(ခ) နိုင်ငံအတွင်းရှိ ပဋိပက္ခ ဇေယာ များတွင် ကလေးသူငယ်များ လက်ခံ စောင့်ရှောက်ထားရှိမှု အခြေအနေ လေ့လာဆန်းစစ် သည့် သုတေသနလုပ်ငန်း ဆောင်ရွက်မည့် Technical Core Team (TCT) အဖွဲ့ | အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၈ | ဦးဇော်လွင်ထူး | ညွှန်ကြား ရေးမှူး | (က) မသန်စွမ်းသူများ၏ အခွင့်အရေး များဆိုင်ရာ စောင့်ကြည့် အကဲဖြတ် ဆပ်ကော်မတီ<br>(ခ) အမျိုးသမီးများနှင့်လူ့အခွင့်အရေး ဆိုင်ရာလုပ်ငန်းကော်မတီ | အဖွဲ့ဝင်<br>အတွင်းရေး မှူး |
| ၉ | ဒေါ်ဖြိုးသီရိဝင်း | ညွှန်ကြား ရေးမှူး | (က) တရားမျှတမှု လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>(ခ) CEDAW ဆဋ္ဌမအကြိမ် အစီရင်ခံစာ ရေးသားရေးအဖွဲ့<br>(ဂ) CEDAW သတ္တမအကြိမ် အစီရင်ခံစာ ရေးသားရေးအဖွဲ့<br>(ဃ) CRC အစီရင်ခံစာ ရေးသားရေး အဖွဲ့ | အဖွဲ့ဝင်<br>အဖွဲ့ဝင်<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၁၀ | ဒေါ်ဇင်မင်းသက်လွင် | လက် ထောက် ညွှန်ကြား ရေးမှူး | မသန်စွမ်းသူများ၏ တရားမျှတမှု ရပိုင်ခွင့် ဆိုင်ရာ ဆပ်ကော်မတီ | အဖွဲ့ဝင် |

**ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အခမ်းအနား တက်ရောက်ခြင်း**

၁၄၁။ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်က ကြီးမှူး ကျင်းပသည့် အခမ်းအနားများသို့ အောက်ပါအတိုင်း တက်ရောက်ခဲ့ပါသည်-

| စဉ် | တက်ရောက်သည့်ပုဂ္ဂိုလ် | နေ့စွဲ | တက်ရောက်သည့် အခမ်းအနား | နေရာ |
|---|---|---|---|---|
| ၁ | ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ နှင့် ခေတ္တညွှန်ကြားရေး မှူးချုပ် | ၄-၁-၂၀၂၅ | (၇၇) နှစ်မြောက် လွတ်လပ်ရေး နေ့ အခမ်းအနားနှင့် ဂုဏ်ပြု ညစာစားပွဲ တက်ရောက်ခြင်း | နေပြည်တော် |
| ၂ | ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ နှင့် ခေတ္တညွှန်ကြားရေး မှူးချုပ် | ၁၂-၂-၂၀၂၅ | (၇၈) နှစ်မြောက် ပြည်ထောင်စု နေ့ အခမ်းအနားနှင့် ဂုဏ်ပြု ညစာစားပွဲ တက်ရောက်ခြင်း | နေပြည်တော် |
| ၃ | ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး | ၁၁-၃-၂၀၂၅ | နိုင်ငံတော်အဆင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနား တက်ရောက်ခြင်း | နေပြည်တော် |
| ၄ | ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ နှင့် ခေတ္တညွှန်ကြားရေး မှူးချုပ် | ၂၇-၃-၂၀၂၅ | နှစ် (၈၀) ပြည့် တပ်မတော်နေ့ အခမ်းအနားနှင့် ဂုဏ်ပြု ညစာစားပွဲ တက်ရောက်ခြင်း | နေပြည်တော် |
| ၅ | ကော်မရှင်ဥက္ကဋ္ဌ | ၄-၇-၂၀၂၅ | ၂၀၂၅ ခုနှစ်၊ ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုး ပွဲတော် အခမ်းအနား တက်ရောက်ခြင်း | နေပြည်တော် |
| ၆ | ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး | ၁၁-၈-၂၀၂၅ | နိုင်ငံတော်အဆင့် စျာပန အခမ်းအနား တက်ရောက်ခြင်း | နေပြည်တော် |
| ၇ | ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ | ၃-၁၁-၂၀၂၅ | ကထိန်သင်္ကန်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနား တက်ရောက်ခြင်း | နေပြည်တော် |

**ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ**

၁၄၂။ ကော်မရှင်အတွက် ထောက်ပံ့အသုံးစရိတ်အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တစ်ဆင့် နိုင်ငံတော်သို့ တင်ပြတောင်းခံလျက်ရှိရာ ငွေတိုက်ဦးစီးဌာနမှတစ်ဆင့် ခွင့်ပြုလက်ခံ ရရှိပါသည်။ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကော်မရှင်သို့ နိုင်ငံတော်ထောက်ပံ့ ခွင့်ပြုငွေမှာ ကျပ် ၁၄၉၉.၉၄၂ သန်းဖြစ်ပြီး သုံးစွဲငွေ ကျပ် ၁၃၄၈.၃၆၃ သန်းဖြစ်သဖြင့် ပိုလျှံငွေ ၁၅၁.၅၇၈ သန်းအား နိုင်ငံတော်သို့ ပြန်လည်အပ်နှံပြီး ဖြစ်ပါသည်။ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေး နှစ်အတွက် ခွင့်ပြုငွေမှာ ကျပ် ၁၅၀၁.၆၀၇ သန်းဖြစ်ပြီး ဖြည့်စွက်ခွင့်ပြုငွေ ရရှိမှုမှာ ကျပ် ၅၁.၁၉၈ သန်း ဖြစ်ပါသဖြင့် စုစုပေါင်း ရရှိမှုမှာ ကျပ် ၁၅၅၂.၈၀၅ သန်း ဖြစ်ပါသည်။

**ကော်မရှင်ရုံး ဝန်ထမ်းများအတွက် အငြိမ်းစားပင်စင် စုဆောင်းငွေ**

၁၄၃။ ကော်မရှင်ရုံးဝန်ထမ်းများ၏ ဘဝနောင်ရေးအာမခံချက် ရရှိစေရေးအတွက် အငြိမ်းစား ပင်စင်စီမံချက်တစ်ရပ်အား ရေးဆွဲရန် ကော်မရှင်ရုံး၏ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၇၊ အပိုဒ်ခွဲ (ဆ) တွင် အငြိမ်းစားပင်စင်စနစ်ကို ထည့်သွင်းရေးဆွဲခဲ့ပြီး နိုင်ငံတော် သမ္မတရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ် မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁၄၄။ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့ရန်ပုံငွေ တင်ပြတောင်းခံရာတွင် ဝန်ထမ်း ၁၄၄ ဦးအတွက် ပင်စင်ထည့်ဝင်ငွေကို တစ်လလျှင် ၀.၈၈၁ သန်းနှုန်းဖြင့် တစ်နှစ် အတွက် ကျပ် ၁၀.၅၈၃ သန်း ထည့်သွင်းတွက်ချက် တောင်းခံထားပြီး လက်ရှိအခြေအနေတွင် အငြိမ်းစားပင်စင်စီမံချက်၌ ဝန်ထမ်း ၁၀၇ ဦး ထည့်ဝင်စုဆောင်းလျက်ရှိပါသည်။

၁၄၅။ ကော်မရှင်ရုံးဝန်ထမ်းများ အငြိမ်းစားပင်စင်စီမံချက်ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ဧပြီလမှစတင်၍ ဝန်ထမ်းများ လစာ၏ ၃ % နှင့် ကော်မရှင် ထောက်ပံ့ရန်ပုံငွေမှ ၃% ဖြင့် လစဉ်စုဆောင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နုတ်ထွက်၊ အငြိမ်းစား၊ သေဆုံး ဝန်ထမ်းများကို ပင်စင်ထုတ်ပေးခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအထိ လက်ရှိစုဆောင်းငွေမှာ ကျပ်သန်း ၁၃၀.၅၉၉ ဖြစ်ပါသည်။

**ကော်မရှင်ရုံးဝန်ထမ်းများ လူမှုဖူလုံရေးစနစ်သို့ ဝင်ရောက်ခြင်း**

၁၄၆။ ဝန်ထမ်းများ၏ သဘောဆန္ဒနှင့်အညီ လူမှုဖူလုံရေး ထည့်ဝင်ကြေး ပေးသွင်းရန်ကိစ္စနှင့် စပ်လျဉ်း၍ ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၄/၂၀၁၅) ဆုံးဖြတ်ချက်အရ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာ ခွင့်ပြုချက်ရရှိသဖြင့် ၂၀၁၅ ခုနှစ်၊ မေလ မှစတင်၍ ဝန်ထမ်းများလစာ၏ ၂ % နှင့် ကော်မရှင် ထောက်ပံ့ငွေမှ ၃ % စုစုပေါင်း ၅ % ကို လစဉ်ထည့်ဝင် စုဆောင်းခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ငွေတိုက်ဦးစီးဌာနမှ ခွင့်ပြုသော ကော်မရှင် ထောက်ပံ့ရန်ပုံငွေတွင် လူမှုဖူလုံရေး ထည့်ဝင်ငွေကို ပါဝင်ခွင့်ပြုခဲ့ပါ

သည်။ ၂၀၂၅ - ၂၀၂၆ ခု၊ ဘဏ္ဍာနှစ် လူမှုဖူလုံရေး ထည့်ဝင်ကြေးအတွက် ခွင့်ပြုငွေမှာ ၄.၇၄၁ သန်းဖြစ်ပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ဝန်ထမ်း ၂၀ ဦးသည် လူမှုဖူလုံရေး အကျုံးဝင်လျက် ရှိပါသည်။

**ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် အသိပညာမျှဝေသည့် အစီအစဉ်များ ဆောင်ရွက်ခြင်း**

၁၄၇။ ကော်မရှင်ရုံး ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် အသိပညာ မျှဝေသည့် အစီအစဉ်များကို အောက်ပါအတိုင်း ကျင်းပပြုလုပ်ခဲ့ပါသည်-

| စဉ် | ရက်စွဲ | ပို့ချသူ/ဌာန | ပို့ချသည့် အကြောင်းအရာ |
|---|---|---|---|
| ၁ | ၁၇-၃-၂၀၂၅ | အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ဦးတင်အောင်နှင့် ဦးဝင်းလှိုင်ဦး (မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်) | ခေါင်းဆောင်မှုမြှင့်တင်ရေးနှင့် အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း |
| ၂ | ၃၀-၆-၂၀၂၅ | သတင်းမီဒီယာကောင်စီ တာဝန်ရှိသူများ | နိုင်ငံတော်နှင့် သတင်းမီဒီယာ၏ အခန်းကဏ္ဍနှင့် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ Digital နှင့် မီဒီယာအကြောင်း ရှင်းလင်းခြင်း |
| ၃ | ၂၂-၇-၂၀၂၅ | ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ တာဝန်ရှိသူများ | မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) သရုပ်ပြ ရှင်းလင်းခြင်း |
| ၄ | ၁၅-၈-၂၀၂၅ | အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်၊ ဦးတင်အောင် (မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်) | ဥပဒေဆိုင်ရာ သိကောင်းစရာများ |
| ၅ | ၁၉-၈-၂၀၂၅ | ဦးသူရကျော်၊ ညွှန်ကြားရေးမှူး (မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး) | ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ လက်ခံရရှိခဲ့သော တိုင်ကြားစာများအပေါ် သုံးသပ်ချက် အစီရင်ခံစာ ရှင်းလင်းတင်ပြခြင်း |
| ၆ | ၂၅-၉-၂၀၂၅ | အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများ | အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ |

## ကော်မရှင်ရုံး ဝန်ထမ်းများအတွက် အခြေခံရုံးလုပ်ငန်း ဖွင့်လှစ်ပို့ချခြင်း

၁၄၈။ ရုံးလုပ်ငန်းများကို သိရှိနားလည်စေရန်နှင့် လုပ်ငန်းများ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ကော်မရှင်ရုံးရှိ အရာထမ်း၊ အမှုထမ်းများအတွက် အခြေခံရုံးလုပ်ငန်းသင်တန်း (ပထမအကြိမ်) ကို ၁၈-၃-၂၀၂၅ ရက်နေ့မှ ၂၂-၃-၂၀၂၅ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပြီး (ဒုတိယအကြိမ်) ကို ၁၄-၇-၂၀၂၅ ရက်နေ့မှ ၁၈-၇-၂၀၂၅ ရက်နေ့ထိ ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါသင်တန်းများတွင် သင်တန်းနည်းပြများအဖြစ် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများက ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေမည့် ဘာသာရပ်များကို ပို့ချခဲ့ပြီး ကော်မရှင်ရုံးရှိ အရာထမ်း၊ အမှုထမ်း (၃၀) ဦး တက်ရောက်ခဲ့ကြပါသည်။

## ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ဆောင်ရွက်ခြင်း

၁၄၉။ ကော်မရှင်၏ လုပ်ငန်းစီမံချက် (၂၀၂၅ ခုနှစ်) ၏ ရည်မှန်းချက်ပန်းတိုင် (၆) ပါ ကော်မရှင်ရုံးရှိ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဆန်အိတ်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ပေးထားသော ကုမ္ပဏီလီမိတက်မှ စားသုံးဆီများအားလည်းကောင်း သက်သာသော နှုန်းထားဖြင့် လစဉ်ဝယ်ယူ၍ ဝန်ထမ်းများအား ဖြန့်ဝေပေးလျက်ရှိပါသည်။

## ကော်မရှင်ရုံး မော်တော်ယာဉ်များ ကြံ့ခိုင်မှုစစ်ဆေးခြင်း

၁၅၀။ ကော်မရှင်ရုံး၊ စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနမှ ဌာနတာဝန်ခံ ညွှန်ကြားရေးမှူး ဦးရဲနောင်လွင် ဦးဆောင်၍ အဖွဲ့ဝင် (၅) ဦး ပါဝင်သော မော်တော်ယာဉ် ကြံ့ခိုင်မှု စစ်ဆေးရေးအဖွဲ့သည် ၁၆-၇-၂၀၂၅ ရက်နေ့တွင် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်မှ ညွှန်ကြားရေးမှူး အဆင့်အထိ ဦးစီးယာဉ်များကိုလည်းကောင်း၊ ၁၇-၇-၂၀၂၅ ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူး ဦးစီးယာဉ်များနှင့် အုပ်ချုပ်မှုယာဉ်များကိုလည်းကောင်း ယာဉ်တစ်စီးချင်းအလိုက် မော်တော်ယာဉ်ကြံ့ခိုင်မှုကို အသေးစိတ် စစ်ဆေးခဲ့ပါသည်။

## အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များ

၁၅၁။ ကော်မရှင်တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit -CPU) ကို ဖွဲ့စည်းထားရှိပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) ၏ အစီရင်ခံစာကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တို့သို့ လစဉ်ပေးပို့တင်ပြလျက်ရှိပြီး ၂၀၂၅ ခုနှစ်အတွင်း အစည်းအဝေး (၁) ကြိမ် ပြုလုပ်ခဲ့ပါသည်။

၁၅၂။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့ပူးပေါင်း၍ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် အဂတိလိုက်စားမှု

တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး ဟောပြောပွဲကို ၂၅-၉-၂၀၂၅ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါဟောပြောပွဲအပြီးတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းနှင့် ကော်မရှင်၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) တို့ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

**Desk Officer များ တာဝန်ပေးအပ်ခြင်း**

၁၅၃။ ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်း များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကလေးသူငယ်အခွင့်အရေး၊ မသန်စွမ်းသူ များ၏ အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေး၊ စီးပွားရေး လုပ်ငန်းများနှင့် လူ့အခွင့်အရေးဘာသာရပ်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဘာသာရပ်များနှင့် စပ်လျဉ်းသည့် Desk Officer များကို တာဝန်ပေးအပ်ထားပြီး အဆိုပါ Desk Officer များမှ ဘာသာရပ်အလိုက် လေ့လာ၍ အချက်အလက်များ စုစည်းပြုစုလျက်ရှိပါသည်။

**Desk Officer များ တာဝန်ပေးအပ်မှု**

| စဉ် | အမည် | ရာထူး | တာဝန် |
|---|---|---|---|
| ၁ | ဒေါ်တင်တင်ခိုင် | လက်ထောက်ညွှန်ကြားရေးမှူး | Business and Human Rights |
| ၂ | ဒေါ်ဇင်မင်းသက်လွင် | လက်ထောက်ညွှန်ကြားရေးမှူး | Person with Disabilities Rights |
| ၃ | ဒေါ်အေးစန္ဒာမြင့် | လက်ထောက်ညွှန်ကြားရေးမှူး | Child Rights |
| ၄ | ဒေါ်မို့မို့အောင် | လက်ထောက်ညွှန်ကြားရေးမှူး | Women Rights |
| ၅ | ဦးကောင်းခန့်ပြည့် | လက်ထောက်ညွှန်ကြားရေးမှူး | Trafficking in Person |
| ၆ | ဒေါ်ပြည့်ဖြိုးကြည် | ဦးစီးအရာရှိ | Old Age Rights |

**ပြန်တမ်းစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း**

၁၅၄။ ကော်မရှင်၏ အုပ်ချုပ်မှုသုံးနှင့် လုပ်ငန်းသုံးမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ကြီးယန္တရားများ၊ ရုံးသုံးစက်ပစ္စည်းများ၊ အခြားစက်ပစ္စည်းကိရိယာများနှင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအား စာရင်းတိကျ မှန်ကန်စေရေးအတွက် ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင် ၂၀-၆-၂၀၂၅ ရက်နေ့မှ ၂၄-၆-၂၀၂၅ ရက်နေ့အထိ တိုက်ဆိုင်စစ်ဆေးမှု ခံယူခဲ့ပါသည်။

**အခမ်းအနားများ ဆောင်ရွက်မှု**

၁၅၅။ ၂၀၂၅ ခုနှစ်အတွင်း ကော်မရှင်မှ ဆောင်ရွက်ခဲ့သော အခမ်းအနားများနှင့် နိုင်ငံတော်မှ ကျင်းပသော အခမ်းအနားများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ရက်စွဲ | အကြောင်းအရာ | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၁ | ၁၄-၂-၂၀၂၅ | မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ | ကော်မရှင်ရုံးချုပ် |
| ၂ | ၁၃-၃-၂၀၂၅ | ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်များအား လှူဖွယ် ပစ္စည်း/ ဝတ္တုငွေ များ လောင်းလှူခြင်း | နေပြည်တော် |
| ၃ | ၂၄-၃-၂၀၂၅ | သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲ | နေပြည်တော် |
| ၄ | ၁၁-၄-၂၀၂၅ | ၁၃၈၆ ခုနှစ်၊ မြန်မာ့ရိုးရာအတာသင်္ကြန် အကြို အခမ်းအနား | ကော်မရှင်ရုံးချုပ် |
| ၅ | ၁၇-၄-၂၀၂၄ | နှစ်သစ်ကူး ပရိတ်တရားတော်နာယူခြင်း | ကော်မရှင်ရုံးချုပ် |
| ၆ | ၆-၆-၂၀၂၅ | ဝန်ထမ်းများ၏ အခြေခံပညာ ကျောင်းနေ အရွယ် သား၊ သမီးများအား ကျောင်းသုံး စာရေးကိရိယာများနှင့် ကျောင်း အသုံး အဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား | ကော်မရှင်ရုံးချုပ် |
| ၇ | ၁၆-၇-၂၀၂၅ | ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား | ကော်မရှင်ရုံးချုပ် |
| ၈ | ၅-၉-၂၀၂၅ | ကော်မရှင် ၁၄ နှစ်မြောက် နှစ်ပတ်လည် အခမ်းအနား | ကော်မရှင်ရုံးချုပ် |
| ၉ | ၃၁-၁၂-၂၀၂၅ | နှစ်သစ်ကူးအကြို အခမ်းအနား | ကော်မရှင်ရုံးချုပ် |

**အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနား ကျင်းပခြင်း**

၁၅၆။ (၇၇) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားကို ၁၀-၁၂-၂၀၂၅ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို - ၁ ၌ ကျင်းပခဲ့ ပါသည်။ အခမ်းအနားသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ

တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

၁၅၇။ အခမ်းအနားတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ကော်မရှင်၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပါသည်။ ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ပေးပို့သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ သဝဏ်လွှာကို ဖတ်ကြား၍ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် Video Clip ကို ပြသခဲ့ပါသည်။ ယင်းနောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးအား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌက ဂုဏ်ပြုအမှတ်တရလက်ဆောင် လက်ရောက်ပေးအပ်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "အားလုံးအတွက် လူ့အခွင့်အရေး" သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ပါသည်။

၁၅၈။ ထို့နောက် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးသည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ ခင်းကျင်းပြသထားသော လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။ အခမ်းအနားတွင် တက်ရောက်လာသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များအား ကော်မရှင်မှ ထုတ်ဝေသော လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာပေများအား ဖြန့်ဝေပေးအပ်ခဲ့ပါသည်။

## မန္တလေးငလျင်ကြီးကြောင့် နေပြည်တော် (ရုံးခွဲ) အဆောက်အဦ ပျက်စီးဆုံးရှုံးမှုများအပေါ် စီမံဆောင်ရွက်ခဲ့မှု

၁၅၉။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော ရစ်စတာစကေး ၇.၇ ရှိ အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် နေပြည်တော် (ရုံးခွဲ) အဆောက်အဦ ထိခိုက်ပျက်စီးခဲ့ပြီး ဘေးအန္တရာယ်အဆင့်သတ်မှတ်ချက်အရ အပြာရောင်အဆင့်ဖြစ်ကြောင်း အဆောက်အဦများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ (တည်/ကော်) မှ အကြောင်းကြားခဲ့မှုအပေါ် တည်/ကော်မှ တာဝန်ခွဲဝေပေးထားသည့် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အင်ဂျင်နီယာဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွေးဦး ဦးဆောင်သောအဖွဲ့မှ နေပြည်တော် (ရုံးခွဲ) ပြင်ဆင်မှုခန့်မှန်းကုန်ကျစရိတ် တွက်ချက်ပေးခဲ့ပြီး ပြင်ဆင်ရေးလုပ်ငန်းများအား တည်/ကော်မှ တာဝန်ပေးအပ်သော TZTM ဆောက်လုပ်ရေး ကုမ္ပဏီက ငွေကျပ် ၂၁.၇၄၆ သန်းဖြင့် ၁၅-၆-၂၀၂၅ ရက်နေ့တွင် စတင်ပြင်ဆင်ခဲ့ရာ ၃၀-၇-၂၀၂၅ ရက်နေ့တွင် ပြင်ဆင်ပြီးစီးခဲ့ပါသည်။

## မန္တလေးလျောင်ဒဏ်သင့် ကော်မရှင်ရုံးဝန်ထမ်းများနှင့် ပြည်သူများအား ကူညီထောက်ပံ့ခြင်း

၁၆၀။ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်သည် ၁၃-၅-၂၀၂၅ ရက်နေ့တွင် ကော်မရှင်ရုံး၊ မန္တလေး (ရုံးခွဲ) သို့ သွားရောက်၍ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၌ လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြောင့် မန္တလေး (ရုံးခွဲ) ရုံးအဆောက်အအုံ ထိခိုက်ပျက်စီးခဲ့မှုနှင့်စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးခဲ့ပြီး ရုံးခွဲရှိ ဝန်ထမ်းများအား အားပေးစကားပြောကြားကာ အစားအစာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ပါသည်။

၁၆၁။ ကော်မရှင်အဖွဲ့ဝင် ဦးတင်ကိုကို ဦးစီး၍ ကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်းများ ပါဝင်သော အဖွဲ့သည် ၃-၄-၂၀၂၅ ရက်နေ့မှ ၅-၄-၂၀၂၅ ရက်နေ့ထိ ပြည်ထောင်စုနယ်မြေရှိ ငလျင်ဒဏ်သင့်ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား သွားရောက်ကူညီထောက်ပံ့မှုများ ပြုလုပ်ခဲ့ပါသည်။

**မှတ်တမ်းဓာတ်ပုံများ**



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း



ဆွမ်းဆန်တော် လောင်းလှူပွဲတွင် သွားရောက်လှူဒါန်းခြင်း




မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပခြင်း




ကော်မရှင်ရုံးဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ် သားသမီးများအား
ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်း




မန္တလေးငလျင်ဒဏ်သင့် ပြည်သူများအား ကော်မရှင်မှ ကူညီထောက်ပံ့ခြင်း



မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) သရုပ်ပြရှင်းလင်းခြင်း




(၁၄) နှစ်မြောက် ကော်မရှင် နှစ်ပတ်လည်အခမ်းအနား ကျင်းပခြင်း




အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး ဟောပြောပွဲ ကျင်းပခြင်း




ကော်မရှင်ဥက္ကဋ္ဌ ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနား
တက်ရောက်ခြင်း

## e-Government ဆိုင်ရာ ဆောင်ရွက်ချက်များ

### လုပ်ငန်းတာဝန်များ

၁၆၂။ e-Government ဌာနသည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာ (ICT) အတွက် သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ခြင်း၊ ကော်မရှင်ဌာနအသီးသီး၏ လုပ်ငန်းတာဝန်များကို လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် e-Government စနစ်များ အရှိန်အဟုန် မြှင့်တင်ခြင်း၊ ကော်မရှင်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရာတွင် နည်းပညာပိုင်းဆိုင်ရာ ကူညီပေးခြင်း၊ အခြားဌာနဆိုင်ရာ အသီးသီးမှ အသုံးပြုထားသည့် Multi Platform Application များ တစ်စုတစ်စည်းတည်း ပေါင်းစပ်နိုင်ရန် သက်ဆိုင်ရာဌာန၊ ရုံးတို့နှင့် ချိတ်ဆက်ခြင်း၊ ICT အခြေခံအဆောက်အဦများ အဆင့်မြှင့်တင်ပေးခြင်း၊ Online မှ ထိရောက်ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် e-Service များ အကောင်အထည်ဖော်ခြင်းနှင့် ကော်မရှင်၏ သတင်းအချက်အလက်နှင့် Cyber Security တို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သတင်းအချက်အလက် လုံခြုံမှု အသိပညာပေးခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း အစရှိသည့် e-Government ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

### e-Newsletter ထုတ်ဝေခြင်း

၁၆၃။ ကော်မရှင်၏ လစဉ်ဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေးဆိုင်ရာ သိသင့်သိထိုက်သည့် ဗဟုသုတများ ဖော်ညွှန်းသည့် ဆောင်းပါး၊ ကဗျာနှင့် ကာတွန်းများကို အများပြည်သူ သိရှိနိုင်စေရန် ရည်ရွယ်၍ ကော်မရှင် e-Newsletter ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ လစဉ် ထုတ်ဝေခဲ့ပြီး ကော်မရှင် Website https://mnhrc.org.mm/publication/e- Newsletter တွင် ဖော်ပြလျက်ရှိရာ ၂၀၂၅ ခုနှစ်အတွင်း e-Newsletter (၁၂) စောင်ကို ထုတ်ဝေခဲ့ပါသည်။

### Web Administration ကိစ္စရပ်များ ဆောင်ရွက်ခြင်း

၁၆၄။ ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် သတင်းထုတ်ပြန်ချက်များကို ကော်မရှင် Website ဖြစ်သော https://mnhrc.org.mm မှတစ်ဆင့် အများပြည်သူ သိရှိစေရန် အချိန်နှင့် တစ်ပြေးညီ လွှင့်တင်ခြင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ကော်မရှင် Website ၏ လုံခြုံမှု အဆင့် အတန်း မြှင့်တင်ခြင်းနှင့် စောင့်ကြည့်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာသတင်းများ၊ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာသတင်းများ၊ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ သတင်းများနှင့် စီမံ ရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ သတင်းများကို ကော်မရှင် Website https://mnhrc.org.mm/all-news တွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြလျက်ရှိပါသည်။

၁၆၅။ ကော်မရှင်၏ သတင်းထုတ်ပြန်ချက်များနှင့် ကော်မရှင်၏ ဆောင်ရွက်ချက်သတင်းများကို ကော်မရှင် Website တွင် အောက်ပါအတိုင်း လွှင့်တင်နိုင်ခဲ့ပါသည်-

(က) သတင်းထုတ်ပြန်ချက်များ ၁၇ စောင်

(ခ) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာသတင်းများ ၆၆ ပုဒ်

(ဂ) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာသတင်းများ ၂၃ ပုဒ်

(ဃ) ဥပဒေရေးရာဆိုင်ရာသတင်းများ ၁ ပုဒ်

(င) နိုင်ငံတကာဆက်ဆံရေးဆိုင်ရာသတင်းများ ၃ ပုဒ်

(စ) စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာသတင်းများ ၁၅ ပုဒ်

(ဆ) e-Government ဆိုင်ရာသတင်းများ ၁ ပုဒ်

**Myanmar National Webportal တွင် သတင်းများ ဖော်ပြခြင်း**

၁၆၆။ ကော်မရှင်၏ သတင်းများ၊ ထုတ်ပြန်ချက်များ၊ ကြေညာချက်များ၊ ထုတ်ဝေပြီး စာအုပ်စာနယ်ဇင်းများ၊ ဆောင်းပါးများ၊ ဝန်ထမ်းခေါ်ယူခြင်းကိစ္စရပ်များ၊ တင်ဒါခေါ်ယူခြင်း ကိစ္စရပ်များကို Myanmar National Webportal တွင် အောက်ပါအတိုင်း ဖော်ပြနိုင်ခဲ့ပါသည်-

(က) သတင်းထုတ်ပြန်ချက်များ ၁၇ စောင်

(ခ) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာသတင်းများ ၁ ပုဒ်

(ဂ) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာသတင်းများ ၂၃ ပုဒ်

(ဃ) ဥပဒေရေးရာဆိုင်ရာသတင်းများ ၁ ပုဒ်

(င) နိုင်ငံတကာဆက်ဆံရေးဆိုင်ရာသတင်းများ ၂ ပုဒ်

(စ) စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာသတင်းများ ၁၅ ပုဒ်

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများ တက်ရောက်ခြင်း**

၁၆၇။ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်မီနည်းပညာများ အသုံးပြု၍ ပိုမို အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနက ဖွင့်လှစ်သော သင်တန်းများသို့ ကော်မရှင်ရုံးဝန်ထမ်းများ အောက်ပါအတိုင်း တက်ရောက်ခဲ့ကြပါသည်-

| စဉ် | သင်တန်းအမည် | တက်ရောက်သူ | ရာထူး | ဌာန |
|---|---|---|---|---|
| ၁ | Effective Digital Service Management and IT Governance | ဦးကျော်ထက်စိုး | ညွှန်ကြားရေးမှူး | e-Government ဌာန |
| ၂ | Cloud Administration Essentials | ဦးကျော်ကိုကိုထိုက် | လက်ထောက် ညွှန်ကြားရေးမှူး | e-Government ဌာန |
| ၃ | Python Programming Essentials | ဦးသန့်နေဆု | ဒုတိယလူ့အခွင့် အရေးဦးစီးမှူး | e-Government ဌာန |
| ၄ | Microsoft Office Word 2019 (Online) | ဒေါ်အေးသီတာ | အငယ်တန်း စာရေး | နေပြည်တော် (ရုံးခွဲ) |
| ၅ | Information Security for System Adminstrators (Online) | ဦးကျော်ကိုကိုထိုက် | လက်ထောက် ညွှန်ကြားရေးမှူး | e-Government ဌာန |
| ၆ | AI-Powered Personal Growth (Online) | ဒေါ်ပြည့်ဖြိုးကြည် | ဦးစီးအရာရှိ | e-Government ဌာန |
| ၇ | Microsoft Office PowerPoint (Online) | ဦးရဲထွဋ်ခေါင် | ဦးစီးအရာရှိ | ဥပဒေရေးရာ ဌာန |
| ၈ | Applied AI Tools for Smarter, Secure and Ethical Practices | ဦးသန့်နေဆု | ဒုတိယလူ့အခွင့် အရေးဦးစီးမှူး | e-Government ဌာန |
| ၉ | Applied AI Tools for Smarter, Secure and Ethical Practices | ဒေါ်ဇူးဇူးရတနာ ဆွေ | လက်ထောက် ညွှန်ကြားရေးမှူး | နေပြည်တော် (ရုံးခွဲ) |

**Electronic Document Management System အသုံးပြုခြင်း**

၁၆၈။ ကော်မရှင်နှင့် ဝန်ကြီးဌာနများအကြား အရေးကြီးသော ဆက်သွယ်မှုများကို လျင်မြန်စွာ ပြုလုပ်နိုင်စေရန် Electronic Document Management System ကို အသုံးပြုလျက်ရှိရာ ဝန်ကြီးဌာနများမှ ပေးပို့လာသော Mail များအား သက်ဆိုင်ရာ ကော်မရှင်ရုံးဌာနများသို့ ပြန်လည်ဖြန့်ဝေခြင်းနှင့် ကော်မရှင်မှ အခြားဝန်ကြီးဌာနများသို့ ပေးပို့လိုသည့် Mail များကို လည်း စနစ်တကျ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။

## Learning Management System ရေးဆွဲဆောင်ရွက်ခြင်း

၁၆၉။ လူ့အခွင့်အရေး အသိပညာ မြှင့်တင်ပေးရေးဆိုင်ရာ သင်တန်းများကို Online မှတစ်ဆင့် သင်ခန်းစာ ပို့ချနိုင်ရန်၊ လူ့အခွင့်အရေး ပညာပေးရေးလုပ်ငန်းများကို ထိရောက်စွာ ပံ့ပိုးနိုင်ရန်နှင့် သင်ခန်းစာများ ဝင်ရောက်လေ့လာရာတွင် အဆင်ပြေစွာ လေ့လာနိုင်ရန် Learning Management System -LMS ကို ရေးဆွဲဆောင်ရွက်လျက် ရှိပါသည်။

## နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးဆောင်ရွက်ပေးခြင်း

၁၇၀။ (၇၇) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားတွင် ခင်းကျင်းပြသမည့် ပြခန်းအတွက် ကော်မရှင်ရုံးဌာနများမှ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်း ဓာတ်ပုံများ စုဆောင်း၍ ဒီဇိုင်းရေးဆွဲခြင်း၊ မှတ်တမ်းပြခန်းအတွက် ဒီဇိုင်းများ ရေးဆွဲပြင်ဆင်ခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ပေါ်ပေါက်လာပုံ ဗီဒီယိုပြသခြင်း၊ Backdrop များအတွက် ဒီဇိုင်းများ ရေးဆွဲပြင်ဆင်ခြင်း၊ ဓာတ်ပုံမှတ်တမ်းနှင့် ဗီဒီယိုမှတ်တမ်းများ ရယူခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

၁၇၁။ ကော်မရှင်ရုံးချုပ်နှင့် ကော်မရှင်ရုံးခွဲများတွင် Video Conferencing System များ တပ်ဆင်ထားရှိပြီး ကော်မရှင်ရုံး ဌာနတွင်းနှင့် ပြင်ပအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သော Workshop များ၊ Seminar များ၊ Webinar များ၊ Online Platform အသုံးပြုဆောင်ရွက်ရသည့် အစည်းအဝေးများနှင့် သင်တန်းများအတွက် လိုအပ်သော နည်းပညာ အကူအညီပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၇၂။ ကော်မရှင်ရုံးဌာနအသီးသီးတွင် အသုံးပြုလျက်ရှိသည့် Desktop Computer များနှင့် Laptop Computer များအား Hardware ပြုပြင်ထိန်းသိမ်းခြင်းနှင့် Windows Installation ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး ကော်မရှင်ရုံးဌာနများ၏ Desktop Computer ၈ လုံး၊ Laptop Computer ၁၀ လုံးနှင့် Printer ၄ လုံး တို့အား ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

**မှတ်တမ်းဓာတ်ပုံများ**



LMS လုပ်ငန်းများဆောင်ရွက်နိုင်ရေး IT ကုမ္ပဏီနှင့်တွေ့ဆုံဆွေးနွေးခြင်း



ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ဦးသန့်နေဆု Applied AI Tools for Smarter, Secure and Ethical Practices သင်တန်းသို့ တက်ရောက်ခဲ့ခြင်း




လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုထိုက် Cloud Administration Essentials သင်တန်းသို့ တက်ရောက်ခြင်း




လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇူဇူးရတနာဆွေ Applied Tools for Smarter, Secure and Ethnical Practices သင်တန်းသို့ တက်ရောက်ခြင်း

**နိဂုံး**

၁၇၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ကော်မရှင်၏ ဆောင်ရွက်ချက်များကို အစီရင်ခံ တင်ပြရမည်ဖြစ်ရာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း ကော်မရှင်၏ ဆောင်ရွက်ချက်များကို အစီရင်ခံတင်ပြခြင်းဖြစ်ပါသည်။ လာမည့် ၂၀၂၆ ခုနှစ်အတွက် ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရေးဆွဲထားသည့် လုပ်ငန်းစီမံချက် (၂၀၂၆ ခုနှစ်) နှင့်အညီ ကော်မရှင်၏ လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

အမှတ်(၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
https://mnhrc.org.mm info@mnhrc.org.mm